
ယဉ်ကျေးလိမ္မာ ဗုဒ္ဓသာသနာ
ဆရာတော်အရှင်ဇနိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
Dhammaloka Monastery
2500,Acapulco Dr,Miramar, FL 33023

## မိတ်ဆက် နိဒါန်းစကား

ဘုန်းကြီးတို့ ယခုနေသော အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ မီရမာမြို့၊ အာကာပူ(လ်)ကိုလမ်း၊ အမှတ်(၂၅၀၀)တွင် တည်ရှိသော ဓမ္မာလောကကျောင်းတွင် အပတ်စဉ် စနေနေ့တိုင်း ည(၈)နာရီမှစ၍ လူ ရှင် ရဟန်းတို့ ဘုရားဝတ်တက်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပဋ္ဌာန်းရွတ်ခြင်း၊ မေတ္တာပွားခြင်း၊ တရားဟောခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်းတို့ကို နိစ္စပတ်အမြဲဝတ်ထား၍ ပြုလုပ်ကြရပါသည်။

အားလုံး ပြန်ကြပြီးတစ်နေ့မှာ အသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဦး နှင့် ဦးဖုန်းဆွေ+ဒေါ်ကြည်ကြည်တို့က ကလေးရော၊ လူကြီးပါ လိမ္မာစေမည့် အဆုံးအမစာများ ရေးပေးဘို့လျှောက်ထားပါသည်။ ဒေါက်တာကျော်ဦးက ဆရာတော်က စာစောင်ရေးပါ၊ တပည့်တော်က တတ်နိုင်တဲ့အချိန်မှာ အင်္ဂလိပ်လိုပြန်ပါမည်ဘုရားဟု လျှောက်ထားပါသည်။

ထိုလျှောက်ထားမှု အကြောင်းပြုပြီး ဤယဉ်ကျေးလိမ္မာ ဗုဒ္ဓသာသနာဆိုတဲ့ စာကိုရေးဖြစ်၍ ဒေါက်တာကျော်ဦးကို အထူးပဲကျေးဇူးတင်ကြောင်း ဦးစွာပထမ ပြောကြားလိုပါသည်။ ဤကျမ်းစာငယ်လေးသည် တစ်ဖက်တစ်လမ်းမှ သာသနာတော်ကို တည်တံ့အောင် ပြုပေးနေခြင်းဖြစ်သည်ဟု ယူဆလျှင် ရေးရကျိုးနပ်ပါသည်။

မှန်ပါသည် ဤ ဒီဃနိကာယ် သုတ်ပါထေယျ အဋ္ဌကထာ (၈၂)၌ပင်လျှင် သာသနာတော်ကွယ်ကြောင်း သုံးမျိုးတို့ကို ဟောကြားထားတာ တွေ့ရပါသည်။ ပရိယတ္တိကွယ်ခြင်း၊ ပဋိပတ္တိကွယ်ခြင်း၊ ပဋိဝေဓကွယ်ခြင်းတို့ ပင်ဖြစ်ပါသည်။ ထိုသုံးမျိုးတို့တွင် ပရိယတ်တရားကွယ်လျှင် သာသနာတော်ကွယ်သည် မည်ကြောင်း ပြဆိုထားပါသည်။ ပရိယတ္တိစာပေတို့တွင်လည်း ပဌာန်းအပါအဝင် အဘိဓမ္မာပိဋကမှ စ၍ကွယ်ပါလိမ့်မည်။ ထိုနောက် ယခုရေးသည့် သုတ္တန်ပိဋက ကွယ်ပါလိမ့်မည်။ ထို့နောက် ဝိနည်းပိဋက ကွယ်ပါလိမ့်မည်-လို့ ဟောထားပါသည်။ ဝိနည်းပိဋကဆိုတာ သီလသာသနာတော်ပဲဖြစ်ပါသည်။ နောက်ဆုံး သီလသာသနာပျက်စီးလျှင် သာသနာတော် ကွယ်သွားမှာ ဖြစ်သောကြောင့် အထက်ပါ အဋ္ဌကထာစာမျက်နှာ (၈၃)မှာ **ပဌ္ဌိမကဿ ပန သစ္စပဋိဝေဓတော ပဌ္ဌိမကဿ သီလဘေဒတော ပဌာယ သာသနံ ဩသက္ကိတံနာမ ဟောတိ**-လို့ ဟောကြားထားတာတွေ့ရပါ သည်။ နောက်ဆုံး သစ္စာလေးပါးထိုးထွင်းသိမှု၊ နောက်ဆုံး သီလပျက်စီးမှုမှစ၍ သာသနာတော်ကြီးကွယ်ပ သွားမှာဖြစ်ကြောင်း ဟောကြားထားပါသည်။

ယခု သဂါလသုတ်ကို အခြေခံရေးသားထားအပ်သော ဤကျမ်းငယ်လေးသည်လည်း ဒုစရိုက်တရား များ ရှောင်ရှားလျှက် သုစရိုက်တရားများ ပွားစေရန် ရည်ရွယ်ထားခြင်းကြောင့်

**ဂီဟိ ဝိနယောနာမ** ဆိုတဲ့အတိုင်း လူတို့အတွက် အပြည့်အစုံ လူ့ဝိနည်း လူ့သာသနာတော်ပင်ဖြစ်ပါသည်။ လူရောရှင်ပါ သီလ စင်ကြယ်နေမှုသည် သာသနာတော်ကို အစစ်အမှန် ပြုနေခြင်း ပင်ဖြစ်ကြောင်း သိကြဖို့ပင်ဖြစ်ပါသည်။ သီလစင်ကြယ်လျှင် စိတ် တည်ငြိမ်အေးချမ်းမှု သမာဓိရဖို့ အလွန်လွယ်ကူပါသည်။ စိတ်တည်ငြိမ်မှု သမာဓိရှိလျှင် အကြောင်းအကျိုး အကောင်း အဆိုး အမှားအမှန် ဝေဖန်နိုင်သည့် ဉာဏ်ပညာများ ကြီးပွားတိုး တက်လာမှာဖြစ်ပါသည်။

ဤသို့ သီလ သမာဓိ ပညာသုံးပါး ပြည့်စုံလျှင် ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ရုပ်နာမ်သာရှိ၏ဟု နှလုံးသွင်းလာနိုင်ပါသည်။ ရုပ်နာမ်တွေဟာ ဖြစ်ပြီးလျှင် ပျက်နေတာပဲဟု အာရုံပြုနိုင်လျှင် အပါယ်ပိတ်နိုင်မည့် သောတာပန် စသည်ဖြစ်နိုင်ပါသည်။ ဒါဟာ ဗုဒ္ဓရဲ့ အဆုံးအမကြောင့် ယဉ်ကျေးလိမ္မာသွားခြင်းဖြစ်ပါသည်။

သာသနာတော်ကြီးသည် ပြုပြင်ထိန်းသိမ်းစောင့်ရှောက် သူ ရှိလျှင်ရှိသလောက် တိုးတက်ပါသည်။ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်သူ မရှိလျှင်မရှိသလောက် နိမ့်ကျနိုင်ပါသည်။ ဤ ကဲ့သို့ ဆင်ခြင်စဉ်းစားပြီး မိမိတို့ လက်ထက် သာသနာတော်ကြီး မကွယ်ပရအောင်၊ အဓွန့်ရှည်ကြာ တည့်တံ့အောင် သာသနာ တော်ကြီး၏ အဆုံးအမများကို လိုက်နာကြ၍ ယဉ်ကျေးလိမ္မာသူ များဖြစ်အောင် စောင့်ရှောက်နိုင်ကြပါစေ-ဟု တိုက်တွန်းရင်း

မိတ်ဆက်စကား နိဒါန်းများကို နိဂုံးကမွတ် အဆုံးသတ်လိုက်ပါသတည်း။

**ဆရာတော်အရှင်ဇနိတ**

## ဖတ်စရာမှတ်စရာ မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ယဉ်ကျေးလိမ္မာဖြစ်ပေါ်လာပုံ | ၇ |
| ၂။ | ငါးပါးသီလပျက်စီးသူတို့၏ ဆိုးကျိုးများ | ၂၁ |
| ၃။ | စီးပွားဥစ္စာပျက်စီးကြောင်း (၆)ပါး | ၂၄ |
| ၄။ | အရက် မူးယစ်ဆေးဝါးတို့၏ ဆိုးကျိုးများ | ၂၆ |
| ၅။ | အချိန်အခါမဲ့ သွားလာခြင်းအပြစ်(၆)ပါး | ၂၇ |
| ၆။ | ပွဲလမ်းသဘင်ကြည့်ရှုခြင်းအပြစ်(၆)ပါး | ၂၉ |
| ၇။ | လောင်းကစားခြင်း အပြစ်(၆)ပါး | ၃၁ |
| ၈။ | မိတ်ဆွေယုတ် (၆)ပါး | ၃၁ |
| ၉။ | ပျင်းရိခြင်းအပြစ် (၆)ပါး | ၃၂ |
| ၁၀။ | မိတ်ဆွေအတုများ | ၃၃ |
| ၁၁။ | မိတ်ဆွေအစစ်များ | ၃၇ |
| ၁၂။ | အလောင်းတော်ခြသေ့်မင်းဇာတ် | ၃၉ |
| ၁၃။ | သားသမီးကျင့်ဝတ်များ | ၄၇ |
| ၁၄။ | မိဘကျင့်ဝတ်များ | ၅၂ |

| | | |
|---|---|---|
| ၁၅။ | ကုဋေရှစ်ဆယ်သူဌေးသားဝတ္ထု | ၅၃ |
| ၁၆။ | အနာထပိဏ်သူဌေး၏ သားအကြောင်း | ၅၉ |
| ၁၇။ | တပည့်ကျင့်ဝတ်များ | ၆၃ |
| ၁၈။ | ဆရာ့ကျင့်ဝတ်များ | ၆၄ |
| ၁၉။ | တေလမုဋ္ဌိဇာတ် | ၆၅ |
| ၂၀။ | လင်ယောကျ်ားကျင့်ဝတ်များ | ၆၇ |
| ၂၁။ | ဇနီးမယားကျင့်ဝတ်များ | ၆၈ |
| ၂၂။ | မယား ခုနစ်မျိုး | ၇၅ |
| ၂၃။ | လင်ယောကျ်ား (၈)မျိုး | ၇၆ |
| ၂၄။ | မိတ်ဆွေကျင့်ဝတ်များ | ၇၈ |
| ၂၅။ | အလုပ်ရှင်ကျင့်ဝတ်များ | ၈၁ |
| ၂၆။ | အလုပ်သမားကျင့်ဝတ်များ | ၈၂ |
| ၂၇။ | ဒါယကာတို့ကျင့်ဝတ်များ | ၈၃ |
| ၂၈။ | ရဟန်းတော်တို့ကျင့်ဝတ်များ | ၈၅ |

# ယဉ်ကျေးလိမ္မာ ဗုဒ္ဓသာသနာ

ယဉ်ကျေးလိမ္မာ ဗုဒ္ဓသာသနာဆိုတဲ့ စာအုပ်ကို ဘုန်းကြီးတို့က ဒေါက်တာကျော်ဦးတို့ တောင်းပန်မှုကို အကြောင်းပြုပြီးတော့ ရေးသားဖြစ်ပါတယ်။ ယဉ်ကျေးလိမ္မာ ဗုဒ္ဓသာသနာ-ဆိုတဲ့ စကားအရ မြတ်ဗုဒ္ဓ၏ ဩဝါဒကို လူသားတိုင်းလူသားတိုင်း ဘဝတစ်ခုလုံးရဲ့ ပန်းတိုင်အဖြစ် ရည်ရွယ်ပြီး ဟောခဲ့တာဖြစ်ပါတယ်။

လူသားတိုင်းတို့ရဲ့ ဘဝပန်းတိုင်ဆိုတာ မကောင်းမှုအကုသိုလ် ဒုစရိုက်တရားများကို အမြစ်ပြတ် အောင်ပယ်ရှားနိုင်တဲ့ ဝါဒပဲဖြစ်ပါတယ်။ မကောင်းမှုအကုသိုလ် ဒုစရိုက်တရားများဆိုတာကလည်း အားလုံးပဲ ဗုဒ္ဓဘာသာတိုင်းတို့ သိပြီးသားဖြစ်ပါတယ်။

ဒုစရိုက်က ဆယ်ပါးရှိပါတယ်။ ဒု-ဆိုတာက မကောင်းတာ၊ စရိုက်-ဆိုတာ အကျင့်၊ မကောင်းတဲ့အကျင့် လို့ ဆိုလိုပါတယ်။ မကောင်းတဲ့အကျင့်က ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးဆိုပြီးတော့ ဆယ်ပါး ရှိပါတယ်။ ဒါဒုစရိုက် ဆယ်ပါး။ ဒုစရိုက်ဆယ်ပါးကို အပြန်အားဖြင့် ရှောင်ကြဉ်လိုက်လျှင် သုစရိုက်ဆယ်ပါး ဖြစ်တာပါပဲ။

ဗုဒ္ဓသာသနာတော်ရဲ့ အဆုံးအမဟာ အဲဒီဒုစရိုက်ဆယ်ပါးကို အမြစ်ပြတ်ပယ်ရှားနိုင်ဖို့ပဲ ဖြစ်ပါတယ်။

(က)ကာယဒုစရိုက်သုံးပါးဆိုတာက -

(၁)သူ့အသက်သတ်ခြင်း၊

(၂)သူ့ဥစ္စာခိုးခြင်း၊

(၃)ကာမဂုဏ်တို့၌ ဖောက်ပြားခြင်း ဆိုတဲ့ ကာယကံသုံးပါး။

(ခ)ဝစီဒုစရိုက်လေးပါးဆိုတာကတော့ -

(၁)လိမ်လည်ပြောကြားခြင်း၊

(၂)သူတပါးတို့အချင်းချင်း အချစ်ပျက်အောင် ကုန်းတိုက်ခြင်း၊

(၃)ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာခြင်း၊

(၄)အချီးနှီး အကျိုးမရှိ တဲ့စကားပြောခြင်းဆိုတဲ့ ဝစီကံလေးပါးပါပဲ။

(ဂ)မနောဒုစရိုက်သုံးပါးဆိုတာက -

(၁)အဘိဇ္ဈာ - သူတစ်ပါး စည်းစိမ်ကို မတော်မတရား ကိုယ်ဥစ္စာအဖြစ် ရစေလိုမှု၊

(၂)ဗျာပါဒဆိုတဲ့ သူတစ်ပါး သေကြေပျက်စီးစေလိုမှု၊

(၃)မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူမှားမှု ဒီသုံးပါးဟာ မနောကံသုံးပါးပါပဲ။

ဒီကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးဟာ အကျဉ်းအားဖြင့်ဆိုလို့ရှိရင် ဒုစရိုက်ဆယ်ပါးလို့ဆိုတယ်။ အကျယ်ပွားလျှင်တော့ ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူ ဤလေးဆူ မှတ်

ယူ အတူတူဆိုတဲ့အတိုင်းပဲ ဒုစရိုက် ဆယ်ပါး၊အကျယ် ပွားလိုက်ရင် လေးဆယ်တောင်ရတယ်။ ကိုယ်တိုင်ကျူးလွန်တာဆယ်ပါး၊ သူတစ်ပါးစေခိုင်းတာဆယ်ပါး၊ သွယ်ဝိုက်ပြီးတော့ အားပေးတာဆယ်ပါး၊ ဝမ်းမြောက်တာ ဆယ်ပါးဆိုပြီးတော့ အဲဒါဒုစရိုက်အပြားလေးဆယ်မှတ်နိုင်ပါတယ်။

အဲဒီ ဒုစရိုက်တွေကို ရှောင်လိုက်ရင် သုစရိုက်ဆယ်ပါးဖြစ်ပါတယ်။ သု-ဆိုတာက ကောင်းသော၊ စရိုက်- ဆိုတာက အကျင့်၊ ကောင်းတဲ့အကျင့်ပေါ့။ ကာယကံသုံးပါး ဝစီကံလေးပါး မနောကံသုံးပါး ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်လိုက်လျှင် သုစရိုက်တရားဆယ်ပါးဖြစ်တယ်။ သုစရိုက်ကလည်း ဆယ်ပါးက အကျဉ်းပဲဟာတာ။ အကျယ်ပွားရင် ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူနဲ့ မြောက်လိုက်ရင် သုစရိုက်ကလည်း အပြားလေးဆယ် ဖြစ်ပြီးတော့သွားပါတယ်။ အဲဒီမကောင်းမှု ဒုစရိုက်တရားတွေ အမြစ်ပြတ်ပယ်ရှားရေးဟာ ဗုဒ္ဓရဲ့ဆုံးမသြဝါဒ အစစ်ပဲဖြစ်ပါတယ်။ ဒီဒုစရိုက်တရားတွေ အမြစ်ပြတ်မပယ်နိုင်သေးလျှင်တောင်မှ တစ်စတစ်စနည်းပါးသွားအောင်၊ လောဘ ဒေါသ မောဟ ငြိမ်းအောင် အားထုတ်သင့်ပါတယ်။ လောဘ ဒေါသ မောဟ မငြိမ်းရင်တော့ ဒုစရိုက်တရားတွေကို လွန်ကျူးနေမှာပါပဲ။

အဲဒီလောဘ ဒေါသ မောဟငြိမ်းအောင် ဘယ်နည်းနဲ့ ရှုမှာလဲ။ ဒါနပြုပြီးတော့လည်းပဲ ရှုရပါလိမ့်မယ်။ သီလစောင့်ပြီး တော့လည်းပဲ ရှုရပါလိမ့်မယ်။ ဘာဝနာပွားပြီးတော့လည်းပဲ ပယ်ရပါလိမ့်မယ်။ အထူးအားဖြင့်တော့ ဝိပဿနာဘာဝနာပွား ပြီး ပယ်မှဖြစ်မည့်လုပ်ငန်းတွေပါ။

အဲဒီလို အမြစ်ပြတ် မပယ်နိုင်သေးဘူးဆိုပါက တစ်စ တစ်စ ပါးသွားအောင် အားထုတ်သင့်တယ်။ အားမထုတ်ပဲနဲ့ မိမိ တို့ ငါငါ့ဥစ္စာစသည်ဖြင့် အတ္တလွန်ကဲပြီးတော့ နေတဲ့ဝါဒဖြင့် နေမယ်ဆိုရင် ဒုစရိုက်တရားတွေက ဘယ်တော့မှ ပယ်နိုင်လိမ့် မည်မဟုတ်ပါဘူး။ ဒုစရိုက်တရားတွေ မပယ်နိုင်ဘူးဆိုလို့ရှိရင် ယနေ့ကမ္ဘာမှာဖြစ်နေတဲ့ အခြေအနေတွေဟာ ကြောက်ခမန်း လိလိ ဖြစ်နေပါတယ်။

ယနေ့ကမ္ဘာကြီးရဲ့ အခြေအနေကို ကြည့်မယ်ဆိုရင် အလွန်စိုးရိမ်ဘွယ်ရာကောင်းလောက်အောင် ကြောက်ခမန်း လိလိ ခေတ်ကြီးပဲဆိုတာ အားလုံးပဲ မြင်ကြကြားကြ ကြုံကြရပါ တယ်။ ဘယ်မှာပဲကြည့်ကြည့် စိတ်ချမ်းသာစရာ တစ်ခုမှမရှိဘူး။ သောကရောက်စရာတွေ အနိဋ္ဌာရုံမြင်ကွင်းတွေချည်းပဲ များ သောအားဖြင့် တွေ့ကြုံနေကြရပါတယ်။ ဘယ်မှာတော့ မုန်တိုင်း တွေကျလို့ လူတွေသေကြေပျက်စီးကြတယ်၊ ရွာတွေပျက်စီး ကြတယ်၊ မိုးခေါင်လို့ အသီးအနှံတွေမရဘူး၊ လူတွေကော

တိရစ္ဆာန်တွေပါ အစာပြတ် ရေငတ်ပြီးတော့ သေမတတ်ဖြစ်ကြရတယ်ဆိုတဲ့ သဘာဝဘေးဆိုး ရန်ဆိုးတွေ အမြဲလိုလိုပဲ ကြားသိနေရပါတယ်။

ထို့အပြင်လည်း လူတွေကြောင့်ဖြစ်တဲ့ ကပ်ဆိုးကြီးတွေကလည်း ရှိပါသေးတယ်။ အနုမြူလက်နက်တွေ ဓာတုလက်တွေ၊ အနုမြူထပ်ဖူးတပ်ထားတဲ့ ဒုံးကျည်ကြီးတွေ၊ မိုင်ပေါင်းများစွာ ပြေးနိုင်တဲ့လက်နက်ကြီးတွေ ဒီ လက်နက်အမျိုးမျိုးတွေ လူသတ်လက်နက်ကြီးတွေ အမျိုးမျိုး တည်ထွင်ဖန်တီးပီးတော့ နေကြတယ်။ အချင်းချင်းသတ်ဖြတ်နေကြတာတွေဟာ ကမ္ဘာ့နေရာအနှံ့ တွေ့ရပါတယ်။ ကြီးနိုင်ငယ်ညှင်း ဆိုတာတွေကို နေ့စဉ်လိုလို မျက်မြင်နားကြား တွေ့ကြုံနေကြရပါတယ်။ ဒီလို အဆိုးမြင်ဝါဒတွေဖြစ်နေတာဟာ မိုက်မဲနေတဲ့ အကြမ်းဖက်သမားတွေ များနေလို့ဆိုတာ ထင်ရှားပါတယ်။

ဒီလို ရိုင်းစိုင်းလှတဲ့ လူမိုက်ကြီးများ မတိုးပွားရလေအောင် လူသားတိုင်း လူသားတိုင်းရဲ့ စိတ်နှလုံးကို ယဉ်ကျေးသိမ်မွေ့လိမ္မာသွားအောင် ထိန်းသိမ်းနိုင်တဲ့ နည်းလမ်းများ မရှိဘူးလားလို့ မေးစရာရှိပါတယ်။ အဖြေကတော့ ရှိပါတယ်လို့ပဲ ဖြေရပ့ါမယ်။ ဒီနည်းကတော့ ဘာသာတိုင်း ဘာသာတိုင်းရဲ့ အဆုံးအမတွေဟာလည်း သူ့နည်းသူ့ဟန်နဲ့သူ လူတွေကို

ကောင်းအောင် ဘာသာရေးခေါင်းဆောင်တွေ ဟောခဲ့ကြတာ ပါပဲ။

ဒီနည်းတွေထဲမှာတော့ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမဖြစ်တဲ့ ထေရဝါဒတရားတွေဟာ မယဉ်ကျေးသူများများ ယဉ်ကျေးအောင်၊ မသိမ်မွေ့သူများ သိမ်မွေ့အောင်၊ မလိမ္မာသူများ လိမ္မာအောင် ဆုံးမပေးတဲ့ တရားတွေပဲဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ ထေရဝါဒအဆုံးအမတွေဟာ လူတိုင်းလူတိုင်း စိတ်ထဲမှာ ကိန်းအောင်းနေဖို့ လိုပါလိမ့်မယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေထဲမှာ သုတ်ပါထေယျ ပါဠိတော်မှာ ဟောထားတဲ့ ဂိဟိဝိနယသုတ္တန် တစ်ခုလောက်ကိုပင် လိုက်နာကျင့်သုံးနေပါလျှင် အလွန့်အလွန် ယဉ်ကျေးသိမ်မွေ့တဲ့ လူ့ဘောင်အဖွဲ့အစည်း ကြီးတစ်ခုအဖြစ် ပြောင်းလဲသွားမှာ အမှန်ပင်ဖြစ်ပါလိမ့်မယ်။

လူသားတိုင်း လူသားတိုင်း မိမိတို့ကိုးကွယ်နေကြတဲ့ ဘာသာအလိုက် မိမိတို့ဘဝတိုးတက်ရေးကို အားလုံးပဲ လိုက်နာပြီး ချမှတ်ခဲ့ကြတာချည်းဖြစ်ပါတယ်။ အဘယ့်ကြောင့်လို့ဆိုနိုင်သလဲလို့မေးရင် အမှားနဲ့အမှန်ဟူသမျှကို ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် မဆုံးဖြတ်နိုင်ကြလို့ပါပဲ။ ဒါ့ကြောင့် ဘာသာတရားအားကိုးဖြင့် ဆုံးဖြတ်လုပ်ကိုင် နေကြရတာဖြစ်သောကြောင့် ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တို့လည်းပဲ ထေရဝါဒမြတ်ဗုဒ္ဓရဲ့ အဆုံးအမနည်း

ယူပြီးတော့ အကောင်းအဆိုး အကြောင်းအကျိုး အမှားအမှန် တို့ကို ခွဲခြားသိရှိနေကြရတာဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမဆိုရာမှာလည်းပဲ သင်္ဂါယနာ ခြောက်တန်တင်ခဲ့တဲ့ ထေရဝါဒပိဋကတ်တော်တို့ရဲ့ အဆုံးအမ များကို ဆိုလိုပါတယ်။ အိန္ဒိယနိုင်ငံတော်ကြီးမှာ ဘီစီ ၆ ရာစုနှစ် မှာ ဗုဒ္ဓအဆုံးအမများ စတင်ပေါ် ပေါက်လာခဲ့ကြပါတယ်။ ဘီစီ ၁၂ရာစုလောက်မှာ ပျောက်ကွယ်သွားခဲ့ရပါတယ်။ မြန်မာပြည် ကို ထေရဝါဒ သာသနာတော်ကြီး အသောကမင်းလက်ထက် ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်စဉ်ကစပြီး စတင်ပျံ့နှံ့ ရောက်ရှိလာခဲ့တာ အားလုံးပဲ ဗုဒ္ဓဘာသာမိသားစုတွေ ကြားသိ ကြပြီးဖြစ်ပါလိမ့်မယ်။ ထေရဝါဒသာသနာတော်ကြီး၏ အနှစ် သာရဆိုတာကတော့ အဆောက်အဦးတွေမဟုတ်ပါဘူး။ အနှစ် သာရကတော့ သီလသမာဓိပညာဆိုတဲ့ သိက္ခာသုံးပါးဖြစ် ကြောင်း နောက်ခံသမိုင်းကြောင်းအရ အားလုံး ထင်ရှားလှပါ တယ်။

လူတို့၏ ယဉ်ကျေးသိမ်မွေ့မှုကိုပေးနိုင်တဲ့ တကယ့် တန်ဘိုးကြီးလှတဲ့ အဆုံးအမကတော့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ သာဖြစ်တယ်ဆိုတာ အားလုံးသိဖို့လိုပါတယ်။အဲဒီ သီလ သမာဓိ ပညာဆိုတဲ့အထဲမှာလဲ သီလအဆုံး အမတစ်ပါးမျှ လုံခြုံအောင် ထိန်းနိုင်ကြလျှင်ပင် ကမ္ဘာ့လူသားထုကြီးတစ်ရပ်လုံး ယဉ်ကျေး

လိမ္မာပြီးတော့ ငြိမ်းချမ်းရေးရကြမှာ အမှန်ဖြစ်ပါလိမ့်မယ်။ ကိုယ်ကျင့်တရားများအနက် ဂီဟိဝိနယသုတ္တန်လည်း တစ်ပါး အပါအဝင် ဖြစ်ပါတယ်။

ဂီဟိဝိနယသုတ္တန်ကို မြတ်စွာဘုရား ဘယ်မှာဟောခဲ့သလဲ ရာဇဂြိုဟ်မှာနေစဉ်က ဟောခဲ့တာပါ။ ဗိမ္ဗိသာရမင်း လှူဒါန်းထားတဲ့ ရှဉ့်နက်တို့အား ဘေးမဲ့ပေးပြီး အစာကျွေးရာ ဝေဠုဝန်ကျောင်းတိုက်မှာ နေစဉ်က ဟောခဲ့ပါတယ်။ ဝါးတောကြီးများပေါ၍ ဆယ့်ရှစ်တောင်မြင့်တဲ့ ဝါးရုံကြီးများ ကာရံထားလို့ ဝေဠုဝန်ကျောင်းလို့ ခေါ်တာကတော့ အားလုံးထင်ရှားပါတယ်။ ရှဉ့်နက်တို့ကို မည်သူမျှ မသတ်ရဆိုပြီးတော့ ဘေးမဲ့ပေးပြီး အစာ ကျွေးထားတဲ့ အကြောင်းကို အားလုံးသိသူ နည်းကောင်း နည်းပါလိမ့်မယ်။ ဆရာတော်သံဃာတော်များကတော့ သိပြီးသား ဖြစ်ပါလိမ့်မယ်။

ရှေးတုန်းက ရှင်ဘုရင်တစ်ပါး ဥယျာဉ်ပျော်ပွဲစား ထွက်လာရာ ဒီဝါးတောဥယျာဉ်ကြီးထဲ ရောက်တော့ ကာမဂုဏ် အာရုံမျိုးစုံနဲ့ ပျော်ပါးပြီး ဘုရင်ကြီးဟာ အရက်မူးရင်း အိပ်ပျော်သွားခဲ့ပါတယ်။ ဘုရင်ကြီးရဲ့ အရက်နံ့ရလို့ သစ်ခေါင်းထဲက မြွေဟောက် တစ်ကောင်က မင်းကြီးထံ ဦးတည်လာနေပါသတဲ့။ ရက္ခစိုးနက်ကမြင်တော့ လူမင်းဘုန်းကြီး နတ်မင်းမနေသာ ဆိုသလို မင်းကြီးမသေအောင်ကယ်မယ်လို့ ကြံစည်ကာ ရှဉ့်နက်

ယောင်ဆောင်ပြီး မင်းကြီးနားအရင်းမှာကပ်ပြီး ကျယ်ကျယ်လောင်လောင် စူးစူးဝါးဝါး အော်လိုက်ပါသတဲ့။

ထိုအချိန်မှာ မင်းကြီးလန့်နိုးပြီး သူ့ထံလာနေတဲ့ မြွေဟောက်ကြီး ပြန်ပြေးသွားတာမြင်တော့ အင်း ဒီရှဉ့်နက်ကလေးကယ်ပေလို့သာ ငါ့အသက်ရှင်ရတယ်။ ဒီရှဉ့်နက်ကလေးသည် ငါ့ရဲ့အသက် ကယ်တင်တဲ့ ကျေးဇူးရှင်ပဲဆိုပြီးတော့ ကျေးဇူးဆပ်တဲ့အနေနဲ့ ရှဉ့်နက်များ အပါအဝင် ဥယျာဉ်တွင်းရှိ တိရိစ္ဆာန်များကို ဘေးမဲ့ပေးကာ အစာကျွေးခဲ့လို့ ပါဠိလိုဆိုတော့ ကလန္ဒကနိဝါပ - ရှဉ့်နက်တို့ကို အစာကျွေးရာလို့ ခေါ်ခဲ့ကြောင်း အဋ္ဌကထာမှာ အကျယ်တဝင့်ဖွင့်ပြထားတာ တွေ့ရပါတယ်။

ထိုမြို့မှာ ကုဋေလေးဆယ် ကြွယ်ဝချမ်းသာတဲ့ သောတာပန် သူဌေးကြီးလင်မယားတို့ ရှိခဲ့ကြပါတယ်။ သူတို့မှာလည်း သားလေးတစ်ယောက်ရှိတယ်။ နာမည်က သိဂါလတဲ့။ ပြုံဟ်ကောင်လေးလို့ ဆိုနိုင်ပါတယ်။ မိဘတွေမှာ သားအတွက် စိုးရိမ်မကင်းကြဘူး။ ဆိုဆုံးမလို့လဲ မရဘူး။ သူတို့သားက ဗုဒ္ဓရဲ့ ယဉ်ကျေးမှုနဲ့ ကင်းဝေးနေကြလို့ပါပဲ။ မိဘနှစ်ပါးက ယဉ်ကျေးသိမ်မွေ့ပြီးတော့ သူ့အသက်သတ်ခြင်းစတဲ့ ဒုစရိုက်တွေ မပြုဘဲနဲ့ သောတာပန်တည်လာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေပါ။ သားလေးကတော့ ပြုံဟ်ကောင်လေးလို ဖြစ်ပြီးတော့နေပါတယ်။

ကျောင်းသွားဘုရားဖူး တရားနာလို့ဆိုပေမဲ့ ကျောင်းလည်း မသွားဘူး၊ ဘုရားဖူးလည်း မဖူးဘူး၊ တရားလည်း မနာဘူးဖြစ်နေတော့ မိဘနှစ်ပါးတို့မှာ စိတ်ဆင်းရဲနေကြရတာပါ။ သားကတော့ ပြန်ပြန်ပြောတယ် ကျနော် ဘုရားရှင်နဲ့ သံဃာတော်တွေထံသွားရင် ရှိခိုးရမယ်၊ ရှိခိုးရင် နောက်ကျောနာမယ်၊ ဒူးပွန်းမယ်။ ပုဆစ်ဒူးတွေနာမယ်၊ ကြမ်းတမ်းလာမယ်၊ မြေပေါ်မှာ ကျနော်ထိုင်ရမယ်၊ မြေပေါ်ထိုင်ရယင် အဝတ်တွေ ညစ်နွမ်းပေ ရေကုန်လိမ့်မယ်၊ အနီးကပ်စကား ပြောရတော့မယ်၊ အနီးကပ်စကားပြောရင် အကျွမ်းဝင်တော့မယ်၊ အကျွမ်းဝင်ရင် ကျနော် လှူရတန်းရ ပေးရကမ်းရတော့မယ်။ ဒီလိုဆိုရင် ကျနော့်ရှိတဲ့ ပစ္စည်းတွေ ဆုတ်ယုတ်ကုန်မှာပေါ့။ ဒါ့ကြောင့် ကျုပ်မသွားဘူးလို့ ပြန်ပြီးပြောပါသတဲ့။ ဒီနေ့ခေတ်မှာလည်းပဲ သိင်္ဂါလလိုလူတွေ ရှိကောင်းရှိနိုင်ပါတယ်။ ရှိမရှိဆိုတာကတော့ ကိုယ့်ဟာကိုယ် စဉ်းစားပြီးတော့ ကြည့်ကြပါ။

ဒီလိုနဲ့ သိင်္ဂါလသတိုးသားလေးရဲ့ မိဘနှစ်ပါးသောတာပန်သူဋ္ဌေးကြီးလင်မယားလည်း လက်မှိုင်ချပြီးတော့နေခဲ့ရပါတယ်။ ဒါပေမဲ့ အကြံကတော့ မလျှော့ဘူးပေါ့လေ။ ဆက်လက်ပြီး ကြံနေတုန်းပဲဖြစ်ပါတယ်။ တောက်ဆုံး ဘုရားရှင်နှစ်တကွ တပည့်ရဟန်းတွေနဲ့ တွေ့ပြီး သူ့ကိုတရားဟောလိမ့်မယ်လို့ အတွေးပေါက်ပြီးတော့ ဇရာထောင်းလို့ သေရာ ညောင်

စောင်း လဲလျှောင်းနေတဲ့အချိန်မှာ "သားသား လာပါဦးကွယ်၊ ငါတို့မှာလည်း အားကိုးစရာဆိုလို့ မင်းပဲရှိတယ်။ ငါတို့စကားကို အသက်ထက်ဆုံး သေချာစွာ မှတ်သားပြီးနားထောင်ထားနော်။

အရှေ့အနောက်တောင်မြောက် အထက်အောက်ဆိုတဲ့ အရပ်မျက်နှာများကို အမြဲရှိခိုးပြီး နေရစ်နော် လူလေး-ဆိုပြီး တော့ ဆုံးမစကားပြောပြီးတော့ မိဘနှစ်ပါး သေလွန်သွားကြ တယ်။ မိဘတွေရဲ့ သေခါနီးစကားကို သားသမီးတွေ အသည်း စွဲမှတ်မိတယ်-လို့ ဆိုကြပါတယ်။ သိင်္ဂါလသတို့သားလည်းပဲ အဲဒီစကားလေးတော့ သူမှတ်ပုံရပါတယ်၊ ကြိုက်ပုံလည်းရပါ တယ်။ ဘာပြုလို့လည်း ငွေလည်းမကုန် လူလည်းမပန်း လို့ပေါ့ လေ။ သေခါနီး စကားလေးကိုတော့ အမြဲလိုက်နာမှတ်သားကာ နံနက်စောစောထထပြီးတော့ ဆံပင်ရေစိုကြီးနဲ့ အဝတ်စိုကြီးနဲ့ အရပ်မျက်နှာတို့ကို လှည့်လည်ပြီးတော့ ရှိခိုးနေတယ်လို့ ဆိုပါ တယ်။ ဒါ သေခါနီးစကားကို လိုက်နာကြပုံပါပဲ။

တစ်နေ့တော့ လူတို့ရဲ့ ကျင့်ဝတ်ဖြစ်တဲ့ ဂိဟိဝိနယ သုတ္တန်-လို့ခေါ်တဲ့ လူ့ကျင့်ဝတ်ကို မြတ်စွာဘုရား ဉာဏ်တော် ထဲပေါ်လာလို့ မြို့ထဲသို့ ဆွမ်းခံဝင်ရာ အရပ်မျက်နှာ အသီးသီး တို့ကို ရှိခိုးနေတဲ့ သင်္ဂါလသတိုးသား လေးကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မေးတော်မူပါတယ်။ "မြတ်စွာဘုရား ဖခင်ကြီး သေခါနီးအချိန်မှာ မှာကြားခဲ့လို့ တပည့်တော် အခုလို

ရှိခိုးနေပါတယ်ဘုရား” လို့ ဘုရားကို ပြန်လျှောက်တော့ “အေး ကွာ ရှိခိုးတယ်ဆိုတာ ကောင်းပါတယ် အရိုအသေပေးမှုပေါ့။ ဒါပေမဲ့ မင်းဖခင်က ဒီအရပ်တွေကို ရှိခိုးခိုင်းတာမဟုတ်ဘူးကွ” “ဘယ်အရပ်ကို ပြောတာလဲဘုရား? အမိန့်ရှိမှ တပည့်တော် သိမှာပါဘုရား” လို့ ရိုသေလေးစွာပဲ လျှောက်ထားတော့ သင်္ဂါလ သတိုးသားရဲ့ ရှေးဥပနိဿယပစ္စည်းဆိုတဲ့ ကုသိုလ်ကံ အထောက်အပံ့ ဘုရားရှင်တို့ရဲ့ ဉာဏ်တော်စွမ်းကြောင့် ဘုရား ရှင်က သိင်္ဂါလအား ရှင်းလင်းပြီးတော့ ဒီသုတ္တန်ကို ဟောကြား ခဲ့တာဖြစ်ပါတယ်။

မေးမေးချင်းတော့ အရပ်မျက်နှာတို့ကို အစအဆုံး ဆို သလို မြတ်စွာဘုရား မဟောကြားသေးဘူး။ ဒါလည်းပဲ ဒေသနာ ကုသလလို့ခေါ်တဲ့ တရားဟော ကျွမ်းကျင်လိမ္မာတော်မူတဲ့ ဘုရားရှင်က မင်္ဂလသုတ်စတဲ့ သုတ္တန်တွေမှာ မင်္ဂလာတရား တို့ကိုဟောတုန်းက လူမိုက်ကိုရှောင်ပြီးတော့ ပညာရှိသူတော် ကောင်းကို ပေါင်းရမယ်စသည်ဖြင့် ဟောတော်မူခဲ့သလိုပဲ ဒီ ဂိဟိဝိနယသုတ္တန်မှာလည်းပဲ ရှောင်သင့်တာကို ရှောင်ပြီးတော့ ဆောင်သင့်တာကို ဆောင်ဖို့ ဟောကြားတော်မူလိုသောကြောင့် ရှောင်သင့်တဲ့ မကောင်းမှု (၁၄)ပါးတို့ကို ဦးစွာပထမ အရင်ဟော ကြားတော်မူခဲ့ပါတယ်။

မကောင်းမှု (၁၄)ပါးတို့ကတော့ ယုတ်မာညစ်ညမ်းတဲ့ မကောင်းမှုကံ(၄)ပါး၊ မလိုက်စားသင့် မလိုက်စားထိုက်တဲ့ အဂတိ(၄)ပါး၊ စည်းစိမ်ဥစ္စာပျက်စီးကြောင်း (၆)ပါးတို့ပဲဖြစ်ပါတယ်။ ယုတ်မာညစ်ညမ်းစေတဲ့ မကောင်းတဲ့ကံဆိုတာကတော့ ငါးပါးသီလထဲမှာ ရှေ့ကံလေးပါးတို့ကို ပြောတာပါပဲ။ **သက်သတ်ခိုးမှု၊ ကာမေသုမှား၊ လိမ်လည်ပြား၊ လေးပါးညစ်ညူးကံ**ဆိုတဲ့ အတိုင်း ငါးပါးသီလထဲမှာ ရှေ့လေးပါးဖြစ်တဲ့ အသက်သတ်ခြင်း၊ သူများ ပစ္စည်းခိုးယူခြင်း၊ ကာမဂုဏ်၌ မှားမှားယွင်းယွင်းကျင့်ခြင်း၊ မဟုတ်မမှန် လိမ်ပြောခြင်းတို့ပဲဖြစ်ပါတယ်။ သူရာ မေရယကိုတော့ နောက်၌ စီးပွားပျက်ကြောင်း ဝတ္ထုကာမကို သီးခြားဟောမှာဖြစ်သောကြောင့် ညစ်ညမ်းစေတဲ့ ကံအရာမှာ သူရာမေရယ-ကို ချန်ထားခဲ့ပြီး ဟောပါတယ်လို့ ဋီကာဆရာက ဒီနေရာမှာ ရှင်းလင်းပြောကြားထာ တွေ့ရပါတယ်။

ယုတ်မာညစ်ညမ်းစေတတ်တဲ့ ကံလေးမျိုးတို့သည် အလွန်ကြောက်မက်ဘွယ်ရာဖြစ်ပါတယ်။ ဇာတ်တော်ထဲမှာ ဒိသာပါမောက္ခဆရာတစ်ဦး ဆိတ်ကိုသတ်၍ အလှူဒါနပြုရန် ကြိုးစားဖို့ စီစဉ်နေစဉ် ဆိတ်ကလည်း မိမိဘဝကို ပြန်ပြီးတော့ သိမြင်သဖြင့် ရယ်လည်းရယ်တယ် ငိုလည်းငိုတယ်ဆိုဘဲ။ ဒါနဲ့ ဆိတ်ကိုမေးတော့ ဆိတ်က "အေး ငါလည်းပဲ ဆရာကြီးလို ဆိတ်ကိုသတ်ပြီးတော့ ကျွေးမွေးခဲ့လို့ ဆိတ်မွေးနဲ့အမျှ ငရဲခံရပြီး

ငရဲကလွတ်တော့ ဘဝတိုင်းဘဝတိုင်းပဲ (၄၉၉) ဘဝတိုင်တိုင် ခေါင်းဖြတ်ပြီးတော့ အသတ်ခံခဲ့ရကြောင်း၊ ယနေ့ သေရခြင်းဟာ နောက်ဆုံးဖြစ်၍ သေဘေးကြီးမှ လွတ်တော့မှာဖြစ်လို့ ချမ်းသာရာရမှာမြင်လို့ ဝမ်းသာလို့ရယ်တာဖြစ်ကြောင်း၊ ဒါပေမဲ့လို့ သင်ဆရာကြီးမှာတော့ ငါ့ကိုသတ်ပြန်တော့ ငါကဲ့သို့သောဆင်းရဲဒုက္ခခံရမည်ကို မြင်ပြီးတော့ သနားသောကြောင့် ငိုရခြင်းဖြစ်ကြောင်း ရှင်းပြပါတယ်။

ဆရာကြီးကလည်းပဲ ဆိတ်ကို မသတ်တော့ဘဲ ဘေးမဲ့ပေးထားခဲ့ပါတယ်။ ဒါပေမဲ့လို့ ကံတရားရဲ့ ဆုံးဖြတ်ချက်အတိုင်းပေါ့လေ တစ်နေ့မှာ မိုးကြိုးပစ်လို့ သေရကြောင်း ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားထားပါတယ်။ အဲဒီလိုလဲ ဟောလိုက်ရော လူအများတို့ အသက်သတ်ခြင်းမှ သက်ဆုံးတိုင်ရှောင်ကြဉ်သွားကြကြောင်း မတကဘတ္တ ဇာတ်တော်မှာ ဟောကြားထားတာတွေ့ရပါတယ်။ ဒို့ကြောင့် ဒီကံလေးပါးတို့ကို ကျူးလွန်ပါက မကောင်းတဲ့အကျိုးတွေ ပေးမှာဖြစ်လို့ ရှောင်ကြဉ်သင့်တဲ့ ညစ်ညူးတဲ့ကံများလို့ မြတ်ဗုဒ္ဓက အမည်တပ်ဟောခဲ့တာဖြစ်ပါတယ်။

အသက်သတ်ခြင်းရဲ့ ဆိုးပြစ်များကို ချမ်းမြေ့ဆရာတော်ကြီး၏ ကဗျာလင်္ကာလေးအတိုင်းပဲ တိုတို မှတ်ထားကြပါ။

ညှင်းဆဲသတ်ဖြတ် သက်တိုတတ်၏၊
များလတ်ရောဂါ မကျန်းမာဘူး၊
အင်္ဂါချို့ယွင်း ဖောက်ပြန်ခြင်းကြောင့်၊
ရုပ်ဆင်းမလှ ချိုးမကျဘဲ၊
ကွဲရချစ်သူ၊ မုန်းသူပေါ်များ၊
ကြောက်စိတ်များ၏၊ ကြီးမားစိုးပူ၊
နှိပ်စက်သူနှင့်၊ ရန်သူလည်းများ၊
ဆုတ်အင်အားနှင့် သူများသတ်ဖြတ်၊
သေရတတ်၏ သေလတ်ပြီးခါ၊
ပါယ်လေးရွာ ရောက်ရာလမ်းကြောင်းတည်း၊

ဆိုတဲ့အတိုင်းပဲ သဘောပေါက် သိလွယ်နိုင်ပါတယ်။ ကောင်းကျိုးများရရန် အတွက်ကိုတော့ ဒီလက္ခဏာ ကို ပြောင်းပြန် ယူလိုက်လျှင် ထိုမှအပြန်အားဖြင့် ကောင်းကျိုးများ ရလိမ့်မယ်လို့ ဟောကြားထား ခဲ့ပါတယ်။

ခိုးမှုရဲ့ ညစ်ညူးတဲ့ အပြစ်များကတော့ -

သူများဥစ္စာ ခိုးယူပါမူ၊
လေးဖြာအပါယ်၊ သူ၏နယ်တည်း၊
အကယ်၍များ လူဖြစ်ငြားမူ၊
ရှားပါးဥစ္စာ ရခဲစွာမို့၊
မွဲပြာဆင်းရဲ ရလည်းကြာရှည်

မတည်ပျောက်ပျက် မင်းနိပ်စက်၍၊
စိတ်လက်မရွှင်၊ လိုအင်မပြည့်
ဆင်းရဲဘိ ရဇ၏ဆိုးကျိုး များစွာတည်း-လို့
ဆိုထားပါတယ်။
ထိုမှပြန်သောအားဖြင့် ကောင်းကျိုးကို သိဖို့ပါပဲ။

ကာမဂုဏ်များများယွင်းကျင့်သူရဲ့ ညစ်ညူးတဲ့ ကံရဲ့ ဆိုးပြစ်များကိုလည်း

သူ့လင်သူ့မယား၊ မရှောင်ရှားပဲ၊
ပြစ်မှားလေသူ ထိုသည့်သူကား၊
ရန်သူပေါများ၊ ချစ်သူရှား၏၊
ယောက်ျား မပီ၊ မ-မပီဘဲ၊
မကြည် ဣန္ဒြေ၊ ကျက်သရေမရှိ၊
ဟီရိမကပ်၊ ဩတ္တပ်ကင်းကွာ၊
အင်္ဂါချို့တဲ့၊ ရှိန်စော်မဲ့၍၊
ချို့တဲ့ ဥစ္စာ၊ ဆင်းရဲရှာ၏၊
ကွဲကွာချစ်သူ၊ သောကဆူလျှက်၊
စိတ်ပူပြင်းပြ၊ စိုးကြောင့်ကြနှင့်၊
လားရဒုဂ္ဂတိ၊ ဆင်းရဲဘိ၊

ရှေ၏ဆိုးကျိုး များစွာတည်း - လို့ဆိုတဲ့ ကာမေသု မိစ္ဆာစာရကံရဲ့ ဆိုးကျိုးများကို သိဖို့ပါပဲ။ ကောင်းကျိုးများက တော့ ထိုမှအပြန်အားဖြင့် သိဖို့ဖြစ်ပါတယ်။

မဟုတ်မမှန် လုပ်ကြံပြောခြင်းရဲ့ အပြစ်ဆိုး ကျိုးများကို လည်းပဲ

မုသာဝါဒီ ထိုသူသည်ကား၊
ပလီပလာ သစ္စာမတည်၊
ပြောတတ်သည်မို့ မပီစကား၊
မညီသွားနှင့်၊ ပုတ်ပြားပါးစပ်၊
ကိုယ်ခြောက်ကပ်လျက်၊ ညစ်ထပ် ဣန္ဒြေ၊
ကိုယ်ရေမလှ၊ ဩဇာကျလျက်၊
နှုတ်ကကြမ်းထော်၊ စိတ်လျှပ်ပေါ်၍၊
သေသော်ဒုဂ္ဂတိ၊ လားရဘိ၊ ရှေ၏ ဆိုးကျိုးများစွာတည်း
ဆိုတဲ့အတိုင်း သိဖို့ပါပဲ။

အဓိပ္ပါယ်ကို သိလောက်သဖြင့် အကျယ်မရှင်းခဲ့တော့ ပါဘူး။ ရှောင်ကြဉ်ခြင်း၏ အကျိုးများကိုလည်း ထိုမှပြန်သော အားဖြင့် ပြောင်းပြန်လှန်ပြီးတော့ ကောင်းကျိုးတွေကို သိဖို့ဖြစ် ပါတယ်။

အဂတိလေးပါး လိုက်စားပြီးတော့ မကောင်းမှု ပြု ကြောင်းလေးပါးတို့ကတော့ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာ ဂတိ၊ ဘယာဂတိတို့ပါပဲ။ ဆန္ဒာဂတိဆိုတာ ချစ်၍ မျက်နှာလိုက် ပြီးတော့ မကောင်းမှုပြုခြင်း၊ ဒေါသာ ဂတိဆိုတာ မုန်း၍မကောင်း မှုပြုခြင်း၊ မောဟာဂတိဆိုတာ မသိ၍ မကောင်းမှုပြုခြင်း၊ ဘယာ ဂတိဆိုတာ ကြောက်၍ မကောင်းမှုပြုခြင်းဆိုတဲ့ အဂတိတရား လေးပါးတို့ပါပဲ။

ဒီအဂတိလေးပါးတို့ကို လိုက်စားပြုလုပ်လျှင် အထက်ပါ ဆိုခဲ့ပြီးတဲ့ ညစ်ညူးတဲ့ကံလေးပါးခေါ်တဲ့ သူများ အသက်သတ် ခြင်း သူများဥစ္စာခိုးခြင်း၊ သူများကာမစော်ကားခြင်း၊ လိမ်လည် ခြင်းဆိုတဲ့ ညစ်ညူးတဲ့ကံလေးပါး လာတော့မှာအမှန်ဖြစ်ပါတယ်။ ဤသို့ အဂတိလိုက်ပြီး အကုသိုလ်ပြုမယ်ဆိုလို့ရှိရင် လဆုပ်ပက္ခ လပမာ ခုရောနောင်ပါ စည်းစိမ်ဥစ္စအခြံအရံများ ပျက်စီး ဆုတ်ယုတ်တတ်ပုံကို ဟောကြားခဲ့ပါတယ်။ အဂတိလေးပါး မလိုက် စားဘဲ မှန်မှန်ကန်ကန် တိတိကျကျ တရားဆုံးဖြတ်ခဲ့ လျှင်တော့ လဆန်းပက္ခထွက်ပေါ်နေတဲ့လပမာ တစ်နေ့တစ်ခြား ခုရောနောင်ပါ စည်းစိမ်ဥစ္စာအခြံအရံများ ပေါများပြည့်စုံနိုင်ပုံကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူခဲ့ပါတယ်။

စည်းပွားဥစ္စာပျက်စီးခြင်း ခြောက်ပါးတို့ဆိုတာကတော့ **"သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငွဲ့သဘင်၊ ပျော်ရွှင်**

**အံလောင်း၊ မကောင်းမိတ်ဖျဉ်း၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း**"-လို့ ဆိုတဲ့အတိုင်း

(၁)မူးယစ်ဆေး သုံးစွဲ ခြင်း။
(၂)အချိန်အခါမဲ့ သွားလာခြင်း၊
(၃)ပွဲလမ်းသဘင် ကြည့်ရှု ခြင်း၊
(၄)လောင်းကစားပြုလုပ်ခြင်း၊
(၅)မိတ်ဆွေယုတ်ကို ပေါင်းသင်းခြင်း၊
(၆)ပျင်းရိခြင်းဆိုတဲ့ ခြောက်ပါးတို့ဟာ
ဥစ္စာပျက်စီးကြောင်း ခြောက်ပါးတို့ပဲဖြစ်ပါ တယ်။

ဤဆိုခဲ့ပြီးတဲ့ မကောင်းမှု ဆယ့်လေးပါးတို့တွင် ကံလေးပါးနှင့် အဂတိလေးပါးတို့ကတော့ အားလုံးပဲ သိသာထင်ရှားလှပါတယ်။ စီးပွားပျက်ကြောင်း ခြောက်ပါးတို့ထဲမှ မူးယစ်ဆေးသုံးစွဲခြင်း၏ အပြစ်ခြောက်ပါးတို့ကို ထပ်ဆင့်ပြီးတော့ အကျယ်ဝေဘန်ပြီး မြတ်စွာဘုရား ဟောတော်မူပြန်ပါတယ်။

မှန်ပါတယ် ဇာတော်ထဲမှာ အရက်သမား သားလေး အပေါ် သံယောဇဉ်ကြီးလွန်းလို့ သနားသဖြင့် အဖေ သကြားကလာပြီး ကုစ္ဆာသယရွှေအိုးကြီး ပေးခဲ့ဘူးကြောင်း၊ ဒါပေမဲ့ တစ်နေ့မှာ အရက်မူးပြီးတော့ မိုးပေါ်မြှောက်ပြီးကစားရာ ကျကွဲသွားသဖြင့် မွဲမြဲပင် ပြန်မွဲသွားကြောင်း ပါရှိပါတယ်။ ဒါကြောင့်

အရက်သည် စည်းစိမ် ပျက်စီးကြောင်း ဖြစ်ရုံမက မကောင်းမှု အကုသိုလ် ဒုစရိုက်တို့၏ အခြေခံလည်း ဖြစ်ကြောင်းသိဖို့ပါပဲ။

ဒါ့ကြောင့် သူရာမေရယသုံးစွဲမှုရဲ့ အလွန်မတန်ကြီး လေးတဲ့ ပြစ်မှုကြီးခြောက်ပါးရှိပါတယ်။ စီးပွားဥစ္စာ ဆုတ်ယုတ် ပျက်ပြား ကုန်ခမ်းနိုင်ခြင်း၊ ခိုက်ရန်ဒေါသ ဖြစ်ပွားလွယ်ခြင်း၊ အနာရောဂါများခြင်း၊ အခြံအရံအကျော် အစောကင်းမဲ့ခြင်း၊ ကွယ်ဝှက်အပ်သော အင်္ဂါတို့ကို ဖော်ပြတတ်ခြင်း၊ ပညာဉာဏ် အားနည်းခြင်းဆိုတဲ့ အပြစ်တို့သည် အရက်သေစာ မူးယစ်ဆေး ဝါး သုံးစွဲသူများ ရနိုင်တဲ့အပြစ်တို့ဆိုတာ မှတ်ဖို့ပါပဲ။

အရက်သေစာ သောက်စားခြင်းအားဖြင့် ရနိုင်တဲ့ ဆိုးပြစ်ဆိုးကျိုးတို့ကတော့ "**အရက်သေစာ၊ သောက်စားပါမူ၊ ရောဂါလည်းများ၊ ခိုက်ရန်ပွား၍၊ စီးပွားလည်းပျက်၊ နာမည်ပျက်၏၊ ကြောက်ရက်မဲ့ကင်း၊ သတိကင်းလျှက်၊ လုပ်ခင်းဆောင်တာ၊ မေ့လျော့ကာဖြင့်၊ ပညာလည်းမဲ့၊ ဉာဏ်နုံ့နဲ့၍၊ ကင်းမဲ့ဆင်ခြင်၊ မြော်မြင်မရှိ၊ ပြုမိပြုရာ ပြုတတ်စွာ၏။ ဝါစာဖရု၊ ပိသု မုသာ၊ ထင်ရာပြောကြား၊ သမီးသားလည်း၊ စိတ်ထားမတည်၊ ဟိရီမကပ်၊ ဩတ္တပ်မယှဉ်၊ ကတညုတ၊ ကတဝေဒီ၊ မသိတတ်ငြား၊ ဇိုးသမားသည်၊ လေးပါးအပါယ်ရောက်ကြောင်းတည်း**"လို့ ဆိုတဲ့အတိုင်း ဒါသူရာမေရယကံရဲ့ ဆိုးကျိုးအပြစ်တို့ကို သိထား ဖို့ပါပဲ။

အချိန်အခါမဲ့ သွားလာနေထိုင်ခြင်းရဲ့ အပြစ်ခြောက်ပါး တို့ကို ဟောပြန်ပါတယ်။

(၁)မိမိကိုယ်တိုင်လည်း အကာအကွယ်ကင်းမဲ့ခြင်း၊
(၂)သားမယားတို့လည်း အကာအကွယ်ကင်းမဲ့ခြင်း၊
(၃)စီးပွားဥစ္စာလည်း အကာ အကွယ်ကင်းမဲ့ခြင်း၊
(၄)သူများတွေလုပ်တဲ့အပြစ်တွေ ကိုယ့်အပေါ်မှာ သံသယဝင်နိုင်ခြင်း၊
(၅)မဟုတ်မမှန် စွပ်စွဲမှု ခံရတတ်ခြင်း၊
(၆)ဆင်းရဲအားလုံးတို့ရဲ့ ရှေ့သွားဖြစ်ခြင်းဆိုတဲ့ ခြောက်ပါးတို့ဟာ အချိန်အခါမဲ့ သွားလာသူရဲ့ အပြစ်တို့ပဲဖြစ်ပါတယ်။

အချိန်အခါမဲ့သွားလာ လုပ်ကိုင်နေထိုင်သူတွေရဲ့ အပြစ် ခြောက်ပါးကတော့ နောက်ဆုံး သေဆုံးပြီး အပါယ်ရောက်တဲ့ အထိ အကျိုးတွေကလာပါတယ်။ ဇာတ်တော်တစ်ခုမှာ ဘုန်းကြီး တို့ အကာလရဝိဇာတ်လို့ ခေါ်တဲ့ဇာတ်တော်တစ်ခုမှာ လူမဆို ထားနဲ့ တိရစ္ဆာန်များတောင် စည်းကမ်းမဲ့လျှင် အချိန်အခါ မဟုတ်လျှင် သေဆုံး ပျက်စီးနိုင်ပုံကို ဟောကြားထားတာ တွေ့ရ ပါတယ်။

ပစ္စုပ္ပန်ဝတ္ထုကတော့ ညအချိန်မှာ မိမိအိပ်ယာမှန်းတိုင်း အသံကျယ်ကျယ်နှင့် ထထစာကျက်တဲ့ရဟန်း တော်တစ်ပါးကို

အကြောင်းပြုပြီးတော့ ဟောခဲ့တာပါ။ ဒီဝတ္ထုကြည့်မယ်ဆိုလို့ရှိရင် ကျယ်ကျယ်လောင်လောင် ဘုရားရှိခိုးခြင်း၊ စာကျက်ခြင်း စသည်ကို ရှောင်သင့်တယ်ဆိုတာကို နမူနာယူသင့်ပါတယ်။ မိမိလုပ်ချင်ရာလုပ် မယ်ဆိုပြီးတော့ အော်ကျယ်အော်ကျယ်နဲ့ လုပ်လို့ မရပါဘူး။ ဒီအမေရိကန်နိုင်ငံကြီးမှာဆိုရင်တော့ ဒီလို အများကို ထိခိုက်နှောက်ယှက်မည့်ဟာတွေ တစ်ခုမှမရှိဘူး။ ဘုန်းကြီးတို့ နေလာတာကြာလာပြီ အသံချဲ့စက်သံ ဘယ်ကမှ မကြားရဘူး။ ကပွဲရုံထဲမှာတော့ ရှိတာပေါ့လေ။ ကျယ်ကျယ်လောင်လောင် ဟိုဘက်အိမ်က စကားပြောရင်ကိုပဲ ဒီဘက်အိမ်က တရားစွဲလို့ရတယ်။ အသံကျယ်လောင်စွာ စာကျက်နေတဲ့ ရဟန်းတစ်ပါး အကြောင်းပြုပြီး တော့ ဟောတော်မူခဲ့တယ်-လို့ ဆိုပါတယ်။

ဗာရဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးနန်းစံစဉ်ကပေါ့ တက္ကသိုလ်မှာ ဒိသာပါမောက္ခဆရာကြီးတစ်ဦး ရှိခဲ့ဘူးတယ်။ ဒါ ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းပါပဲ။ တပည့်ပေါင်းငါးရာတောင် ရှိ ပါတယ်။ တပည့်တို့ကလည်း အာရုဏ်တက်မှာ ကြက်တွန်ချိန်မှာ ထထပြီးတော့ သင်္ခန်းစာများကို ကျက်လေ့ကျက်ထရှိပါ သတဲ့။ အဲဒါနဲ့ ပညာ ဉာဏ်တွေတိုးပွားပြီးတော့ သူတို့အောင် မြင်ကြတယ်ပေါ့ တစ်ချိန်မှာတော့ အချိန်မှန်မှန်တွန်တဲ့ ကြက်က လေး သေသွားတော့ သုသာန်ထဲမှာ ရခဲ့တဲ့ကြက်တစ်ကောင်ကို

မွေးထားပါသတဲ့ ထိုကြက်သည် အချိန်မှန်မှန် မတွန်တတ်ဘူး။ တွန်လို့ရှိရင်လည်း မိုးလင်းမှတွန်လိုတွန်၊ စောတွန်လိုတွန် ဖြစ်နေတတ်ပါတယ်။

ဒါနဲ့ တပည့်ငါးရာမှာ အိပ်ရေးပျက်တဲ့အခါ ပျက်၊ စာကျက်လို့လည်းမရ ပညာလည်းတတ်တော့မှာမဟုတ် ဘူး ဆိုပြီး အဲဒီကြက်ကို သတ်စားလိုက်ကြောင်း ဇာတ်တော်မှာလာ ရှိပါတယ်။ အဲဒီတော့ ဒီဇာတ်တော်ကို သင်္ခန်းစာယူပြီးတော့ လည်းပဲ အချိန်မှန်မှန်လုပ်သင့်တယ်ဆိုတာ လူတိုင်းလူတိုင်း ယဉ်ကျေးမှုတစ်ရပ်အနေနဲ့ သင်္ခန်းစာယူဖို့ပါပဲ။ အချိန်အခါမဲ့ ပြုလုပ်မှုများသည် အဲဒီလို အပြစ်ကြီးကြောင်း ဇာတ်တော်ထဲမှာ တွေ့ရပါတယ်။ ဒ့ါ ကြောင့် ဘယ်ဟာမဆို အချိန်မှန်မှန် လုပ်သင့် တယ်ဆိုတာ သိဖို့ပါပဲ။

ပွဲလမ်းသဘင် ကြည့်ရှုခြင်း အပြစ်ခြောက်ပါးတို့ကို လည်း ဘုရားကဟောပါတယ်။

(၁)ကပွဲသဘင်ဘယ် မှာလဲ၊

(၂)သီချင်းဆိုပွဲ ဘယ်မှာလဲ။

(၃)အတီးအမှုတ်ပွဲ ဘယ်မှာလဲ။

(၄)စာဟောပြောပွဲ ဘယ်မှာလဲ။

(၅)လက်ခုပ်တီးပွဲ ဘယ်မှာလဲ။

(၆)စည်တီးပွဲ ဘယ်မှာလဲ - လို့
လိုက်ပြီးစုံစမ်းရှာဖွေခြင်းတို့ပဲဖြစ်ပါတယ်။

အဲဒီလို ပွဲလမ်းသဘင်ကြည့်ရှုသူတို့ အပြစ်ခြောက်မျိုးကိုလည်း ဟောကြားပါတယ်။ ဘာ့ကြောင့် ဒီပွဲလမ်းသဘင် ပျော်ပွဲရွှင်ပွဲကို အပြစ်လို့ ဆိုရသလဲလို့ မေးစရာရှိပါတယ်။ မေးခဲ့လျှင် အဖြေကိုလည်းပဲ ဘုရားရှင်ကိုယ်တော်မြတ်က ဖြေကြားထားပါတယ်။ ပျော်ပွဲရွှင်ပွဲသွားရန် စီစဉ်ရမှု အကြောင်း ပြုပြီးတော့ အလုပ်အကိုင်များ ပျက်စီးတယ်။ ပျော်ပွဲရွှင်ပွဲတို့ကို ကြည့်ရှုရင် ထိုအရပ်၌ပင်နေထိုင်ရသဖြင့် အလုပ်လုပ်ချိန်မှာ မလုပ်ရခြင်း၊ ဥပမာ လယ်သမားများမှာ စိုက်ပျိုးချိန် မစိုက်ပျိုးရသဖြင့် မဖြစ်သေးတဲ့ စီးပွားဥစ္စာများ မဖြစ်နိုင်တော့ခြင်း၊ ရုံးအလုပ်သမားများ ရုံးအလုပ်ပျက်သဖြင့် အထက်လူကြီးတွေကနေပြီးတော့ မှတ်ချက်အပေးခံရခြင်း၊ အပြင်သွားနေတာကို သိလို့ အစောင့်အရှောက်ကင်းမဲ့နေတဲ့ အိမ်တွင်းရှိပစ္စည်းတို့ကို သူခိုးဓားပြများ ဝင်ရောက်ပြီးတော့ ပစ္စည်းများကို ခိုးယူသွားနိုင်သဖြင့် ရရှိပြီးသား စီးပွားဥစ္စာများလည်း ပျောက်ပျက်နိုင်ခြင်း စသည်တို့ကြောင့် ပျော်ပွဲရွှင်သွားလာမှုကို မြတ်စွာဘုရားက အပြစ်လို့ ဟောကြားထားတာတွေ့ရပါတယ်။

လောင်းကစားခြင်း အပြစ်(၆)ပါးကိုလည်း
ဟောပြန်ပါတယ်။

(၁)နိုင်လျှင် ရန်များခြင်း၊
(၂)ရှုံးလျှင် စည်းစိမ်ဥစ္စာအတွက် စိုးရိမ်ရခြင်း၊
(၃)မျက်မြင်ကိုယ်တွေ့ စီးပွားဥစ္စာ ဆုတ်ယုတ်ခြင်း၊
(၄)ရုံးပြင်ကနားမှာ ကစားသမားရဲ့ စကားကို မည်သူကမျှ မယုံကြည်ခြင်း။
(၅)အဆွေခင်ပွန်းတို့က မထီမဲ့မြင် အပြုခံရခြင်း၊
(၆)မည်သူကမျှ သမီးပေးသားယူ ကိစ္စတွေမှာ ထိမ်းမြားလက်ထပ်မှု မပြုလိုကြခြင်းတို့သည် ကစားသမားများရဲ့ အပြစ်များဖြစ်တယ်လို့ ဟောကြားပါတယ်။

ပါပမိတ္တလို့ခေါ်တဲ့ မိတ်ဆွေယုတ် ပေါင်းသင်းခြင်းရဲ့အပြစ်(၆)ပါးတို့ကိုလည်း ဟောပြန်ပါတယ်။

(၁)လောင်းကစား ကြူးသူ။
(၂)ကာမဂုဏ်ကြူးသူ(ကာမဂုဏ်လိုက်စားမှုများတာကို ဆိုလိုပါတယ်)။
(၃)အရက်သေစာ မူးယစ်ဆေးဝါး အသောက်အစားကြူးသူ။
(၄)အတုပြုပြီး လှည့်ပတ်တတ်သူ။
(၅)ပရိယာယ်ဖြင့် လှည့်ပတ်ယူတတ်သူ။

(၆)အနိုင်အထက် ပြုတတ်သူဆိုပြီးတော့
ဒီခြောက်ပါးတို့ဟာ ယုတ်မာတဲ့မိတ်ဆွေ ခင်ပွန်းတို့
ဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီယုတ်မာတဲ့ ပါပမိတ္တလို့ခေါ်တဲ့ မိတ်ဆွေယုတ်တို့ကို ပေါင်းသင်းကြသူများ ခုရောနောင်ပါ စီးပွားဥစ္စာ ပျက်စီးနိုင်ကြောင်းကိုလည်း ဟောကြားတော်မူခြင်းဖြစ်ပါတယ်။ ပျင်းရိခြင်းရဲ့ အပြစ်(၆)ပါးတို့ကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူပြန်ပါတယ်။

(၁)အေးလွန်း၍ အလုပ်မလုပ်တော့ခြင်း။
(၂)ပူလွန်း၍ အလုပ်မလုပ်တော့ခြင်း။
(၃)မိုးချုပ်လွန်း၍ အလုပ်မလုပ်တော့ခြင်း။
(၄)စောလွန်း၍ အလုပ်မလုပ်တော့ခြင်း။
(၅)ဆာလွန်း၍ အလုပ်မလုပ်တော့ခြင်း။

(၆)ဗိုက်ပြည့်လွန်း၍ အလုပ်မလုပ်တော့ခြင်း။ ဤသို့ ဆင်ခြေအမျိုးမျိုးတို့ပေးကာ အလုပ်မလုပ်တဲ့သူ များသည် မရသေးတဲ့ လောကီလောကုတ္တရာ စည်းစိမ်ချမ်းသာ မရနိုင်တော့ခြင်း၊ ရရှိပြီးသား လောကီလောကုတ္တရာ စည်းစိမ်ချမ်းသာများလည်း ဆုတ်ယုတ်ပျက်စီးနိုင်ကြောင်း ပျင်းရိခြင်းအပြစ်တို့ကို မြတ်စွာဘုရား ဟောကြားထားပါတယ်။

မဃဒေဝဆရာတော်ကြီးကလည်းပဲ **"လူပျင်းအတွေး ကျင့်ဘို့ရေးကား၊ အေးလည်းအေးဟူ၊ ပူလည်းပူစွာ၊ ညလည်း ညသော၊ စောလည်းစောစွာ၊ ဆာလည်းဆာနှင့်၊ ဝပါတုံလျှင်း၊ ဝမ်းတောင့်တင်းဟု၊ အပျင်းဘို့သာ၊ ယိုး မယ်ရှာ၍၊ လိုရာကိစ္စ၊ မပြုရဘူး"**-လို့ ပျင်းရိခြင်း(၆)မျိုးကို စပ်ဆိုထားပါတယ်။

မိတ်ဆွေတုလေးယောက်တို့ကိုလည်း တစ်ဖန်
မြတ်စွာဘုရား ဟောကြားတော်မူပြန်ပါတယ်။
(၁)ပစ္စည်းကို ယူရုံသာယူတတ်ပြီး ပြန်မပေးတတ်တဲ့
မိတ်ဆွေအတု။
(၂)လက်တွေ့ပေးကမ်းသူလည်းမဟုတ်ဘဲနဲ့ စကား
ဖြင့်သာ ပေးကမ်းတတ်သော မိတ်ဆွေအတု။
(၃)အကြိုက်ကိုသာ လိုက်ပြီးတော့ ပြောတတ်သော
မိတ်ဆွေအတု။
(၄)စီးပွားပျက်စီးကြောင်းတို့၌ အပေါင်းအသင်းဖြစ်သော
မိတ်ဆွေအတုလို့ မိတ်ဆွေအတုလေးယောက်တို့ကို
လည်း ဟောထားပါတယ်။

ဒီထဲမှာ နံပါတ်(၁)ယူရုံသာ ယူတတ်တဲ့
မိတ်ဆွေတုလေးမျိုးကိုလည်း ထပ်ဆင့်ပြီးတော့
မြတ်စွာဘုရား ဟောကြားပြန်ပါတယ်။
(၁)ယူရုံသာယူတတ်တဲ့ မိတ်ဆွေအတု။

(၂)နည်းနည်းပေးပြီး များများယူတတ်တဲ့
မိတ်ဆွေအတု။
(၃)သူတို့ ဘေးဒုက္ခကြုံမှ အစေခံပမာ
မိတ်ဆွေရဲ့ကိစ္စကို ပြုလုပ်ပေးတတ်တဲ့ မိတ်ဆွေအတု။
(၄)မိတ်ဆွေပေါင်းမပေါင်းပဲ သူ့အကျိုးကိုသာ
ကြည့်ပြီးတော့ ပေါင်းသင်းသော မိတ်ဆွေအတု-ဟု
လေးမျိုးတို့ ရှိကြောင်းကိုလည်း ဟောကြားပြန်ပါတယ်။

နံပါတ်(၂)ဖြစ်တဲ့ စကားဖြင့်သာ ပေးကမ်းတတ်တဲ့
မိတ်ဆွေတုလေးမျိုးကို ဟောတော်မူပြန်ပါတယ်။
(၁)မနေ့က မင်းမလာလို့ မင်းလာမည့်လမ်းကို
ဒို့မျှော်နေတာ အခုတော့ ကုန်သွားပြီကွာ စသည်ဖြင့်
လွန်လေ ပြီးတဲ့အတိတ်ကာလစကားဖြင့်
ပြောဆိုချီးမြှောက်တတ်တဲ့ မိတ်ဆွေအတု။
(၂)နောင်ကျရင် မင်းကြိုက်တာ ပေးရမှာပေါ့ကွာ
စသည်ဖြင့် မရောက်သေးတဲ့ အနာဂါတ်စကားဖြင့်
ချီးမြှောက်ပြောဆိုတတ်တဲ့ မိတ်ဆွေတု။
(၃)ကောင်းနိုးနိုးရာရာ ဝတ်ဆင်ပြီး မင်းနဲ့တော့
ဒီအဝတ်ကလေးက သိပ်လိုက်တာပဲ၊ ငါ့မှာလည်း
အပိုက မရှိဘူးကွာစသည်ဖြင့် အချီးနီးလောကွတ်
ပြုငါ့စကားနဲ့ ချီးမြှောက် ထောက်ပံ့တတ်တဲ့

မိတ်ဆွေတု။
(၄)ဟော့ သူငယ်ချင်း ငါ့မှာ
လှည်းခဏလိုနေလို့တောင်းရင် ဝင်ရိုးကျိုးနေတယ်ကွာ၊
လှည်းဒေါက်ဆံတွေ ပျက်စီးနေတယ်ကွာ စသည်ဖြင့်
ပြောဆိုပြီး ပြုလုပ်ဆဲ အမှုကိစ္စတို့၌ ပျက်စီးနေခြင်းဖြင့်
ရှောင်လွှဲပြောဆိုတတ်တဲ့ မိတ်ဆွေတု ဆိုပြီးတော့
စကားဖြင့်သာ ပေးတတ်တဲ့
မိတ်ဆွေတုလေးယောက်တို့ကိုလည်း
ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့ပါတယ်။

နောက်တစ်ခါ ရေလိုက်ငါးလိုက် ပြောဆိုတတ်တဲ့ မိတ်ဆွေတု လေးယောက်သဘောကိုလည်း ဟောကြားပြန်ပါတယ်။

(၁)သူ့အသက်သတ်ခြင်း စတဲ့ မကောင်းမှု
ပြုလုပ်တာကို လိုက်လျောစွာ ခွင့်ပြုတတ်တဲ့ မိတ်
ဆွေအတု။
(၂)ကုသိုလ်ကောင်းမှု ပြုတာကိုလည်း ခွင့်ပြုတတ်တဲ့
မိတ်ဆွေအတု။
(၃)မိမိရှေ့မှောက်မှာ ချီးမွမ်း စကားပြောဆိုတတ်တဲ့
မိတ်ဆွေအတု။
(၄)နောက်ကွယ်ရာမှာတော့ မကောင်းကြောင်းကို

ပြောတတ်တဲ့ ကဲ့ရဲ့ တတ်တဲ့ မိတ်ဆွေအတု-
ဆိုပြီးတော့ မိတ်ဆွေတု သဘောလေးမျိုးတို့ကိုလည်း
ဟောပြန်ပါတယ်။

ဗာလေ မိတ္တပဋိရူပကေ ဆိုတဲ့အဋ္ဌကထာစကားအတိုင်း မိတ်ဆွေတုဆိုတာ လူမိုက်တို့ပင်ဖြစ်ပါတယ်။ လူမိုက်နဲ့ မိတ်ဆွေတုဟာ အတူတူပဲလို့ ဆိုလိုရင်းပါပဲ။

လောကကြီးမှာ ဘေးတကာရန်တကာ မှန်သမျှ လူမိုက်များကို မှီပြီးသာဖြစ်ပေါ်လာရကြောင်း၊ ဘေးရန်ကင်းကွာ ချမ်းသာလိုသူတိုင်းဟာ အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲကို ကျရောက်စေတတ်တဲ့ လူမိုက်များကို မပေါင်းသင်းပဲ ရှောင်ကြဉ် သင့်ကြောင်းကို ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူခဲ့ပါတယ်။ စီးပွားဥစ္စာပျက်စီးကြောင်း မိတ်ဆွေတုလေးယောက်တို့ရဲ့ သဘောလေးမျိုးကိုလည်း ဟောပြန်ပါတယ်။

(၁)သေရည်သေရက် မူးယစ်ဆေးဝါး သုံးစွဲရာ၌
အပေါင်းအသင်းဖြစ်တတ်တဲ့ မိတ်ဆွေအတု။
(၂)အချိန် အခါမဟုတ်လည်ပတ်ရာ၌
အပေါင်းအဖေါ်လုပ်တတ်တဲ့ မိတ်ဆွေအတု။
(၃)ပွဲလမ်းသဘင် ကြည့်တဲ့ နေရာ၌ အပေါင်းအဖေါ်
လုပ်တတ်တဲ့ မိဆွေတု။

(၄)လောင်းကစားပြုလုပ်ရာ၌
အပေါင်းအဖော်လုပ်တတ်တဲ့ မိတ်ဆွေအတု

ဆိုပြီးတော့ မိတ်ဆွေတု လေးယောက်တို့ကိုလည်း စီးပွားပျက်စီးကြောင်း အပေါင်းအသင်းများ ဖြစ်ရုံမက အပါယ် ဆင်းရဲ ဝဋ်ဆင်းရဲသို့ ရောက်စေနိုင်တဲ့ လူမိုက်များဖြစ်ခြင်း ကြောင့် မပေါင်းသင်းထိုက်တဲ့ မိတ်ဆွေတုများလို့ မြတ်စွာ ဘုရားက ဒီဃနိကာယ် ပါထိကဝဂ္ဂ သိင်္ဂါလောဝါဒသုတ်လို့ခေါ်တဲ့ ဂိဟိဝိနယသုတ္တန်မှာ ဟောတော်မူခဲ့ပါ တယ်။

မင်္ဂလသုတ်မှာလည်း လူမိုက်ကို ရှောင်ကြဉ်မှုဟာ အရေးကြီးလွန်းလို့ဆိုပြီး အစကနဦး မင်္ဂလာအဖြစ်နဲ့ ဟောကြား ထားခဲ့ပါတယ်။ ဤသို့ဘုရားရှင်သည် လောကသံသရာ ဤနှစ် ဖြာတို့၌ ကောင်းကျိုးမပေးသည့် မယဉ်မကျေး ရိုင်းစိုင်းလှသည့် မမှီဝဲမပေါင်းသင်းထိုက်တဲ့ လူမိုက်မိတ်ဆွေတုများကို ဦးစွာ ပထမ ပြတော်မူပါ တယ်။ ထို့နောက်မှ ပေါင်းသင်းမှီဝဲထိုက်တဲ့ သုဟဒလို့ခေါ်တဲ့ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ မိတ်ဆွေစစ်တို့ ကို တစ်ဖန်ဟောပြပြန်ပါတယ်။

စိတ်ထားကောင်းတဲ့ မိတ်ဆွေစစ်လေးယောက်

(၁)ကျေးဇူးပြုတတ်သောမိတ်ဆွေစစ်။
(၂)အေးအတူ ပူအမျှ ဆင်းရဲချမ်းသာဘယ်တော့မှ

မခွဲဘဲ လက်တွဲတတ်တဲ့ မိတ်ဆွေစစ်။
(၃)ကောင်းကျိုးစီးပွား ပြောကြား တတ်သော
မိတ်ဆွေစစ်။
(၄)အစဉ်သနား စောင့်ရှောက်တတ်သော
မိတ်ဆွေစစ်တို့ ဖြစ်ပါတယ်။

ကျေးဇူးပြုတတ်တဲ့မိတ်ဆွေစစ်တို့ရဲ့
သဘောလေးမျိုးကိုလည်း
ထပ်ဆင့်ဟောကြားတော်မူပြန်ပါ တယ်။

(၁)ရွာလယ်ခေါင်မှာဖြစ်စေ၊ ရွာတံခါး
လမ်းဆုံလမ်းခွမှာဖြစ်စေ မေ့မူးလဲကျနေတဲ့ မိတ်ဆွေကို
စောင့် ရှောက်ပေးတတ်တဲ့ မိတ်ဆွေအစစ်။
(၂)မူးလဲနေတဲ့ မိတ်ဆွေရဲ့ ပစ္စည်းဥစ္စာတွေကို
ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ထားတတ်တဲ့
မိတ်ဆွေစစ်။
(၃)ကြောက်ရွံ့ထိတ်လန့်နေတဲ့ မိတ်ဆွေရဲ့
အားကိုးအားထားရာဖြစ်တဲ့ မိတ်ဆွေစစ်။
(၄)ငယ်ငယ်ကြီးကြီး ပြုဘွယ်ကိစ္စကြုံခဲ့သော်
တောင်းသည်ထက် နှစ်ဆတိုးတိုးပြီးပေးတတ်တဲ့
မိတ်ဆွေစစ်။ ဤအကြောင်းလေးမျိုးတို့သည်

ကျေးဇူးပြုပေးတတ်တဲ့ မိတ်ဆွေစစ်လေးယောက်တို့ရဲ့ သဘောထားဖြစ်ကြောင်းကို ဟောကြားတော်မူပါတယ်။

ကျေးဇူးပြုတတ်တဲ့ မိတ်ဆွေစစ်အကြောင်း ဒုကနိပါတ် ဇာတ်တော်တစ်ခုမှာ တွေ့ရပါတယ်။ ကျေးဇူး ရှင်ဖြစ်တဲ့မိတ်ဆွေရဲ့ ဂုဏ်ကျေးဇူးကို အမြဲထာဝရ ချစ်ချစ်ခင်ခင် လက်တွဲပြီးတော့ ကျေးဇူးသိသင့်၊ ကျေးဇူး ဆပ်သင့်ကြောင်း မိတ်ဆွေစစ်မှန်လျှင် အားနည်းသူ၊ ယုတ်နိမ့်သူမရှိကြောင်း အဲဒီဇာတ်တော်မှာ ဟောကြားထားတာ တွေ့ရပါတယ်။

အကြောင်းကတော့ ရှင်အာနန္ဒာကို ကောသလမင်း နန်းတော်မှာ လှူလိုက်တဲ့ သင်္ကန်းအစုံငါးရာ (ဝတ်စုံငါးရာ) အားလုံးယူသွားတာ အကြောင်းပြုပြီးတော့ ရှင်အာနန္ဒာက ရဟန်းသံဃာငယ်လေးများကို ဝေခြမ်းပေးသည်ကို မျက်နှာ လိုက်၍ ပေးခြင်းမဟုတ် ကျေးဇူးဆပ်သောအားဖြင့် ကျေးဇူး သိပြီးပေးခြင်းဖြစ်ကြောင်း အတိတ်ကိုဆောင်ကာ ဟောကြား ထားတဲ့ ဂုဏဇာတ်တော်လေးပါ။

အတိတ်ဝေးစွာ ရှေးအခါက အလောင်းတော်သည် ခြင်္သေ့မျိုးမှာ ဖြစ်ခဲ့ဘူးပါတယ်။ တစ်နေ့သောအခါ အစာရှာ ထွက်လာစဉ် ရွှံ့ညွှန်မြေပေါ်မှာ အစာစားနေတဲ့ သမင်ငယ်လေး တစ်ကောင်ကို တစ်အားခုန်ပြီးတော့ အုပ်လိုက်ရာ ရွှံ့ညွှန်အိုင် ကြီးထဲ နစ်မြုပ်သွားခဲ့ရပါတယ်။ မည်သို့မျှ မလှုပ်ရှားနိုင်တော့ပဲ

အဲဒီနေရာမှာတင် ခုနစ်ရက်တိုင်တိုင် အစာပြတ် ရေငတ်နေခဲ့ရပါတယ်။ ခြင်္သေ့အနီးရောက်လာတဲ့ မြေခွေးလေးတစ်ကောင်ကို အကူအညီတောင်းရာ ခြေလေးချောင်း ကျွန်ဝင်တဲ့နေရာမှ ရေအိုင်အထိ မြေခွေးလေးက ရေမြောင်းဖြစ်လာအောင် လက်ကလေးနဲ့ ယက်ခါယက်ခါ မြောင်းဖောက်ပေးပါတယ်။ ရေများစီးဝင်လာ၍ ရွှံ့ညွှန်များ ပျော့ပြောင်းနေချိန်မှာ မြေခွေးလေးဟာ ခြင်္သေ့ကြီးရဲ့ ဝမ်းဗိုက်အောက် ဝင်ပြီးတော့ မ တင်လိုက်ရာ ခြင်္သေ့ကြီး ရွှံ့ညွှန်ကနေ လွတ်မြောက်ခဲ့ရတယ်လို့ ဆိုပါတယ်။

ထိုနေ့မှ စ၍ သင်တို့လင်မယားအားလုပ်ကျွေးပါရစေ-ဟု ဆိုကာ မိမိနေရာ ဂူဝနားမှာ နေရာချထား ပေးခဲ့ပါသတဲ့။ ထိုနေ့မှစ၍ ခြင်္သေ့နဲ့ မြေခွေးတို့ဟာ သွားအတူလာအတူ အစာရှာလည်း အတူတူဖြစ်ကြတယ်။ တစ်နေ့မှာတော့ ခြင်္သေ့မသည် ခြင်္သေ့ငယ်လေးတစ်ကောင်မွေးဖွား၊ မြေခွေးမကလည်း မြေခွေးလေးနှစ်ကောင် မွေးဖွားပါတယ်။ မြေခွေးမိသားစုအား ခြင်္သေ့ကြီးက ဂရုစိုက်လွန်း၍ ခြင်္သေ့မက သူ့လင်ခြင်္သေ့ကြီးအပေါ်မှာ မယုံ သင်္ကာစိတ်တွေဝင်လာတယ်။ ထို့ကြောင့် ခြင်္သေ့ကြီးနဲ့ မြေခွေးဖိုတို့အစာရှာထွက်ချိန်မှာ ခြင်္သေ့မသည် မြေခွေးမ မိသားစု မနေနိုင်အောင် နှိပ်စစ်ညှင်းပန်းပြီး ပြောဆိုခဲ့ပါတဲ့။

မယားမြေခွေးမကလည်း လင်တော်မောင် မြေခွေးပြန်ရောက်လာတဲ့အခါမှာ ထိုအကြောင်းကို ပြောပြတယ်။ မြေခွေးဖို

ကလည်း ခြသေ့်ကြီးအား ထပ်ဆင့်ပြောပြတယ်။ ကျုပ်တို့ နေရာရွှေ့တော့မည့်အကြောင်း ပြောပြပြီး အသိပေးတယ်ဆိုပဲ။ ခြသေ့်ကြီးသည် ခြသေ့်မကို ခေါ်ပြီးတော့ "တစ်ချိန်တုန်းက ငါ(၇)ရက်လောက် ပြန်မလာတာ မင်းသိတယ်မို့လား" အဲဒီတုန်းက အစာပြတ် ရေငတ်ပြီးတော့ သေအံ့ဆဲဆဲ ဒီမြေခွေးလေးက ငါ့ကို ကယ်တင်ခဲ့၍ လွတ်မြောက်ခဲ့ရပုံကို ခြသေ့်မအားပြောပြကာ ယနေ့မှစ၍ ငါ့မိတ်ဆွေဖြစ်တဲ့ ဟောဒီ မြေခွေးမိသားစုတို့ကို မထီမဲ့မြင် ဘယ်တော့မှ မပြုပါနဲ့ဟုဆိုကာ ကိုယ့်ကို ကျေးဇူးပြုခဲ့ဘူးတဲ့ မိတ်ဆွေမှန်လျှင် အားနည်းသူ ယုတ်နိမ့်သူ မရှိကြောင်း ဆုံးမလိုက်ပါသတဲ့။

ထိုအချိန်မှစ၍ ခြသေ့်မလည်းပဲ သံသယစိတ်များ ပြေပျောက်ပြီး ဆွေစုနစ်ဆက် မျိုးစုနစ်ဆက် အချစ်မပျက်ပဲ ခိုင်မြဲသွားကြကြောင်း မိတ်ဆွေစစ်ရဲ့ သဘောကို မြတ်စွာဘုရား ပြန်လည်ဟောကြားတော်မူတာ တွေ့ ရပါတယ်။ ချမ်းသာဆင်းရဲ မခွဲတဲ့ မိတ်ဆွေစစ်ရဲ့ သဘောလေးမျိုးကိုလည်း ထပ်ဆင့်ဟောပြန်ပါတယ်။

(၁)မိတ်ဆွေအား မိမိရဲ့ လျှို့ဝှက်အပ်တဲ့အမှုကို ပြောပြတတ်တဲ့ မိတ်ဆွေစစ်။

(၂)မိတ်ဆွေပြောသော လျှို့ဝှက်ချက်များကို တစ်ခြားလူများကို တစ်ခြားလူများသို့

မပေါက်ကြားစေဘဲ လျှို့ဝှက်ထားသော မိတ်ဆွေစစ်။
(၃)ဘေးရန်အန္တရာယ်တွေ တွေ့ကြုံလျှင် မိတ်ဆွေကို မစွန့်ဘဲနဲ့ ရဲရဲရင့်ရင့် မိတ်ဆွေရှေ့မှာ ရပ်တည်ပေးတဲ့မိတ်ဆွေစစ်။
(၄)အသက်စွန့်ပြီး မိတ်ဆွေကို စောင့်ရှောက်တတ်တဲ့ မိတ်ဆွေစစ်ဆိုပြီးတော့ ဤအကြောင်းလေးမျိုးတို့သည် ချမ်းသာဆင်းရဲ မခွဲခြားတတ်တဲ့ မိတ်ဆွေစစ်ရဲ့ သဘောတို့ဖြစ်ကြပါတဲ့ အကြောင်း ဟောကြားတော်မူ ပြန်ပါတယ်။

ကောင်းကျိုးစီးပွား ပြောကြားတတ်တဲ့ မိတ်ဆွေစစ်လေးယောက်တို့ရဲ့ သဘောလေးမျိုးတို့ကိုလည်း ထပ်ဆင့်ဟောပြန်ပါတယ်။

(၁)မကောင်းမှုတို့ကို မပြုနဲ့ဟု တားမြစ်ပေးတတ်တဲ့ မိတ်ဆွေအစစ်။
(၂)ကောင်းမှုကုသိုလ်ကို ခွင့်ပြုပေးတတ်တဲ့ မိတ်ဆွေအစစ်။
(၃)မကြားဘူးသော တရားစကားများကို ပြောကြားပေးတတ်တဲ့ မိတ်ဆွေစစ်။
(၄)နတ်ရွာသုဂတိရောက်ကြောင်း အကျင့်ကောင်းတို့ကို ပြောပြတတ်တဲ့ မိတ်ဆွေစစ်။

ဆိုပြီးတော့ အဲဒီမိတ်ဆွေစစ် လေးမျိုးတို့ကိုလည်း အကျိုးစီးပွား ပြောကြားပေးတတ်တဲ့ မိတ်ဆွေစစ် သဘော ဟောကြားတော်မူပါတယ်။

သနားတတ်တဲ့ မိတ်ဆွေစစ်(၄)မျိုးကိုလည်းပဲ ထပ်ဆင့် ဟောပြန်ပါတယ်။

(၁)မိတ်ဆွေရဲ့ ဆုတ်ယုတ်ပျက်စီးမှုကို မလိုလား မနှစ်သက်တဲ့ မိတ်ဆွေစစ်။
(၂)မိတ်ဆွေရဲ့ စီးပွားတိုးတက်မှုကို လိုလားနှစ်သက်တဲ့ မိတ်ဆွေစစ်။
(၃)မိတ်ဆွေရဲ့ အပြစ်များကို တစ်ခြားလူတွေ ပြောရင် ကန့်ကွက်တားမြစ်တတ်တဲ့ မိတ်ဆွေစစ်။
(၄)မိတ်ဆွေရဲ့ ဂုဏ်သတင်း ချီးမွမ်းပြောဆိုသံကြားရင် ထိုသူ့ကို ထောက်ခံအားပေးတတ်တဲ့ မိတ်ဆွေ စစ်
ဆိုပြီးတော သနားတတ်တဲ့
မိတ်ဆွေစစ်လေးယောက်တို့ကို
ဟောကြားတော်မူပါတယ်။

ဤသို့ မြတ်ဗုဒ္ဓသည် သတ္တဝါတွေကို ဒုက္ခရောက်စေ တတ်တဲ့ မကောင်းမှုလေးပါးတို့မှ ရှောင်သင့်ပုံ အဂတိလေးပါး မလိုက်စားသင့်ပုံ စီးပွားပျက်ကြောင်း ခြောက်ပါးတို့ကို ရှောင် ကြည်သင့်ပုံ၊ မပေါင်းသင်းသင့်တဲ့ မိတ်ဆွေတု၊ ပေါင်းသင်းသင့်တဲ့

မိတ်ဆွေစစ်တို့ကို အမှုအရာကြည့်ပြီး ခွဲခြားရမယ်ဆိုတာကို သင်္ဂါလသတိုးသားလေးအား မြတ်စွာဘုရားက အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါတယ်။

ထို့နောက် မြတ်ဗုဒ္ဓက သိင်္ဂါလ သတိုးသားလေးအား သီလနှင့်ပြည့်စုံရမယ်။ ပညာဉာဏ်ရှိရမယ်။ အဲဒီလို သီလပညာနှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်များသည် တောက်ပသော မီးပုံကြီးများကဲ့သို့ ထွန်းလင်းတင့်တယ်ပါလိမ့်မယ် ပျားကောင်သည် ပန်းပွင့်ကို မထိခိုက်စေဘဲ ပန်းဝတ်မှုံကိုသာ စုပ်ယူလျှက် ပျားအုံကိုဖွဲ့ကာ တည်ဆောက်သလို မိမိသူတစ်ပါးကို မထိခိုက်စေဘဲ တရားသောနည်းလမ်းဖြင့်သာ စီးပွားဥစ္စာ ရှာဖွေစုဆောင်းသူများသည် တစ်နေ့ ထက်တစ်နေ့ ခြပုန်းတောင်ပို့ကြီးများပမာ ကြီးပွားလာမည်သာဖြစ်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူ ခဲ့ခြင်းဖြစ်ပါတယ်။

ထို့ပြင် အိမ်ထောင်သည်ဘဝကို တည်ဆောက်တဲ့ ပုဂ္ဂိုလ်တိုင်းသည် ရရှိလာတဲ့ စည်းစိမ်ဥစ္စာများကို လေးစုခွဲကာ သုံးစွဲသင့်ကြောင်း၊ ဤကဲ့သို့ သုံးစွဲလျှင် မိတ်ဆွေတို့ကို ဥမကွဲသိုက်မပျက် စည်းရုံးပေါင်းသင်းနိုင် စွမ်းရှိကြောင်းကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူပြန်ပါတယ်။ ရရှိတဲ့ လခရိက္ခာတို့ရဲ့ လေးစုထဲမှ တစ်ဖို့လျှင် စည်းစိမ်ဥစ္စာခံစားပြီးတော့ နှစ်ဖို့ဖြင့် အရင်းအနှီး အရောင်းအဝယ်လုပ်၍ လေးခုမြောက်အဖို့

ဘေး အန္တရာယ်ကြုံလာပါက သုံးစွဲနိုင်ရန် သိုမှီးသိမ်းဆည်းပြီး တော့ ဘဏ်စသည်မှာ စုဆောင်းထားသင့်ပုံ ဟောကြား တော်မူ ပါတယ်။ ဤကဲ့သို့ ခွဲဝေသုံးစွဲမှုပြုပါလျှင် စည်းစိမ်ဥစ္စာများ တိုး ပွားချမ်းသာပြီးနေနိုင်ကြောင်း ဟောတော် မူလိုရင်း ဖြစ်ပါတယ်။

ဤကဲ့သို့ သက်သတ်ခိုးမှု ကာမေမုသား ကံညစ်များ ရှောင်ရှားပယ်ခွာလေဆိုတဲ့ မကောင်းမှုကံလေးပါး တို့ကို ပယ်ခွါ လျှက် အဂတိလေးပါး မလိုက်စားဘဲ စည်းစိမ်ဥစ္စာပျက်စီး ကြောင်း ခြောက်ပါးတို့ကို ရှောင်နိုင်သော ဘုရားအဆုံးအမ လိုက်နာတဲ့ ဘုရားတပည့်သားသည် (၁၄)ပါးသော ဒုစရိုက်စု မကောင်းမှုတို့မှ ကင်းလွတ်၍ အရှေ့ တောင် အနောက် မြောက် အောက် အထက်-ဆိုတဲ့ အရပ်လေးမျက်နှာတို့ကို လုံခြုံအောင် စောင့်ထိမ်း နိုင်သူဖြစ်လျှက် ပစ္စုပ္ပန် တမလွန် နှစ်တန်သော လောကကြီးကို ယဉ်ကျေးလိမ္မာအလှဆင်နိုင်စွမ်းရှိသော လူ့အ ဖွဲ့ အစည်းကြီးတစ်ခုလုံးကို ယဉ်ကျေးသွားအောင် ပြုလုပ်ပေးနိုင် တဲ့ပုဂ္ဂိုလ်ဖြစ်ကြောင်း ဟောကြားတော်မူပါတယ်။

အရပ်ခြောက်ပါးတို့ကို လုံခြုံစေမှုကို ဟောကြားပြန်ရာ မြတ်ဗုဒ္ဓသည် (၁၄)ပါးသော ဒုစရိုက်တရားများကို ရှောင်ရှား စေလျှက် မိတ်ဆွေစစ် (၁၆)ပါးတို့ကို ပေါင်းသင်းလျှက် တရား နှင့်အညီ အိုးအိမ်တည်ထောင် နေလိုသူသည် နတ်လူတို့ အ လယ် မီးပုံကြီးကဲ့သို့ တောက်ပပြီး တင့်တင့်တယ်တယ် နေနိုင်

မှာဖြစ်သဖြင့် ရှောင် သင့်တာများရှောင်ဖို့ ဆောင်သင့်တာများကို ဆောင်ဖို့ အဆုံးအမ ဩဝါဒပေးတော်မူပြီး ရှိခိုးရမည့် အရပ်ခြောက် မျက်နှာတို့ကို ပြတော်မူပါတယ်။

အရှေ့အရပ်တို့ကို ရှိခိုးပါဆိုတာကတော့ သားသမီးတို့က မိဘတို့ကို ရှိခိုးဖို့ဆိုလိုတာပါ။ မိဘတို့ကို ဘာပြုလို့ အရှေ့အရပ်ခေါ်သလဲ ရှေးဦးစွာ ကျေးဇူးပြုထားတတ်သောကြောင့် မိဘတို့ကို အရှေ့အရပ်လို့ သိမှတ် ရမယ်လို့ ဟောတော်မူပါတယ်။ ဆရာသမားတို့ကိုလည်း မြင့်မြတ်တဲ့အလှူကို ခံထိုက်လို့ တောင်အရပ်လို့ သိရမယ်လို့ ဆိုပါတယ်။ သားသမီး သားမယားတို့ကို မိမိနောက် အစဉ်လိုက်ပြီးတော့ ပြုတတ်နေတတ်လို့ အနောက် အရပ်လို့ သိမှတ်ရမယ်လို့ ဆိုပါတယ်။ မိတ်ဆွေစစ်တို့ကိုလည်း ဆင်းရဲဒုက္ခတို့မှ လွှန်မြောက်စေနိုင်လို့ မြောက်အရပ်လို့ သတ်မှတ်ရမယ်လို့ မြတ်စွာဘုရား ဟောကြားထားတော်မူပါတယ်။ အစေအပါး အလုပ်သမားတို့ကို လည်း အရှင်သခင်တို့ထံမှာ ချဉ်းကပ်ပြီးတော့ အရှင်သခင့်သဘောကျ အနီးကပ် နောက်မှလိုက်ပြီးတော့ လုပ်ကိုင်ရသောကြောင့် အောက်အရပ်လို့ သိမှတ်ရမယ်လို့ ဟောတော်မူပါတယ်။ ရဟန်းသံဃာတော်တို့ကိုတော့ သီလစသော ဂုဏ်တို့ဖြင့် အထက်တန်းကျလို့ အထက်အရပ်လို့ သိမှတ်ရမယ်လို့ ဆိုလိုပါတယ်။

ဤကဲ့သို့ မိဘနှင့်သားသမီး ဆရာနှင့်တပည့် ခင်ပွန်း လင်နှင့် ဇနီးမယား မိတ်ဆွေအချင်းချင်း အလုပ် ရှင်နှင့်အလုပ် သမား ရဟန်းသံဃာတော်များနှင့် ဒါယကာများတို့သည် အချင်းချင်း ကိုယ့်တာဝန်ကိုသိတတ်ကြပြီး ကျေပွန်အောင် ထမ်း ဆောင်နေကြပါလျှင် ယဥ်ကျေးလိမ္မာသော လူ့အဖွဲ့အစည်းကြီး ဖြစ်လာပါလိမ့်မည်။ ကမ္ဘာ့အနိဋ္ဌာရုံတွေ ပျောက်ပျက်သွားပါလိမ့် မည်။ ကြီးနိုင်ငယ်ညှင်းမှုတွေလည်း ရှိတော့မှာ မဟုတ်ပါဘူး။ ရက်စက်ကြမ်းတမ်းလှတဲ့ စစ်ပွဲကြီးတွေလည်း ငြိမ်းပါလိမ့်မယ်။ သာယာလှပတဲ့ လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက် ထား နိုင်ပါလိမ့်မယ်။ တည်ဆောက်ထားနိုင်ရုံမက အနေကောင်းသလို အသေလည်း ကောင်းပါလိမ့်မယ်။

ထို့ကြောင့် အသီးသီး တာဝန်ကိုယ်စီ ရှိနေတာကို သိ ကြပြီး တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်နိုင်ပါလျှင် အပါယ် လေးပါးက လွတ်ပြီး နတ်ရွာသုဂတိ နိဗ္ဗာန်အထိ ရောက်နိုင် ကြောင်းကို အဲဒီသုတ်ပါထေယျပါဠိ တော်ကြီးမှာ ဟောကြား ထားခဲ့ပါတယ်။ သားသမီးတို့ လိုက်နာကျင့်ကြံရမည့် ယဥ်ကျေး လိမ္မာ ဗုဒ္ဓသာသနာ အဆုံးအမ တာဝန်ဝတ္တရားငါးပါးကတော့ **"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့် လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ"** ဆိုတဲ့အတိုင်းပါပဲ။

(၁)မိဘတို့ကို ကျွေးမွေးစောင့်ရှောက်ပေးရမယ်။
(၂)မိဘတို့ လုပ်ငန်းများကို ကူညီလုပ်ကိုပေးရမယ်။
(၃)မိဘတို့ရဲ့ အမွေကိုခံထိုက်အောင်
လိုက်နာနေထိုင်ရမယ်။
(၄)ကွယ်လွန်သူ မိဘများကို ရည်မှန်းပြီးတော့
လှူဒါန်းအမျှဝေရမယ်။
(၅)မိဘတို့၏ လောကဓမ္မ နှစ်ဌာန
စည်းစိမ်ဥစ္စာကုသိုလ်တွေ မပျက်အောင်စောင့်ထိမ်းပြီး
မျိုးရိုးဂုဏ် သိမ် မတိမ်ကောအောင် ထိန်းသိမ်းလျှက်
အမျိုးအနွယ်ကို စောင့်ရှောက်ပေးရမယ်ဆိုတဲ့
သားသမီး ကျင့်ဝတ် ငါးပါးတို့ဖြင့် မိဘတို့ကို
သားသမီးတို့က ပြုစုစောင့်ရှောက်ပေးရပါမယ်။
ဤကဲ့သို့ ပြုစုစောင့်ရှောက်ပေးတာကို ပင်လျှင်
မိဘတို့ကို ရှိခိုးတယ် ပူဇော်တယ်လို့ ဆိုလိုပါတယ်။

**"မိကိုလက်ျာ၊ ဖကိုလက်ဝဲ၊ အမြဲထမ်းရွက်၊ ပခုံးထက်တွင်၊ သို့စဉ်နှစ်ရှစ်၊ လုပ်ကျွေးရလည်း၊ ရေးကပြုဘူး၊ မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည်း"**- လို့ ပုတ္တောဝါဒ ဆုံးမစာပျို့ကဗျာ အတိုင်း မိဘတို့ရဲ့ ကျေးဇူးကြီးလွန်းလို့ ကျေးဇူးတွေကို ကျေအောင် ဆပ်နိုင်ဖို့ မလွယ်ကြောင်း၊ ကုသိုလ်မရှိတဲ့မိဘ ရှိအောင်

လုပ်ပေးနိုင်မှသာလျှင် ကျေးဇူးဆပ်ရာ ရောက်မှာဖြစ်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါတယ်။

မိဘကျေးဇူးဟာ ဘယ်လောက်ကြီးသလဲဆိုရင် မိဘကျေးဇူးနဲ့နှိုင်းရင် မြင့်မိုရ်တောင်ကြီးဟာ နွားချို လောက်ပဲရှိပါတယ်တဲ့။ မိဘကျေးဇူးနဲ့နှိုင်းလျှင် သမုဒ္ဒရာရေတွေဟာ မိုးရေပေါက်လောက်ပဲ ဖြစ်ပါလိမ့်မယ်တဲ့။ မိဘကျေးဇူးနဲ့ နှိုင်းရင် စကြာဝဠာ နခမ်းဝကြီးဟာ အပ်နဖါးပေါက်ကလေးလောက်ပဲ ဖြစ်ပါလိမ့်မယ်တဲ့။ မိဘကျေးဇူးနဲ့ နှိုင်းရင် မြေကြီးဟာ ဇီးရွက်လောက်ပဲရှိပါလိမ့်မယ်-လို့ဆိုပါတယ်။

ဒ့ါကြောင့် မိဘကျေးဇူးကို မာတာပိတုဂုဏော အနန္တော လို့ ဆိုတာပါ။ မိဘများသည် ဥယျာဉ်မှူးကြီး များနဲ့လည်း ပမာတူလှပါတယ်။ ရင်သွေးဟူက ချစ်မဝဆိုသည့်အတိုင်း ဥယျာဉ်မှူးများသည် သစ်ပင်ပန်းမလ်လေးများ စိုက်ပျိုး မြေသြဇာကျွေးပြီး ပေါင်းတင်ရေလောင်း မြေတောင်မြှောက်ပေး လေ့ရှိကြပါတယ်။ ပန်းပင် လေးများ တစ်စတစ်စ ကြီးလာပြီး လှလှပပ ဖူးပွင့်လျှက် အသီးအပွင့်များ လှပဝေဆာတာကို မြင်ရတဲ့အခါ ဥယျာဉ်မှူးများ ဝမ်းသာမဆုံး ရှိကြသလိုပါပဲတဲ့ ထို့အတူ မိဘတို့ကလည်း သားသမီးတို့ကို လောကဓမ္မ နှစ်ဌာနတို့၌ ယဉ်ကျေးသိမ်မွေ့မှုများတိုးတက်စေရန်၊ လူကြီးမိဘ ဆရာသမားများ အပေါ် ရိုသေတတ်ရန်၊ မိဘဘိုးဘွားတို့က လောကီအမွေ

လောကုတ္တရာအမွေများကို မိမိတို့မျိုးရိုး မတိမ်ကောရလေအောင် ထိန်းသိမ်းစောင့်ရှောက် နိုင်ရန် ပထမသင်ပြပေးခဲ့ကြရှာပါတယ်။

ဒါ့ကြောင့် မိဘများသည် ဥယျာဉ်မှူးများနဲ့ တူတယ်လို့ ဆိုပါတယ်။ လက်ဦးဆရာများဆိုလည်း မှန်ပါတယ်။ မေတ္တာ ကရုဏာ၊မုဒိတာ၊ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါး ပုဂ္ဂိုလ်များဖြစ်ခြင်းကြောင့် ဗြဟ္မာကြီး များနဲ့လည်း အလားသဏ္ဍာန်တူပါတယ်။ သားသမီးတို့ရဲ့ အပူဇောကိုလည်း ခံထိုက်ကြပါတယ်။ ဤကဲ့သို့ အပူဇော်ခံထိုက်တဲ့ မိဘများကို စွမ်းနိုင်ပါလျက် မပူဇော်ဘူး၊ မကျွေးမွေးဘူး၊ မပြုစုဘူးဆိုခဲ့လျှင် မိဘများကို မရိုမသေပြုလုပ်မှုကြောင့် ငရဲရောက်သွားရသော မိတ္တဝိန္ဒကတို့လို အာဟုနေယျဂ္ဂိုလို့ခေါ်တဲ့ အပူဇော်ခံမီး အလောင်ခံရကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

သားသမီးတိုင်း သားသမီးတိုင်း မိဘတို့ရဲ့ အထက်ပါ တာဝန်ဝတ္တရား ယဉ်ကျေးမှုများကို ကျင့်ဝတ်ငါးပါးတို့ဖြင့် ကျေအောင်ပေးဆပ်နိုင်တဲ့ အင်အားမရှိကြဘူးလို့ မဃဒေဝထဲမှာ လည်းပဲ **သားတို့ချစ်ရ၊ ငယ်စဉ်မျှသာ ငယ်ကမှာသား၊ ကြီးသော်ကျားတည်း၊ မမှားပုံသွေး၊ မှန်းချဉ့်တွေးလော့၊ အရေးတိမ်နက်၊ အသိခက်၏၊ ဖထက် သားကြီး၊ မိထက်ငြမ်းမြင့်** - ဟု ကဗျာနဲ့ ဆုံးမခဲ့ပါတယ်။

ဆိုလိုတာကတော့ ငယ်ငယ်ကတော့ သားသမီးချစ်ရတာ သိပ်ကောင်းပါတယ်။ ငယ်ငယ်ကတော့ သားလေးပဲ။ ကြီးသွားတော့ ကျားထက်ကြောက်စရာကောင်းပုံ ပြန်ကိုက်တတ်တဲ့ ကျားကလေးဖြစ်တတ်ပုံ၊ သမီး ကလေးငယ်ငယ်တုန်းကတော့ ချစ်စရာလေးပဲ။ ငယ်ငယ်ကတော့ သမီးလေးပဲ။ ကြီးလာတော့ မီးထက်ကြောက် စရာကောင်းအောင် ပူဆာတတ်ပုံ ပြန်ပြီးတော့ သောကမီးလောင်စေတတ်တဲ့ မီးကလေးဖြစ်သွားတတ်ပုံတို့ကို ပြလိုရင်း ဖြစ်ပါတယ်။

ဒီတာဝန်တွေ မကျေရင် ယဉ်ကျေးသိမ်မွေ့မှု မရှိတဲ့ သားသမီးမျိုးဖြစ်ပါလိမ့်မယ်။ ယဉ်ကျေးသိမ်မွေ့မှု မရှိတဲ့ သားသမီးမျိုးဆိုလျှင် မိဘနှစ်ပါးတို့ ပြုစုစောင့်ရှောက်မွေးမြူခဲ့ရတဲ့ ကျေးဇူးတရားတွေ မရှိတော့ပါဘူး။ မွေးရကျိုးမနပ်ဘူးလို့ ဆိုလိုပါတယ်။ ဒီလိုသားသမီးများကို ဝသလသုတ္တန်မှာတော့ အပါယ်ကို ကျစေနိုင်တဲ့ လူယုတ်မာများဖြစ်ကြောင်း ဟောကြားထားပြန်ပါတယ်။ တစ်ချို့သားသမီးများကတော့ ရစရာ ယူစရာရှိမှ မိဘများ ထံလာကြတယ်။ မိဘနားကို ကပ်ကြတယ်။ ရစရာ ယူစရာမရှိတော့ဘူးဆိုရင် အနားကိုတောင် မသွားဘဲနဲ့ ပစ်ထားတတ်ကြတယ်။ ဒီလိုသားသမီးမျိုး မဖြစ်ရလေအောင် မိဘနှစ်ပါးတို့၏ ငယ်စဉ်က နို့ချိုတိုက်ကျွေးပြီး ပြုစုခဲ့ပုံ၊ အစစ အရာရာ မှက်ခြင်လေ နေပူမသန်းအောင် စောင့်ရှောက်ခဲ့ပုံ စသည်

ဖြင့် ပေါ့လေ ပြုစုခဲ့တဲ့ မွေးကျေးဇူး၊ ကျွေးကျေးဇူးတွေ သိပြီး ပြန်လည်စောင့်ရှောက် ဂရုစိုက်လုပ်ကျွေးရမယ်လို့ ဘုရားရှင် ကိုယ်တော်မြတ်က ဟောခဲ့ပါတယ်။ ဒါကြောင့် သားသမီးတို့ သည် အထက်ပါ တာဝန်ဝတ္တရားကျေအောင် ကျင့်ဝတ်ငါးပါး တို့ဖြင့် ပြု စုလုပ်ကျွေးခြင်းကိုပင် အရှေ့အရပ်ဖြစ်တဲ့ မိဘတို့ကို လုပ်ကျွေးပူဇော်ရှိခိုးရာ ရောက်ကြောင်း သိင်္ဂါလသတိုး သားအား ဟောကြားပါတယ်။

မိဘတို့ကလည်း သားသမီးတို့ကို စောင့်ရှောက်ရမည့် တာဝန်ဝတ္တရား(၅)ပါး ရှိပြန်ပါတယ်။ မိဘတို့ရဲ့ တာဝန်ဝတ္တရား (၅)ပါးဆိုတာကတော့ **မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ**-ဆိုတဲ့အတိုင်း မိဘတို့က သားသမီးများအပေါ် စောင့်ရှောက်ပေး ရမည့် တာဝန်ဝတ္တရားများက

(၁)မကောင်းမှု မလုပ်ရန် တားမြစ်ပေးရမယ်။
(၂)ကောင်းမှုကုသိုလ် ပြုလုပ်ရန်
ဆုံးမညွှန်ကြားပေးရမယ်။
(၃)အတတ်ပညာများ သင်ကြားတတ်မြောက်စေရမယ်။
(၄)အရွယ်ရောက်လျှင် သင့်တင့်သူတို့နှင့်
ထိမ်းမြားလက်ထပ်ပေးရမယ်။
(၅)သင့်တော်သည့်အချိန်မှာ

အရင်းအနှီးဥစ္စာများပေးထားရမယ်-ဆိုတဲ့
ဝတ်တရားငါးပါးတို့ဖြင့် သားသမီးများကို
စောင့်ရှောက်ကြရပါမယ်။ ဤကဲ့သို့
မိဘတို့၏စောင့်ရှောက်မှုကို ခံရတဲ့ သားသမီးများသည်
ဘေးကင်းရန်ကွာ လုံခြုံစွာဖြင့် ချမ်းသာနိုင်ကြောင်း
ဟောကြားတော်မူခဲ့ပါတယ်။

မှန်ပါတယ် မိဘတို့က သားသမီးများကို မကောင်းတာ မလုပ်မိအောင် တားမြစ်ပေးရမယ်။ ကောင်းတာလုပ်ဖြစ်အောင် လည်း ဆုံးမညွှန်ကြားပေးရမယ်။ အတတ်ပညာများလည်း တတ်မြောက်အောင် သင်ယူပေးရ မယ်။ မိဘတာဝန်ကျေမှသာ ယဉ်ကျေးလိမ္မာတဲ့ သားကောင်း သမီးလိမ္မာလေးများ ဖြစ်လာပါ လိမ့်မယ်။ လူတော် လူကောင်းများ ဖြစ်လာပါလိမ့်မယ်။ လူတော် လူကောင်းဖြစ်မှာသာလျှင် တိုင်းပြည်နဲ့ လူမျိုးအတွက် တိုးတက် အောင်စွမ်းဆောင်နိုင်တဲ့ သားကောင်းသမီးလိမ္မာလေးများ ဖြစ် လိမ့်မယ်လို့ ဆိုလိုရင်းပါပဲ။ မိဘများ တာဝန်ဝတ္တရား မကျေခဲ့ လျှင် မဟာဓနသူဌေးသား ဇနီးမောင်နှံတို့လို ဆင်းရဲဒုက္ခ ရောက် တတ်ကြောင်း ဓမ္မပဒမှာ ဘုရားရှင်ကိုယ်တော်မြတ် ဟောကြား ထားတော်မူခဲ့ပါတယ်။

ဒီမဟာဓနသူဌေးသား ဝတ္ထုကို ဘုရားရှင်ကိုယ် တော် မြတ် မိဂဒါဝုန်မှာနေတော်မူစဉ် သူဌေးဇနီးမောင်နှံကို အကြောင်း

ပြုပြီးပောာခဲ့တာပါ။ မိဂဒါဝုန်အနီး ဗာရဏာသီမှာ ကုဋေရှစ်ဆယ်တောင် ချမ်းသာကြွယ်ဝ ဇနီးမောင်နှံရှိခဲ့ကြဘူးပါတယ်။ မိဘတွေက တစ်ဦးတည်းသောသားလေးမွေးတယ်ဆိုပြီးတော့ ပညာမသင်ခိုင်းဘူးတဲ့၊ ငါတို့မှာ ပစ္စည်းဥစ္စာတွေ များသားပဲဆိုပြီးတော့ ငါတို့သားလေးဟာ ပညာတတ်ဖို့ မလိုဘူးတဲ့၊ အလုပ်လုပ်ဖို့ မလိုဘူးတဲ့ ဒီဘဝမှာ အလိုရှိသလို ပျော်ပျော်ပါးပါး ကာမဂုဏ်ခံစားသွားနိုင်ဖို့ပဲ အရေးကြီးတယ်ဆိုပြီးတော့ ကြံစည်တွေးတောကာ နစ္စ ဂီတ ဝါဒိတေယေဝ သိက္ခာပေန္တိ-တဲ့ စာပေက။ အက ဂီတ အဆို အတီးအမှုတ်တို့ကို သာလျှင် သင်ပေးခဲ့တယ်လို့ ဆိုပါတယ်။

ထိုမြို့မှာပဲ တစ်ခြား ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သမီးလေး တစ်ဦးရှိခဲ့ပါသတဲ့။ ထိုသမီးလေးကိုလည်းပဲ အတတ်ပညာသင်မပေးပဲ အက အဆို အတီးတို့ကိုပဲ သင်ပေးပါသတဲ့။ ဒါနဲ့ကြီးပြင်းလာတော့ မိဘနှစ်ပါးတို့က ဓာတ်တူ နာမ်တူ ဆေးပေးယူ ကြည်ဖြူရွှင်ပြ ဝမ်းသာကြဆိုတဲ့အတိုင်း ဝါသနာတူနှစ်ယောက်ကို လက်ထပ်ပေးခဲ့ပြီး မိဘတွေ ကွယ်လွန်သွားကြပါသတဲ့။ သူဌေးသားဇနီးမောင်နှံတို့မှာ နှစ်ဘက်မိဘထားခဲ့တဲ့ကုဋေ(၁၆၀)တို့ကို သုံးစွဲကာ လောကီအာရုံ ကာမဂုဏ်များထဲမှာပဲ နစ်မြုပ်ပြီးတော့ နေ့တိုင်းနေ့တိုင်း ကခြင်းဆိုခြင်း တီးခြင်းမှုတ်ခြင်းတွေနဲ့ အချိန်ကုန်ခဲ့ပါသတဲ့။

တစ်နေ့ကျတော့ ဘုရင့်ဆီကနေ သူဌေးလေးပြန်အလာ လမ်းမှာ အရက်သမားတစ်စုတို့က အရက်ကဖော်နဲ့ ကြက်ကြော် နဲ့ဆိုသလိုပေါ့လေ သောက်စားမူးယစ်နေတာ။ သူဌေးသားလေး အရက်သမားဖြစ်လာရင်တော့ ဒို့တစ်တွေ ကောင်းကောင်းစားရ မှာပဲဆိုပြီးတော့ သူဌေးသားလေးကို ဆီးပြီးတော့ နှုတ်ဆက် စကားဆိုကြတယ်။ စိရံ ဇီဝ မဟာဓနေ သေဋ္ဌိပုတ္တ - သူဌေးမင်း လေး အသက်ရာကျော် ရှည်ပါစေပေါ့ မြန်မာလိုဆိုလို့ရှိရင် တော့။ အဲဒီလို သူဌေးလေးကို မြှောက်ပင့်ပြီးတော့ ပြောလိုက် ကြတယ်။ ပြောလိုက်တော့ နောက်က အလုပ်အကျွေးဖြစ်တဲ့ ဒီခေတ်အလိုဆိုရင်တော့ ပီအေကိုမေးပါတယ်။ "ဟေ့ ဟိုကောင် တွေ ဘာတွေသောက်နေကြ တာလဲကွ?" "ဟာ အရှင်သူဌေး မင်း သောက်စရာတွေ ထဲမှာတော့ ဒီသောက်စရာဟာ အကောင်းဆုံးပဲဗျာ ယမကာထဲမှာတော့ ဒီလောက်ကောင်းတဲ့ ယမကာမရှိဘူး"လို့ ဖြေသတဲ့။

"ဟုတ်လားကွ ဒါဖြင့် နည်းနည်းသောက်ကြည့်ရအောင် ကွာ"ဆိုတော့ နည်းနည်းကနေစလိုက်တာ နောက်တော့ မောင်ကျန်တစ်တို့ ဖြစ်သွားတာပေါ့။ မောင်ကျန်တစ်တို့ ဆိုတဲ့ ဝတ္ထုကြားဘူးမှာပေါ့။ ကျန်စစ်သားမင်း လှံကစွန်းလို့ အလွန် မတန် ချဉ်နေတဲ့ ရှောက်ပင်ကြီးဟာ ချိုသွားတဲ့အကြောင်း ရှောက်သီးကို မြိန်ရေယှက်ရေ စားတော့ ဥယျာဉ်စောင့် ကလာ

ပြီးတော့ အနားနား သွားရေကျတဲ့အကြောင်း၊ စားကြည့်ကွာ ဆိုတော့ ချိုမှန်းသိတော့ မောင်ကျန်တစ်တို့ဖြစ်သွားတယ်။ အဲဒီသဘောပေါ့။ မောင်ကျန်တစ်တို့ဖြစ်သွားပြီး အရက်သမား ကြီးလုံးလုံးဖြစ်သွားပါသတဲ့။

ဒီလိုနဲ့ နေ့ရှိသမျှ အရက်တွေသော အချန်တွေကုန် ရှိသမျှကုဋေ (၁၆၀) သုန်းဖြုန်းပြီး သူတစ်ပါးနံရံကို မီးလျှက် ခွက်ဆွဲပြီးတောင်းစားရတဲ့ ဘဝရောက်ခဲ့ပါသတဲ့။ ပထမ အရွယ်မှာ ပညာ၊ ဒုတိယ အရွယ်မှာ ဥစ္စာ၊ တတိယအရွယ်မှာ ဘာဝနာလို့ အများကပြောကြသလို သူတို့ဇနီးမောင်နှံဟာ အရွယ်သုံးပါးလုံးမှာ ဘာမှ စီးပွားဥစ္စာလည်းမရှာ၊ တရား ဘာဝနာလည်းမပွား ဘာတစ်ခုမျှ မရခဲ့လို့ အခုလို တတိယ အရွယ် အိုမင်းမစွမ်းဖြစ်တဲ့ အခါမှာ တောင်းရမ်းစားသောက်ရတဲ့ အငတ်ဘေးကြုံရပါတဲ့။ ဒုဗ္ဘိက္ခန္တရကပ်ခေါ်တာပေါ့။ ဒုဗ္ဘိက္ခန္တ ရကပ် ဆိုက် ရောက်တဲ့ ဘဝမျိုးရောက်ခဲ့ပါတယ်။

ဒီသူဌေးသားဇနီးမောင်နှံကို ကြည့်ရင် အားလုံးပစ္စည်း တွေကုန်ပြီး တောင်းရမ်းစားသောက်ရတယ်ဆိုတာ အငတ်ဘေး ဆိုက်တာပေါ့။ ပါဠိလိုဆိုတော့ ဒုဗ္ဘိက္ခန္တရကပ်ဘေးပေါ့။ ဘာပြု လို့ ဒုဗ္ဘိက္ခန္တရကပ်ဘေးဆိုက် သလဲ။ လောကီအာရုံ ကာမဂုဏ် တွေကိုသာ ခံစားနေတဲ့လောဘကြောင့်ပေါ့။ လောဘကြောင့် ဖြစ်တာ။ လောဘ ကြောင့် ဒုဗ္ဘိက္ခန္တရကပ် အငတ်ဘေးဆိုက်

တတ်တယ်။ ဒေါသကြောင့် သတ္ထန္တရကပ် ဓားလက်နက်တွေနဲ့ သေ ကြေပျက်စီးအောင် သတ်ဖြတ်တတ်တယ်။ မောဟကြောင့် အနာရောဂါတွေ ထူပြောတဲ့ ရောဂန္တရကပ်နဲ့ သေကြေပျက်စီး တတ်တယ် ဆိုပြီးတော့ သုံးမျိုး။ အကြောင်းသုံးမျိုးကြောင့် အကျိုးသုံးမျိုး ဖြစ်ပုံကိုဟောပါတယ်။

လောဘကြောင့် ကမ္ဘာလောကကြီးမှာ မီးဘေးတွေ လောင်တတ်တယ်။ ဒေါသကြောင့် ကမ္ဘာလောကကြီးမှာ ရေဘေးတွေကြုံတတ်တယ်။ မောဟကြောင့် ကမ္ဘာလောက ကြီးမှာ လေဘေးတွေ ကြုံတတ်တယ် - လို့ ဟောပြန်ပါတယ်။ ဒါက ပစ္စုပ္ပန် မကောင်းကျိုး ခြောက်မျိုး၊ နောက်တစ်ခါလည်း တမလွန်ရောက်ပြန်ပါတော့လည်း လောဘနဲ့သေရင် ပြိတ္တာဘုံ ရောက်တတ်တယ်။ ဒေါသနဲ့သေရင် ငရဲဘုံရောက်တတ်တယ်။ မောဟနှင့် သေရင် တိရစ္ဆာန်ဘုံရောက်တတ်တယ်-လို့ မြတ်ဗုဒ္ဓ က တိတိကျကျ ဟောကြားထားခဲ့ပါတယ်။

ဒီဘေးကြီးတွေမှ လွတ်ရန် နည်းလမ်းကတော့ ဒုက္ခကို ကျွတ်ရပါလို၏လို့ ဝိဝဋ္ဋဖြစ်တဲ့ ဒါန သီလ သမထဘာဝနာတို့ကို ပြုလုပ်ကြဖို့ပဲဖြစ်ပါတယ်။ ဒါနသီလ သမထဝိပဿနာတို့ကို ဝဋ်ကင်းရပါလို၏ ဝတ်ကျွတ် ရပါလို၏လို့ ဆုတောင်းပြီး ပြုလုပ် ဖို့မှတစ်ပါး အခြားမရှိလို့ မှတ်ရပါမယ်။ မန်လည်ဆရာတော်ကြီး ကလည်း မဃဒေဝမှာ **လူတို့လောဘ၊ ကြီးကာလဥ်၊ ဒုဗ္ဘိက္ခဘေး၊**

**ငတ်မွတ်ရေးကြောင့်၊ ရိုးဖွေးတောင်မျှ၊ ပျက်စီးကြ၏၊ ဒေါသ တရား၊ ပွားလတ်သောခါ၊ ဓားမိုးရွာသို့၊ သတ္တဝါလူ့ဘုံ၊ ပြောဟုန် အမျက်၊ စစ်မက်ပြိုင်ခင်း၊ လက်နက်ခင်း၍ ချင်းချင်းသတ်ကြ၊ သွေးချောင်းကျ၏၊ မောဟလွန်ကြား၊ ဘီလူးစားသို့၊ ထူးပြားရောဂါ၊ ဝေဒနာဖြင့်၊ များစွာကပ်ရောက်၊ သေပျောက်လူရှင်၊ ထူပြော ဖျဉ်၏၊ လောဘမီးဟူ၊ ဒေါသမူရေ၊ မောဟလေတည်း၊ သုံးထွေ မူလ၊ ဤပါပ ကြောင့်၊ (ပါပဆိုတာ မကောင်းမှု ဒုစရိုက်) လောက အားလုံး၊ ထုံးသို့ကြေညက်၊ ကမ္ဘာပျက်ဟု၊ စဉ်ဆက်ကျမ်းတွင်၊ ဟောမိန့်ကျင်ခဲ့**-ဟု မဃဒေဝမှာ စပ်ဆိုထားတာတွေ့ရပါတယ်။

ဒ္ဓါကြောင့် ဒီဇနီးမောင်နှံတို့ကို လက်ညှိုးထိုးပြီး မြတ်စွာ ဘုရားကပြုံးတော်မူတယ်။ အာနန္ဒာက ပြုံးခြင်း အကြောင်းမေး တော့ မြတ်စွာဘုရားက သူတို့နှစ်ဦး ရှေးတုန်းက ဒီမြို့မှာ အချိန် ရှိခိုက် လုံ့လမစိုက်ခဲ့သဖြင့် ငါးကုန်နေတဲ့ ရေအိုင်ကြီးထဲမှာ ကြိုးကြာအိုကြီးများ မှိုင်ငေးပြီးတော့နေရသလို နေရကြောင်း အရွယ်သုံးပါးလုံးမှာ အရွယ်အလိုက် ကာမစီးပွားရှာခဲ့လျှင် ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစား သူဌေးကြီး များဖြစ်နိုင်ကြောင်း အကယ်၍ ဝိပဿနာဘာဝနာအလုပ် အား ထုတ်လို့ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့ရဲ့ အဖြစ်အပျက်ကို မြင် ကာ ဓမ္မစီးပွား ရှာခဲ့လျှင်လည်း ရဟန္တာ၊ အနာဂါမ်၊ သောတာပန် အထိဖြစ်နိုင်ကြောင်း အခုတော့ လောကစီးပွား ကုသိုလ်စီးပွား

ဆိုတဲ့ စီးပွားနှစ်မျိုးမှ ဆုတ်ယုတ်ပျက်စီးကာ စုံလုံးကန်းဖြစ်ကာ ဆင်းရဲရရှာကြောင်း ဟောကြားတော်မူခဲ့ပါ တယ်။

ဒီဝတ္ထုကို ထည့်ပြောရတာ တစ်ခြားမဟုတ်ပါဘူး။ ဒီဝတ္ထုကိုကြည့်ပြီးတော့ သင်္ခန်းစားယူရမှာက မိဘများသည် သားသမီးများအပေါ်မှာ တာဝန်မကျေခဲ့မှုကြောင့် အခုလိုဖြစ်ခဲ့ရတယ်ဆိုတာ တွေ့ရပါတယ်။ မိဘများရဲ့ တာဝန်ကျေအောင် လုပ်မည့် မိဘများဆိုလို့ရှိရင် သားသမီးများကို အချစ်မလွန်မိစေဘဲ တာဝန်နဲ့ ဝတ္တရားများကို ကျေအောင် ချစ်သင့်တယ် လုပ်သင့်တယ်ဆိုတာ သိဖို့ပါပဲ။ ဒီသူဌေးဇနီးမောင်နှံတို့ဟာ ဥပနိဿယဘဇ္ဇ လို့ခေါ်တဲ့ ရှေးဘဝက အခြေခံအကြောင်းရင်း ပါရမီကုသိုလ်ကောင်းများ ပါခဲ့ပါလျက် လူဖြစ်ရှုံးကာ နစ်မွန်းခဲ့ရသည်မှာ တာဝန်မကျေခဲ့မှုကြောင့်ဖြစ်ကြောင်း နမူနာယူဖို့ ထည့်သွင်းပြီးတော့ ပြောကြားရခြင်းဖြစ်ပါတယ်။

တာဝန်ကျေတဲ့ မိဘများကိုလည်း နမူနာယူနိုင်အောင် ဓမ္မပဒမှာပဲလာတဲ့ ကျောင်းဒကာ အနာထပိဏ် သူဌေးကြီးရဲ့ ဝတ္ထုကို အနည်းငယ်ဆက်၍ ပြောပါဦးမယ်။ ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးဟာ သားလေးမောင်ကာလ လိမ္မာလာအောင် ဆုံးမပုံကလေး အတုခိုးထိုက်ပါတယ်။ အဌကထာကလည်းပဲ ဒါကိုပြထားတယ်။ လူပျိုပေါက်ကလေး မောင်ကာလသည် ဖခင်စကားကို မနာခံ၊ ဘုရားထံမသွား၊ တရားလည်းမနာ

လူပေလူတေ လမ်းသရဲလေးဖြစ်နေတဲ့ သားကလေးကို စိတ်မကောင်းဖြစ်ကာ အကြံထုတ်ပြီးတော့ "ဟေ့ ချစ်သား မောင်ကာလ လူကလေးသွားကွာ ဥပုသ်စောင့်နော် တရားနာသွားရင် မင်းကို ငါငွေတစ်ရာပေးမယ်ကွ"-လို့ ပြောပါသတဲ့။ "အော် တကယ်လား ဖေဖေ ကျနော်သွားမယ်ဗျာ့"၊ ငွေလိုချင်တဲ့စိတ်ကလေးနဲ့ ဥပုသ်စောင့်ပြီး တရားမနာဘဲ တစ်နေရာမှာ ချောင်ခိုပြီး အိပ်ပြန်လာခဲ့ပါတယ်။

အိမ်ရောက်တော့ ထမင်းကျွေးပေမယ်လို့ ထမင်းမစားသေးဘူးတဲ့။ ငွေတစ်ရာရမှ စားမယ်ဗျာ့ ဆိုပြီးတော့ ငွေတစ်ရာလက်ထဲထည့်မှ ထမင်းစားပါသတဲ့ ဒီလိုနဲ့ပဲ အချိန်ကြာလာတော့ တစ်နေ့တော့ "ချစ်သား မင်း တရားမှတ်မိရဲ့လားကွ၊ မှတ်မိဘူး အဖေ၊ မှတ်မိအောင် မှတ်ခဲ့ကွာ ငါ့သားကြီးက လိမ္မာပါတယ်။ ငွေတစ်ထောင် တိုးပေးမယ်ကွ"-လို့ ပြောလိုက်ပြန်ပါသတဲ့။ ကာလကလည်း ငွေတစ်ထောင်ရမယ်ဆိုတော့ ဟာ ဒီတစ်ခါဘုရား တရားတော်ကို မှတ်မိအောင် မှတ်မှပဲဆိုပြီးတော့ မအိပ်တော့ဘူး။

မှတ်မိအောင် မှတ်မှပဲ မှတ်မှပဲဆိုပြီးတော့ တရားတော်ကို နာကြားရင်း နာကြားရင်းနဲ့ တရားသဘော ပေါက်ပြီး တရားဆုံးအောင်လည်း နာလိုက်ရော ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းကွာပြီးတော့ အပါယ်လေးပါးက လွတ်နိုင်တဲ့ သောတာပန်ဖြစ် သွားခဲ့

ပါသတဲ့။ ဒိဋ္ဌိဝိစိကိစ္ဆာကင်းတယ်ဆိုတာ ဒီနေရာမှာ အကျယ် ပြောရင်တော့ နိဗ္ဗာန်ရရန် သတိပဋ္ဌာန်စာအုပ်ကြီးဖတ်ဖို့ပါပဲ။ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေကို ရုပ်နာမ်ဓမ္မသင်္ခါရလို့ သိခြင်း သည် ဒိဋ္ဌိကင်းတဲ့ အသိပါပဲ။ အော် အကြောင်းကြောင့်ဖြစ်နေတဲ့ အကျိုးတရားတွေလို့ သိခြင်းသည် ဝိစိကိစ္ဆာကင်းတဲ့ အသိ တရားပါပဲ။ ဒီလို ဒိဋ္ဌိဝိစိကိစ္ဆာကင်းတဲ့ သောတာပန်ဖြစ်သွားတယ်။ ထိုအချိန်ကစပြီးတော့ ငွေတစ်ထောင်ပေးရာ မယူတော့ဘူးတဲ့။ မယူတော့ပါဘူးဖေဖေ ကျနော်မသိခင်က ယူခဲ့တာ ရှက်တောင် ရှက်စရာကောင်းပါတယ်။

လေးကျွန်းသနင်း စကြာမင်းစည်းစိမ်ထက် မြင့်မြတ်တဲ့ တရားချမ်းသာရလာလို့ ငွေတစ်ထောင် မယူတော့ကြောင်း မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါတယ်။ ဒီသက်သေ သာဓက တွေကြည့်ပြီးတော့ စာရှုသူ မိဘများလည်းပဲ မိမိတို့ သားသမီး လေးများကို ငယ်စဉ်တောင်ကျေး ကလေးဘဝကစပြီး တစ်စ တစ်စ သွန်သင်ဆုံးမသင့်ပါတယ်။ ယဉ်ကျေးလိမ္မာ ဗုဒ္ဓသာသနာ ဆိုတဲ့ အဆုံးအမကြီးကိုရအောင် ဘာသာရေးကိစ္စမှာ ယဉ်ကျေး အောင် ဆုံးမပေးသင့်ပါတယ်။ ကျောင်းဒကာ သူဌေးကြီးတို့က သားလေးအပေါ်မှာ မိဘတို့ တာဝန်ဝတ္တရား ကျေစေလျှက် အကောင်းဆုံးဖြစ်သော ချီးမြှောက်မှုကို အတုနမူနာယူပြီးတော့ ချီးမြှောက်သင့်ကြပါတယ်။ မိဘများသည် မိမိတို့အောက် ညွှ့

ဖျင်းသော သားသမီးမျိုးကို ဘယ်တော့မှ မလိုလားကြပါဘူးတဲ့။ မိမိတို့သားသမီး လေးများကို ပစ္စည်းဥစ္စာ အမွေပေးမှုထက် အသိအလိမ္မာ ယဉ်ကျေးအောင် ဉာဏ်ပညာ ပေးမှုဟာ ပိုပြီး တော့ မိဘများသည် သားသမီးများအပေါ်မှာ ချစ်ရာရောက် ပါသတဲ့။ သားသမီးများကို အလိုလိုက် အကြိုက်ဆောင်ကာ တာဝန်ကျေအောင် မဆုံးမသောမိဘများသည် ချစ်ရာမရောက် ဘဲ နှစ်ရာရောက်တတ်သဖြင့် ရန်သူများပင် ဖြစ်ကြောင်း ဟောကြားထားတာကို သတိပြုသင့်ပါတယ်။ မိဘများသည် မိမိတို့အောက် ညံ့တဲ့သားသမီး မလိုချင်ဘူး။ မိမိတို့ထက် မြတ်တဲ့သားသမီး အတိဇာတ၊ မိမိတို့နှင့် တန်းတူဖြစ်တဲ့ အနုဇာတ သားသမီးမျိုးတို့ကိုသာ အလိုရှိကြောင်း ဣတိဝုတ်မှာ မြတ်စွာဘုရား ဟောကြားထားတော်မူခဲ့ပါတယ်။

ဒီမှာ မောင်ကာဠုသည် အဖေနှင့် အစတုန်းကတော့ အဖေ့အောက် ယုတ်ညံ့တဲ့သားသမီး အဝဇာတ သားသမီးလေး ဖြစ်နေခဲ့ပါတယ်။ နောက်တော့ တစ်စတစ်စ သွန်သင်ဆုံးမ ယဉ်ကျေးလိမ္မာ ဗုဒ္ဓသာသနာ အဆုံးအမကို မှီပြီးတော့ သား လေး မောင်ကာဠုသည် အဖေနှင့်တန်းတူ သောတာပန် အရည် အချင်းတူလို့ အနုဇာတ သားဖြစ်တယ်လို့ ကျမ်းဂန်များမှာ ဖွင့်ဆို ထားတာ တွေ့ရပါတယ်။

ဒါ့ကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အဆုံးအမဟာ ကလေးသူငယ်များ ယဉ်ကျေးသိမ်မွေ့ စေနိုင်ပါတယ်။ ယဉ်ကျေး သိမ်မွေ့စေနိုင်တာဖြစ်လို့ ဤစာအုပ်ကိုလည်း ယဉ်ကျေးလိမ္မာ ဗုဒ္ဓသာသနာလို့ နာမည် တပ်ခြင်းဖြစ်ပါတယ်။

နောက်တစ်ခါ တပည့်တာဝန် ဝတ္တရားငါးပါးဆိုတာ မြတ်စွာဘုရား ဟောပြန်ပါတယ်။ "**ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ**"လို့ ဆိုတဲ့အတိုင်း တပည့်သည် တောင်အရပ်ဖြစ်တဲ့ဆရာသမားတို့ကို ...

(၁)ဆရာကိုမြင့်လျှင် နေရာမှ ထကာ
ခရီးဦးကြိုဆိုပေးရခြင်း။
(၂)ဆရာ့ထံ အမြဲချဉ်းကပ် ခစားရခြင်း။
(၃)ဆရာ့စကား နားထောင်ရခြင်း။
(၄)ရိုသေစွာ ပြုစုလုပ်ကျွေးရခြင်း။
(၅)အတတ်ပညာ ကောင်းစွာသင်ကြား
လေ့ကျက်ပေးရခြင်းဆိုတဲ့ တပည့်ကျင့်ဝတ်ငါးပါးတို့ဖြင့်
ဆရာ သမားတို့ကို ရိုသေသမှု စောင့်ရှောက်ခြင်း
ပြုပေးရမယ်။

ရိုသေသမှု စောင့်ရှောက်ခြင်း တစ်ဦးနဲ့တစ်ဦး ရိုသေမှု ရှိခဲ့လို့ အကျိုးရှိပုံကိုလည်း တိတ္တိရဇာတ်မှာ ဟောကြားထား

တဲ့အတိုင်း မဃဒေဝမှာလည်းပဲ မှတ်တမ်းတင် ထားပါတယ်။ **ရှေးဝယ်သောခါ၊ တောဟောမာဠ်၊ ပညာမြော်မြင်၊ ခါမျောက်ဆင်တို့၊ ညောင်ပင်တစ်ခု၊ သက်သေ ပြု၍၊ ဂုဏဝုမ္မာ၊ ပစာယန၊ ကျင့်ကုန်ကြကြောင့်၊** (ဂုဏဝမ္မာ-ဆိုတာ ဂုဏ်ကြီးသူ အသက်ကြီးသူကို ဆိုလိုတယ်။ ဒီခေတ် ဒီအခါ ဒီကာလမှာ ဘုန်းကြီးတို့ သက်ကြီးပူဇော်ပွဲ လုပ်နေတာတွေဟာ ဒီဇာတ်တော်အရ ကြည့်လုပ် နေတာပါ)**လူမျှမတန်၊ တိရစ္ဆာန်လျှက်၊ နတ်ထံမှချ၊ ရောက်ကုန်ကြ၏**-လို့ မဃဒေဝမှာ ဆုံးမထားခဲ့ပုံကိုလည်း တွေ့ရပါတယ်။

တပည့်ဝတ္တရားငါးပါးရှိသလို ဆရာတို့မှာလည်း ကျင့်ဝတ်ငါးရှိကြောင်း မြတ်စွာဘုရား ဟောပြန်ပါတယ်။ "**အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ**"ဆိုတဲ့ အတိုင်း ဆရာသမားသည် တပည့်များကို

(၁)အနေအထိုင် အစားအသောက်စသည် ဆုံးမသင့်သောအရာကို ကောင်းမွန်စွာဆုံးမပေးရခြင်း။
(၂)သင်ကြားပေးသင့်သော အရာဌာနတို့ကို ကောင်းမွန်စွာသင်ကြားပေးရခြင်း။
(၃)အလုံးစုံသော အတတ်ပညာများကို သင်ကြားပေးရခြင်း။

(၄)မိတ်ကောင်းဆွေကောင်းများထံ အပ်နှံပေးရခြင်း။
(၅)သွားလေရာရာ အရပ်မျက်နှာတို့၌ အရာရာတို့ကို စောင့်ရှောက်ပေးရခြင်းဆိုတဲ့ ဆရာ့ကျင့်ဝတ်ငါးပါး တို့ဖြင့် တပည့်တို့ကို ပြုစုစောင့်ရှောက်ပေးရမယ် ဟောတော်မူပြန်ပါတယ်။

ဤကဲ့သို့ ဆရာတပည့် အချင်းချင်း တာဝန်ကျေ စေရမယ်လို့ ဆိုလိုပါတယ်။ ဆရာသမားက ဆုံးမသင့်တဲ့နေရာမှာ မဆုံးမဘဲ ထားခဲ့လို့ ပျက်စီးတတ်ပုံ၊ ဆုံးမတာကို လိုက်နာလို့မို့ အကျိုးကြီးပုံတို့ကို ဇာတ်တော် တွေထဲမှာ ဟောထားတာတွေ ရပါ တယ်။

ရှေးအခါက ဇာတ်တော်တစ်ခုထဲမှာ အပြစ်မြင်တတ်တဲ့ တပည့်တစ်ဦးရှိခဲ့ဘူးပါတယ်။ ဗာရဏသီမင်းကြီးရဲ့ သားကလေး ဗြဟ္မဒတ်ပါပဲ။ တက္ကသိုလ်ဆရာကြီးရဲ့ အထံမှာ ပညာသင်ကြား ခဲ့ရပါတယ်။ ဗြဟ္မဒတ်မင်းသားက ဆရာကြီးနဲ့ ရေချိုးသွား ရန်လိုက်ခဲ့ကွာဆိုပြီးတော့ အသွားလမ်းခုလပ်မှာ အဖွားအို တစ်ယောက်ရဲ့ နှမ်းတွေ လှမ်းထားတဲ့ နှမ်းဖျာကနေ နှမ်းတစ်ဆုပ်ကို ယူပြီးတော့ စားသောက်ပါသတဲ့။

အဖွားအိုက "အော် သူ့ခမျာ ဆာလွန်းရှာလို့နဲ့တူပါရဲ့ ဒီတစ်ကြိမ် စားပါစေ"-ဆိုပြီးတော့ စားချင်လွန်း၍ စားတာပဲ ဖြစ်ပါလိမ့်မယ်ဆိုပြီးတော့ ဘာမှမပြောဘဲနဲ့ ခွင့်လွှတ်ခဲ့ပါသတဲ့။

ဒုတိယနေ့မှာလည်း ထိုနည်းအတူပဲ နှမ်းတစ်ဆုပ်ယူစား၊ တတိယနေ့မှာလည်း ထိုနည်းအတူပဲ နှမ်းတစ်ဆုပ်ယူစားတော့ ဆရာကြီးကို တိုင်ပါသတဲ့။ ဆရာကြီးက **"သူများဥစ္စာ၊ သူ့ဘဏ္ဍာကို၊ မေတ္တာမရှေး၊ သူမပေးက၊ ဆေးတစ်ရိုးမျှ၊ မယူရ၊ ရှောင်ကြဉ်တပည့်တွေ၊ နာနာကျင်ကျင်၊ အပြစ်မြင်သော်၊ ဆောလျှင်ခဏ၊ ဆုံးမရ၊ ဆရာ့တာဝန်တွေ"** ဆိုတဲ့အတိုင်း အဖွားအိုကြီးရှေ့မှာပဲ ဝါးခြမ်းစိပ်ကလေးဖြင့် သုံးချက်တိတိ ရိုက်ပြီးဆုံးမလိုက်ပါသတဲ့။

မင်းသားလေးသည် လူ့ရှေ့သူ့ရှေ့ရိုက်သဖြင့် ရှက်ကလည်းရှက် နာကလည်းနာတော့ အေး ငါမင်းဖြစ် ရင်တော့ လက်စားချေမယ်ကွာ့လို့ ကြံစည်ထားပါသတဲ့။ ပညာများစုံလို့ တိုင်းပြည်ပြန်ကြတဲ့အခါမှာ ရှင်ဘုရင် ဖြစ်သွားပါတယ်ဆိုပါစို့။ ဆရာကြီးအား မိမိအား ပညာသင်ချိန်က လူပုံအလယ်မှာ ဆုံးမခဲ့တာကို ပြန်လည်ပြီးတော့ သတိရပြီး ဆရာကြီးအား လက်စားချေလိုစိတ်တွေနဲ့ အမြဲတမ်း ဆရာကြီးကို ဘိတ်မန္တကပြုပါသတဲ့။ ဆရာကြီးကလည်း ပထမအရွယ်ဆိုတော့ ပညာဉာဏ်နုံ့ငယ် သေးတယ်ဆိုပြီးတော့ မသွားဘူး။ ဒုတိယအရွယ် ရောက်ခါကျမှ ဆရာကြီးက မြတ်သောမင်းကြီး သင်ငယ်စဉ်က သင့်ကို မဆုံးမခဲ့လျှင် လမ်းသွားလမ်းလာများ ကျေးရွာများ တစ်စတစ်စ စသည်ဖြင့် လုယက်တိုက်ခိုက်မှုတွေဖြစ်လို့ မင်းဒဏ်အမျိုးမျိုး

ကျခံရလျှက် ယခုလို အသင် မင်းဖြစ်နိုင်ပါ့မလား မင်းမဖြစ်နိုင်ဘူး။ အကျွန်ုပ်ဆုံးမပြီး ရိုက်ခဲ့လို့သာလျှင် ယခုလို မင်းဖြစ်နေရကြောင်း ပြောပြလိုက်ရာ သတိကြီးစွာ ရပြီးတော့ ရန်ညိုးများ ပြေပျောက်ပြီးတော့ ဆရာ့ခြေရင်း ဝပ်စင်းပြီး ပရောဟိတ် ပညာရှိ အမတ်ကြီး ရာထူးခန့်ပြီးတော့ ဆရာ့အဆုံးအမကို ရာသက်ပန် ခံယူသွားကြောင်း ဇာတ်တော်မှာပါပါတယ်။ ဤကဲ့သို့ တာဝန်ကျေပုံကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ပြောလိုရင်းဖြစ်ပါတယ်။

လင်ယောကျ်ားရဲ့ ကျင့်ဝတ်ငါးပါးကို ပြပါ့မယ်။ "**မထီမဲ့ကင်း အပ်နှင်းဉစ္စာ၊ မို့စွာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာလို့**" ဆိုတဲ့အတိုင်းပဲ လင်ယောကျ်ားသည် မိမိချစ်ခင်လှစွာသော ဇနီးမယားကို

(၁)မထီမဲ့မြင့် မပြောမဆိုပဲ မြတ်မြတ်နိုးနိုး ယုယုယယ ခေါ်ဝေါ်ပြောဆိုရမယ်။
(၂)နှိမ့်ချပြီး မပြောဆို မဆက်ဆံရဘူး။
(၃)အခြားသော မိန်းမများနှင့် မပျော်ပါးပဲ မိမိသားမယားအပေါ်မှာ သစ္စာစောင့်သိရမယ်။
(၄)ရော့အမြဲဆိုပြီး သော့တွဲပါအပ်ပြီး စည်းစိမ်ဉစ္စာ အစိုးရမှုအားလုံးကို အပ်နှံထားရမယ်။
(၅)သင့်လျော်တဲ့ ဝတ်စားတန်ဆာများ ဝယ်ခြမ်း

ဆင်မြန်းပေးရမယ်ဆိုတဲ့ ဝတ်တရားငါးပါးတို့ဖြင့်
လင်ယောကျ်ားသည် ဇနီးမယားကို
စောင့်ရှောက်ပေးရမယ်လို့ ဟောကြားထားပါတယ်။
မိမိရဲ့ ဇနီးမယားအပေါ် မှာ ခေါ်တဲ့ ပြောတဲ့အခါမှာ
အေးအေးရေ ထွေးထွေးရေ မြင့်မြင့်ရေ တင့်တင့်ရေ
သားတို့မေမေရေ သမီးတို့မေ မေရေ စသည်ဖြင့်
ဂုဏ်ပြုမြှောက်စားပြီးတော့ ပြောကြားသုံးနှုန်းရမယ်။

အစေခံအလုပ်သမားများကို ကြိမ်းမောင်းပြောဆိုသလို အများအထင်အမြင်သေးဘွယ်ရာဖြစ်တဲ့ နှိမ့်ချတဲ့စကားမျိုး မပြောရဘူးလို့ ဆိုလိုပါတယ်။ မိန်းမသားတို့သဘာဝ တန်ဘိုးကြီးလှတဲ့ မဟာလတာ တန်ဆာမျိုး ဝတ်ဆင်နေရပေမယ်လို့ လင်ယောကျ်ားရဲ့ အပြုအစု အယုအယ မခံရဘူးဆိုလျှင် မီးဖိုချောင်လုပ်ငန်းအားလုံး မလုပ်ရဘူးဆိုလျှင် စိတ်ဆိုးတတ်ကြစမြဲဖြစ်တယ်။ ယောင်းမကိုပေးပြီး မင်းသဘော မင်းအကြိုက်လိုက်ပြီး စီမံခန့်ခွဲပါလို့ မီးဖိုချောင်တစ်ခုလုံးပိုင်ဆိုင်မှုကို အပ်နှင်းရမယ်လို့ ဟောကြားထားတာ တွေ့ရပါတယ်။

မယားတို့ကလည်းပဲ လင့်အပေါ်မှာ ကျင့်ရမည့် ကျင့်ဝတ်ငါးပါး ရှိပါတယ်။ "**အိမ်တွင်းမှုလုပ်၊ သိမ်းထုတ် သေချာ၊ မိတ္တာကြည်ရှောင်၊ လျှော်အောင်ဖြန့်ချီ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ**"ဆိုတဲ့အတိုင်း မိမိရဲ့ အရှင်လင်ယောကျ်ား

အပေါ်မှာ ကျင့်ဝတ်နှင့်အညီ ချီးမြှောက်လေ့ရှိတဲ့ လင်ယောကျ်ား ကို မယားကလည်း တာဝန်မလစ်ဟင်းရအောင် အောက်ပါ ကျင့်ဝတ်ငါးပါးတို့ဖြင့် တုံ့ပြန်လျှက် ပြုစုလုပ်ကျွေးပေးရပါလိမ့် မယ်။

(၁)အိမ်တွင်းမှု လုပ်ငန်းကိစ္စအဝဝကို ပြုလုပ်ပေးရမယ်။
(၂)နှစ်ဖက်ဆွေမျိုးတို့ကို သင့်လျှော်အောင်
ထောက်ပံ့ပေးကမ်းရမယ်။
(၃)အခြားယောကျ်ားများနှင့် မပျော်ပါးပဲ
မိမိလင်သားအပေါ်မှာ ကောင်းစွာစောင့်ရှောက်ရမယ်။
(၄)ပစ္စည်းဥစ္စာများကို ကောင်းမွန်စွာ
ထိန်းသိမ်းစောင့်ရှောက်ရမယ်။
(၅)ချက်ပြုတ်မှုစသည်တို့၌ လုပ်ကိုင်နိုင်စွမ်းရှိ၍
မပျင်းမရိလုပ်ရမယ်ဆိုတဲ့ မယားဝတ္တရားရှိပါတယ်။
ဒီဝတ္တရားငါးပါးတို့ဖြင့် မိမိတို့၏ အိမ်ဦးနတ်ဖြစ်တဲ့
လင်ယောကျ်ားကို ရိုသေစွာ
စောင့်ရှောက်ရမှာဖြစ်တယ်လို့ ဟောပါတယ်။

ဤသို့ ဇနီးမောင်နှံနှစ်ဦးတို့သည် ချစ်ခင်ကြင်နာယုယ စွာ တာဝန်ဝတ္တရားများ ကျေပွန်ပြီးတော့ အကျင့်သီလနှင့် ပြည့်စုံနေသော မိသားစုဖြစ်ပါက အမြဲတမ်းပင် ယဉ်ကျေးလိမ္မာ

ပြီးတော့ ကျက်သရေမင်္ဂလာရှိတဲ့ သီရိဂေဟာအိမ်ဖြစ်တယ်လို့ ဟောကြားထားပါတယ်။

ဤကဲ့သို့သော တာဝန်သိသိ သစ္စာရှိရှိ ဇနီးမောင်နှံ စုံတွဲတို့ကို ဘုရားရှင်ကိုယ်တော်မြတ်ကလည်း နတ်သားနတ်သမီး ဇနီးမောင်နှံအဖြစ် ချီးကျူးထားကြောင်း အင်္ဂုတ္တိုရ်ပါဠိတော်မှာ သုဇာတာကိုအကြောင်းပြုပြီး ဟောကြားထားတာ တွေ့ရပါတယ်။ အဲဒီပါဠိတော်မှာ လင်စုံမယားစုံ အတွဲလေးမျိုး ဟောကြားထားပါတယ်။

(၁)လင်ရောမယားပါ တာဝန်မကျေပဲ သီလမရှိကြပါလျှင် လူသေလင်နှင့်လူသေမယား ပေါင်းရသလိုပဲ ဆိုပြီးတော့ အတွဲတစ်တွဲဟောကြားထားပါတယ်။ ဘာဖြစ်လို့ လူသေလင်နဲ့ လူသေမယားဆိုရသလဲဆိုရင် အကျင့်သီလ စာရိတ္တ ယဉ်ကျေးသိမ်မွေ့မှုမရှိ သီလဆုံးရှုံးပျက်စီးပြီး မတိုးတက်လို့ အသက်ပင်ရှင်နေပြားသော်လည်း လူသေလင်နှင့် လူသေမယားလို့ ဘုရားရှင် ဟောကြားထားတာဖြစ်ပါတယ်။ ဒီလို နံပါတ်(၁) အတွဲမျိုးကလည်း လောကမှာ မရှားလှပါဘူး။ ဥပမာအားဖြင့် သိလွယ်လှပါတယ်။ ဝေဿန္တရာဇာတ်တော်လာ စပိုးနင့်သေတဲ့ ဇူဇကာပုဏ္ဏားအတွဲလိုပါပဲ။ ဒီခေတ်မှာလည်းပဲ လင်ကလည်း စာရိတ္တပျက်၊ မယားကလည်း စာရိတ္တပျက် ဒီလိုပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။

(၂)လင်ကသီလမရှိဘူး မယားကသာ သီလရှိလျှင်တော့ လူသေယောက်ျားနဲ့ နတ်သမီးမယားပေါင်းရသလိုပဲလို့ဆိုတဲ့ အတွဲတစ်တွဲရှိပါတယ်။ ဒါလည်းပဲ လောကဥပမာအားဖြင့်ပြောမယ်ဆိုလို့ရှိရင် စာပေအရပြော မင်ဆိုလို့ရှိရင်တော့ဘုန်းကြီးတို့ ဒီလင်မုဆိုး မယားသောတာပန်ဆိုတဲ့ ဓမ္မပဒလာဝတ္ထုများပါပဲ။ ဓမ္မပဒမှာလာတဲ့ လင်မုဆိုး မယားသောတာပန်ဆိုတာ ဘုန်းကြီးတို့ ဒီ မိန်းကလေးက သောတာပန်မလေး(၁၆)နှစ်သမီး၊ သူ့ရဲ့လင်ယောက်ျား မုဆိုးကြီးက တစ်သက်လုံးမုဆိုးလုပ်နေတဲ့ သီလပျက်နေတဲ့ မုဆိုးကြီးဆိုတော့ ဒါဟာ စဉ်းစားကြည့်ပေတော့။ လင်က သီလမရှိဘူး မယားက သီလရှိတယ်ဆိုတာ ထင်ရှားပါတယ်။

ဓမ္မပဒမှာပဲ ကုဏ္ဍလကေသီဝတ္ထုမှာ ကြည့်မယ်ဆိုလို့ရှိရင် ခိုးသားဓားပြကြီးနှင့် သူဌေးသမီးတို့ အကြောင်းပါတဲ့ဝတ္ထုကိုလည်း ကြည့်နိုင်ပါတယ်။

(၃)လင်ကသီလရှိပြီး မယားက သီလမရှိတဲ့ အတွဲပါ။ လင်ကသီလရှိပြီး မယားက သီလမရှိလျှင်လည်း နတ်သားလင်နှင့် လူသေမယားတွဲရသလိုပါပဲတဲ့။ ဝိမာနဝတ္ထုတို့ ဓမ္မပဒတို့မှာ ဟောကြားထားတဲ့ ရေဝတီဝတ္ထုဟာ သက်သေပါပဲ။ ဓမ္မပဒမှာ ရှိတဲ့ သူခိုး ဓားရိုးကမ်းတဲ့ဝတ္ထုဟာလည်းပဲ သက်သေပါပဲ။

ရေဝတီဝတ္ထုမှာ ကြည့်မယ်ဆိုလို့ရှိရင် ရေဝတီက သီလ မရှိဘူး။ သဒ္ဓါတရား မကောင်းဘူး။ နန္ဒိယကတော့ သဒ္ဓါတရား ကောင်းတယ်၊ သီလရှိတယ်၊ မသေခင်က နတ်ပြည်မှာ ဗိမာန် ပေါက်နေတဲ့ ဘုရားကျောင်း ဒါယကာ နန္ဒိယ။ ရေဝတီကတော့ ဟန်ဆောင်တဲ့မိန်းမ။ အရှင်လတ်လတ်ကိုပဲ နတ်တွေကနေ သူ့ကို ငရဲသို့ပို့ ဆောင်ပေးရတဲ့ အမျိုးသမီးပါပဲ။

သူခိုးဓားရိုးကမ်းတယ်ဆိုတဲ့ ဝတ္ထုမှာလည်းပဲ ဒါကတော့ အလွန်မတန်ပဲ ထင်ရှားပါတယ်။ ပဉ္စကနိပါတ် ဇာတ်တော်မှာပေါ့ လေ စူဠဓနုဂ္ဂဟဇာတ်ဆိုတာ ရှိပါတယ်။ တက္ကသိုလ်ဆရာကြီးက သဘောကျပြီး ဘုန်းကြီးတို့ ဘာခေါ်လဲ မြားပစ်ချန်ပီယံပေါ့ အတတ်ပညာကျွမ်းကျင်လိမ္မာပြီး အလွန်မတန် အကျင့်စာရိတ္တ ကောင်းမွန် တပည့်လေးကို ဖခင်တက္ကသိုလ်ဆရာကြီးက သမီးနဲ့ ပေးစားလိုက်ပါတယ်။ လမ်းမှာ ခိုးသားငါးဆယ်နဲ့တွေ့ပြီးတော့ လင်ယောကျ်ားက မြားနဲ့ပစ်ရာ ၄၉-ယောက်သေဆုံးပြီးတော့ သူခိုးဗိုလ်ကြီးတစ်ယောက်ထဲ ကျန်တယ်။ မြားကလည်း ကုန်ပြီ၊ ဒီအချိန်မှာ ဗိုလ်ကြီးနဲ့ နပန်းလုံးနေတော့ မိန်းမလက်ထဲမှာရှိတဲ့ ဓားကိုတောင်းတာ မိန်းမက မြင်မြင်ချင်း သူခိုးကိုသနားပြီးတော့ ကြည့်စမ်း ငါ့ယောကျ်ားက လေးနဲ့သတ်ပစ်တာ ၄၉-ယောက် တောင် သတ်ပစ်တာ သူခိုးဗိုလ်ကြီးတစ်ယောက်ပဲ ကျန်တော့ တယ်။ သူ့လက်ထဲ ဓားရိုးပေးလိုက်လို့ရှိရင် ဒီသူခိုး ဗိုလ်ကြီးကို

သတ်ပစ်တော့မှာပဲဆိုပြီး မြင်မြင်ချင်း သူခိုးဗိုလ်ကြီးကို ချစ်ခင်တဲ့ တဏှာရာဂစိတ်သက်ဝင်ပြီးတော့ ယောက်ျားကို ဓားသွားပေးပြီး တော့ သူခိုးဗိုလ်ကြီးဘက် ဓားရိုးကမ်းတယ်။ ဒါ့ကြောင့် ရှေး ခေတ်ကနေ ယခုခေတ်တိုင်အောင် ဒီကောင်မ သူခိုး ဓားရိုးကမ်း တယ်လို့ ပြောကြတဲ့ ထုံးစံရှိပါတယ်။ အဲဒီဝတ္ထုတွေ ကြည့်မယ် ဆိုလို့ရှိရင် လင်ကတော့သီလရှိတယ်။ မယားက သီလမရှိဘူးဆို တာ မှတ်သားထားဖို့ပါပဲ။

(၄)စုံတွဲကတော့ နှစ်ဦးလုံး သီလရှိကြတဲ့ နတ်သား လင်နဲ့ နတ်သမီးမယားပါပဲ။ ဒါ အလွန်မတန် ကောင်းတဲ့အတွဲ ပါပဲ။ ဒီဃီဟိဝိနယသုတ္တန်ခေါ်တဲ့ သိင်္ဂါလသုတ္တန်အရ ကျင့်ဝတ် တွေနဲ့ ညီညွတ်တဲ့ ဇနီးမောင်နှံပဲလို့ ဆိုရပါလိမ့်မယ်။ ဒီဝတ္ထုတွေ ကလည်း အလွန်မတန်မှ ထင်ရှားပါတယ်။ အင်္ဂုတ္တိုရ်အဋ္ဌကထာ ပထမအုပ်မှာ ဟောကြားထားတာ အများကြီးပါပဲ။ အဲဒါ ဘာတွေ လဲဆိုလို့ရှိရင် အကျွမ်းတဝင် တွေဒဂ်ရတဲ့ နကုလပိတာ နကုလမာတာ စုံတွဲပါ။ လင်ကလည်း သီလရှိ မယားကလည်း သီလရှိ။ ဘုန်းကြီးတို့ ဘုရားလက်ထက် ပိပ္ပလိတို့ ဘဒ္ဒါတို့ စုံတွဲ။ နောက်တစ်ခါ မဟာကပ္ပိနမင်းနဲ့ အနော်ဇာဒေဝီတို့ စုံတွဲ။ အဲဒီ အင်္ဂုတ္တိုရ် အဋ္ဌကထာ အပါဒါန် အဋ္ဌကထာတို့မှာလာတဲ့ ဒီဝတ္ထု တွေဟာ တကယ့်ကို အတုနမူနာယူထိုက်တဲ့ ယဉ်ကျေးလိမ္မာ သိမ်မွေ့ရာတဲ့ ယဉ်ကျေးတယ် လိမ္မာတယ် သိမ်မွေ့တယ်ဆိုတာ

ကျင့်ဝတ်တွေပြည့်စုံတာကို ခေါ်တာနော်။ အဲလို ကျင့်ဝတ်တွေ ပြည့်စုံပြီးတော့နေတဲ့ လင်ရောမယားပါ နှစ်ဦးလုံး သီလရှိပြီး တော့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ယုယု ယယနဲ့ နေရမယ် ဆိုလို့ရှိရင် အလွန်မတန်ပဲ ပျော်စရာကောင်းတဲ့ စုံတွဲပါပဲ။

နှစ်ဦးလုံး သီလရှိတဲ့ နတ်သားလင်နဲ့ နတ်သမီးစုံတွဲလို့ ဘုရားရှင်ကိုယ်တော်မြတ်က ဟောကြားထားပါ တယ်။ ဤအတွဲ နှစ်ဦးလုံး တာဝန်ကျေတယ်။ ကိုယ်ကျင့်သီလ အာစာရကောင်း တယ်။ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင် မှုမရှိဘူးဆိုရင် အလွန်မတန် ကျက်သရေမင်္ဂလာရှိတဲ့ သီရိဂေဟာ အတွဲလို့ဆိုနိုင်ပါတယ်။ ဤ အတွဲမျိုးဟာ လူ့ဘဝမှာလည်း ကိုယ်ရောစိတ်ပါ ချမ်းသာပြီး တော့ နတ်ပြည်လောက နောင်ဘဝရောက်ပြန်တော့လည်း အလွန်မတန်ချမ်းသာတဲ့ ပျော်ရွှင်မှုမျိုးနဲ့ နေရမှာဖြစ်ကြောင်း ဘုန်းကြီးတို့ အင်္ဂုတ္တိုရ်ပါဠိတော်ပထမအုပ် သံဝါသသုတ်မှာ မြတ်စွာဘုရား ဟောကြားထားတာတွေ့ရပါတယ်။ ဒါ အလွန် မတန်ပဲ အတုယူ လိုက်နာသင့်တဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ အကြောင်းအရာတွေပါပဲ။

ဒီနေရာမှာကြည့်မယ်ဆိုလို့ရှိရင် အင်္ဂုတ္တိုရ် အဋ္ဌကထာ ဒုတိယအုပ်မှာ ဟောကြားထားတဲ့ ဇာတက အဋ္ဌကထာမှာလည်း ဒုတိယအုပ်မှာ ဟောကြားထားတဲ့ မယား(၇)မျိုး၊ လင်(၈)မျိုး တို့ကိုလည်း သိသင့်ပါတယ်။ မယား(၇)မျိုးဆိုတာက ဘာတွေ

လည်း ဆိုလို့ရှိရင် မဃဒေဝလင်္ကာအရ ဒါ ဘုရားဟောအတိုင်း စီထားတာနော်။ "**မယားခုနစ်မျိုး၊ ရှိမြဲရိုးတွင်၊ သူခိုးအရှင်၊ လူသတ်သွင်သို့ အကြင်မယား၊ လားဓါင်ရဲ၊ အမြဲမှတ်ဘိ၊ အမိတမျှ၊ နှမမယွင်း၊ ခင်ပွန်းသဖွယ်၊ ကျွန်နှယ်လေးဖြာ၊ မယားမှာကား၊ နိမ္မာနတ်ပြည်၊ လားမြဲ မည်၏၊ ယင်းသည့် လေးသွယ်၊ မယားဝယ်လည်း၊ ကျွန်နှယ်အလား၊ ထိုမယားမူ၊ ယောက်ျားဆုပန်၊ ဘုရားဆုကောင်း၊ တောင်းကမလွတ်၊ မချွတ်တူတည်၊ ပြည့်မြဲမည်၏**"-လို့ မဃဒေဝလင်္ကာကြီးတွင် စပ်ဆိုထား တာတွေ့ ရပါတယ်။

ဒါလည်း အနာထပိဏ်သူဌေးရဲ့ချွေးမ သုဇာတာကို အကြောင်းပြုပြီးတော မြတ်စွာဘုရား အင်္ဂုတ္တိုရ် အဋ္ဌကထာ ဒုတိယအုပ်၊ ဇာတကအဋ္ဌကထာ ဒုတိယအုပ်တို့မှာ ဟောကြာ းထားတာ တွေ့ရပါတယ်။ အဓိပ္ပါယ် တိုတိုပြောရယင်တော့

(၁)သူခိုးနဲ့တူတဲ့မယား။

(၂)အရှင်သခင်နဲ့တူတဲ့မယား။

(၃)လူသတ်သမားနဲ့ တူတဲ့မယား ဆိုပြီး

ဒီမယားသုံးဦးတို့ကတော့ မကောင်းတဲ့မယား

သုံးဦးခေါ်ပါ တယ်။ ဂဟပတဂ္ဂိလို့ခေါ်တဲ့ အိမ့်ရှင်လင်

ယောက်ျားမီး အလောင်ခံရသဖြင့် သေရင်ငရဲသို့

ကျရောက်ရမည့် မယားတို့ဖြစ်ကြောင်း ဟောကြားထားပါတယ်။

(၄)အမိနဲ့တူတဲ့ မယား၊
(၅)နှမနဲ့ တူတဲ့မယား၊
(၆)မိတ်ဆွေခင်ပွန်းနဲ့ တူတဲ့မယား၊
(၇)ကျွန်နဲ့တူတဲ့ မယားဆိုပြီး
ဤမယားလေးမျိုးတို့ကတော့ လင်ယောကျ်ားအပေါ်မှာ အစစအရာရာ သည်းခံခွင့်လွှတ်နိုင်တဲ့ မိန်းမဖြစ်သဖြင့် မိန်းမကောင်းမယားကောင်းဖြစ်ပါတယ်။ သေရင် နိဗ္ဗာနရတိနတ်ပြည် ရောက်ရမယ်လို့ ဆိုလို ပါတယ်။ ဒီအထဲမှာ ကျွန်နဲ့တူတဲ့ မယားကတော့ ဘုရားဆုတောင်းရင် မချွတ်ကေန် ဘုရားဖြစ်နိုင်တဲ့ ဘုရား အလောင်းဖြစ်နိုင်တယ်လို့ ဟောကြားထားတာတွေ့ရပါတယ်။

လင်(၈)မျိုးတို့ဆိုတာကတော့ မဃဒေဝလင်္ကာမှာပဲ **"လင်မွဲလင်နာ၊ လင်သူရာကြိုက်၊ လင်မိုက်လင်ပျင်း လင်ဖျင်း လင်အို၊ အလိုမပြည့်၊ မပြည့်ဆန္ဒ၊ ရှိတုံကလျှင်၊ မိန်းမဟူသည်၊ ဤရှစ်မည်ကြောင့်၊ မကြည်မသာ၊ အနာဒရ(မရှိသေတာကို ပြောတာပါ)၊ ပြုတတ်စွာ့ရှင့်"**လို့ မဃဒေဝ ဆရာတော်ကြီးက

ရေးသားထားတာတွေ့ရ ပါတယ်။ တိုတို အဓိပ္ပါယ်ရှင်းရယင် တော့

(၁)ဆင်းရဲမွဲတေသော လင်ယောကျာ်း၊
(၂)အနာရောဂါ စွဲကပ်နေ သော လင်ယောကျာ်း၊
(၃)အကျင့်စာရိတ္တပျက်ပြားနေတဲ့ အရက်သမား၊
(၄)အကောင်းအဆိုး မသိတတ်တဲ့ မိုက် မဲတဲ့ လင်ယောကျာ်း၊
(၅)နုံတုံတုံ အတတ ညံ့ဖျင်းတဲ့လင်ယောကျာ်း၊
(၆)လုံ့လဝီရိယမရှိ ပျင်းရိနေသော လင်ယောကျာ်း၊
(၇)အားအင်ယိုယွင်းပြီး အိုမင်းနေတဲ့လင်ယောကျာ်း၊
(၈)မိန်းမရဲ့ အလိုဆန္ဒဟူသမျှ ဖြည့်မပေးနိုင်တဲ့ လင်ယောကျာ်းတို့ကို မကြည်ဖြူဘူးတဲ့ အနာဒရ မရှိသေတတ်သဖြင့် အမျိုးသားတိုင်း အမျိုးသားတိုင်း ဤ ဆိုခဲ့ပြီးသော ယောကျာ်းမျိုးမှလွတ်အောင် မိမိတို့ကိုယ်တိုင် သာယာချမ်းမြေ့တဲ့ အိမ်ထောင်သည်များဖြစ်ဖို့ရန် အတွက် လောကဓမ္မ နစ်ဘက်လုံးမှာ အရည်အသွေးပြည့်မှီအောင် ကြိုးစားနိုင်ဖို့ ဟောကြားလိုရင်းဖြစ်ပါတယ်။

ဒါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် မယား(၇)မျိုး ဟောကြားထားတာ မိန်းမတွေဘက်က။ လင်ရှစ်မျိုး ဟောကြား

ထားတာ ယောက်ျားတွေဘက်က လိုက်နာရမည့် ယဉ်ကျေးလိမ္မာမှုတွေပါပဲ။

မိတ်ဆွေတို့ အချင်းချင်းပြုရမည့် ဝတ်တရားများလည်း ဟောကြားထားပါတယ်။ "**ပေးကမ်းချီးမြှင့်၊ ကိုယ် နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ**"-ဆိုတဲ့အတိုင်း မိတ်ဆွေကောင်းတို့ မည်သည့် မြောက်အရပ်ဖြစ်တဲ့ မိတ်ဆွေတစ်ဦးအပေါ်မှာ

(၁)ပေးကမ်းချီးမြှင့်ရမယ်၊

(၂)ကိုယ်နဲ့နှိုင်းကာ ချစ်ဘွယ်စကား ပြောရမယ်။

(၃)မိတ်ဆွေတို့ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ပေးရမယ်။

(၄)မိမိနှင့် ထပ်တူညီမျှ ပေါင်းသင်းဆက်ဆံရမယ်။

(၅)မချွတ်မယွင်း ဂတိသစ္စာရှိရှိ အမှန်ကိုပြောဆိုရမယ်ဆိုတဲ့ ကျင့်ဝတ်ငါးပါးတို့ဖြင့် စောင့်ရှောက်ရမယ် လို့ ဟောကြားထားပါတယ်။

ထိုအခါမှာ ဆင်းရဲဒုက္ခတို့မှာ လွန်မြောက် နိုင်သောကြောင့် မြောက်အရပ်ဖြစ်တဲ့ မိတ်ဆွေကောင်းကလည်း တစ်ဖန်ပြန်၍ "**မူးမေ့စောင့်ကာ၊ ဥစ္စာစောင့် ရှောက်၊ ဘေးရောက် အားကိုး၊ ဘေးမျိုးမစွန့်၊ မျိုးမတွန့်ပဲ၊ စောင့်ရှောက်မြဲ၊ ကျင့်လည်း မိတ်သဟာ**"ဆိုတဲ့အတိုင်း ဟောကြားထားပါတယ်။

(၁)မူးယစ်မေ့လျော့နေတဲ့အခါ စောင့်ရှောက်ပေးရမယ်။
(၂)အမူးသမားရဲ့ ပစ္စည်းဥစ္စာများကို မပျောက်ပျက်အောင် စောင့်ရှောက်ပေးရမယ်။
(၃)ကြောက်လန့်စရာ ဘေးရန်တွေ ကြုံတွေ့လာပါက မိတ်ဆွေရဲ့ အားကိုးအားထားရဖြစ်စေရမယ်။
(၄)ဘေးအမျိုးမျိုး ရန်အမျိုး တွေ့ကြုံကြရောက်တဲ့အခါမှာ စွန့်ခွာမသွားရဘူး။
(၅)မိတ်ဆွေရဲ့ သားစဉ်မြေးဆက်တို့ကို မတွန့်တိုဘဲ တုံ့ပြန်ပြီး ဂရုစိုက်ကာ စောင့်ရှောက်ရမယ်-ဆိုတဲ့ ကျင့်ဝတ်တို့ပါပဲ။

အဲဒီ မိတ်ဆွေကောင်းတို့ရဲ့ ဝတ်တရားနဲ့ ပြန်လည်ပြီးတော့ တုံ့ပြန်ပြီး စောင့်ရှောက်ပေးရမယ်လို့ ဟောကြားထားပါတယ်။ မိတ်ဆွေတို့ ရန်သူတို့ ခွဲခြားသိရန်ကိုလည်း မြတ်စွာဘုရား (၅၅၀) ဒွါဒသနိပါတ်မှာ မိတ္တာမိတ္တဇာတ်ဆိုတာရှိပါတယ်။ အဲဒီမှာ မိတ္တာမိတ္တဇာတ်မှာ ရန်သူနဲ့ မိတ်ဆွေခွဲခြားသိနိုင်တဲ့ အကြောင်းအရာတွေကို ဟောကြားထားပါတယ်။

ဘာတွေလည်းဆိုရင် ကင်းကွာနေတဲ့ အဆွေခင်ပွန်းကို သတိရရမယ်။ ရောက်လာတဲ့ အဆွေခင်ပွန်းကို အလွန်မတန် နှစ်သက်ရမယ်။ အဆွေခင်ပွန်းရဲ့ ပျော်ရွှင်မှုကို လိုလားရမယ်။ အဆွေခင်ပွန်းရဲ့ စကားကို အလေးထားရမယ်။ အဆွေခင်ပွန်း

ရဲ့ မိတ်ဆွေကို ကောင်းမွန်စွာ ဆက်ဆံရမယ်။ အဆွေခင်ပွန်းရဲ့ ရန်သူတို့နှင့် မဆက်ဆံရဘူး။ အဆွေခင်ပွန်းရဲ့ အပြစ်ပြောသူကို တားမြစ်ရမယ်။ အဆွေခင်ပွန်းရဲ့ ကျေးဇူးစကားကို ပြောဆိုသူကို ချီးမွမ်းရမယ်။ မိမိရဲ့ လို့ဝှက်စကားကို အဆွေခင်ပွန်းအား ပြောထားရမယ်။ မိတ်ဆွေနဲ့ပတ်သက်တဲ့ လျှို့ဝှက်စကား၊ လျှို့ဝှက်ဘွယ်ရာတို့ကို လျှို့ဝှက်ထားရမယ်။ အဆွေခင်ပွန်းရဲ့ အလုပ်ကို ချီးကျူးရမယ်။ အဆွေခင်ပွန်း၏ ပညာဉာဏ်ကို ချီးမွမ်းရမယ်။ အဆွေခင်ပွန်း၏ ချမ်းသာစီးပွားဖြစ်မှုကို နှစ်သက်ရမယ်။ စီးပွားချမ်းသာ ဆုတ်ယုတ်မှုကို မလိုလားရဘူး၊ မနှစ်သက်ရဘူး။ စားကောင်းသောက်ဖွယ် စားသောက်ရတဲ့အခါ အဆွေခင်ပွန်းအား အမှတ်ရပြီးကျွေးမွေးရမယ်။ အဆွေခင်ပွန်းအား တတ်နိုင်သမျှ စောင့်ရှောက်ရမယ်-ဆိုတဲ့ ဒါ မိတ် ဆွေစစ်ရဲ့ အကြောင်းအရာများကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ကောသလမင်းကြီးရဲ့ စီးပွားကို ဆောင်ရွက်တဲ့ အမတ်ကြီး တစ်ဦးကို အကြောင်းပြုပြီးတော့ မိတ္တာမိတ္တဇာတ်မှာ မိတ်ဆွေ ရန်သူခွဲနည်းတွေ ဟောကြားထားတာ တွေ့ရပါတယ်။

ထို့အပြင်လည်း ခုနစ်ဘဝါး အတူသွားဘူးက မိတ်ဆွေဆိုတဲ့ မိတ္တ။ ဆယ့်နှစ်ဖဝါး အတူသွားဘူးက သဟာယဆိုတဲ့ သူငယ်ချင်းအဖေါ်သဟဲ။ လခွဲဆယ့်ငါးရက် အတူသွားဘူးက ဆွေမျိုးမိတ်ဆွေခေါ်တဲ့ ဉာတိ။ ထို့ထက် ရက်ကြာကြာ အတူ

သွားလာ နေထိုင်ဘူးပါက တုတ္တရိအတ္တသမောတဲ့ ကိုယ်နဲ့ထပ်တူဖြစ်ကြောင်း ဟောကြားထားတာ တွေ့ရပါတယ်။ ထို့ကြောင့် မဃဒေဝဆရာတော်ကလည်း "**မေတ္တာဝေငှ၊ ဤလောက၌၊ သတ္တဖဝါး၊ အတူသွားက၊ မည်ခြားမိတ်စစ်၊ ခင်ပွန်းဖြစ်၏၊ ဆယ့်နှစ်လှမ်းသော်၊ အဖေါ်သဟဲ၊ လခွဲဉာတိ၊ မည်ဘိ တစ်ချက်၊ ထို့ထက်လွန်စွာ၊ ရက်ကြာလာက၊ ပေါင်းသင်းကြမူ၊ အတ္တသမာ၊ မှန်စွာထို့တူ၊ ကိုယ်နှင့်တူ၏**"-လို့ ကဗျာလင်္ကာ စီကုံးပြီး ဆုံးမခဲ့တာ တွေ့ရပါတယ်။

အရှင်သခင်ဖြစ်တဲ့ အလုပ်ရှင်တို့ရဲ့ တာဝန်ဝတ္တရားငါးပါးတို့ကိုလည်း ဘုရားရှင် ဟောကြားထားပါတယ် "**သင့်ရာခိုင်းပါ၊ ရိက္ခာပေးခြင်း၊ ကုခြင်းဖျားနာ၊ ရိက္ခာခွဲဝေ၊ အားလပ်စေ၊ စောင့်လေပြုစုရာ**"-လို့ ဆိုတဲ့အတိုင်းပဲ

(၁)မနိုင်ဝန်ကို မခိုင်းဘဲ သင့်လျော်ရာကိုသာ စေခိုင်းရမယ်။

(၂)ထမင်းလခရိက္ခာများ ပေးကမ်းရမယ်။

(၃)မကျန်းမာသောအခါမှာ ဆေးဝါးပြုစု ကုသပေးရမယ်။

(၄)အရသာကောင်းများကို စားသောက်ရသောအခါ ခွဲဝေပေးကမ်းရမယ်။

(၅)အားလပ်ရက်များ အနားပေးရမယ်-ဆိုတဲ့

အောက်အရပ်ဖြစ်တဲ့ အလုပ်သမားတွေကို
အထက်အရပ် ဖြစ်တဲ့ အလုပ်ရှင်တွေက
ပြုစုစောင့်ရှောက်ပေးရမယ်ဆိုတဲ့
ကျင့်ဝတ်ငါးပါးတို့ကိုလည်း ဟောကြားထားပါတယ်။

အလုပ်သမားတို့ကလည်း အလုပ်ရှင်တွေအပေါ်မှာ တစ်ဖန်ပြန်ပြီးတော့ ကျင့်ရမည့်ဝတ္တရားကိုလည်း ဟောကြားထားပြန်ပါတယ်။ **"ဦးစွာထရ၊ နောက်မှအိပ်ရာ၊ ပေးတာယူကြ၊ ကိစ္စပြုရာ၊ ဂုဏ်မှာဆောင်ကြ၊ ဤငါးဝ စောင့်ကြစေပါးသာ"**- ဆိုတဲ့အတိုင်း

(၁)အလုပ်ရှင်တို့အရင် ဦးစွာပထမ အိပ်ယာမှ
ထရမယ်။
(၂)အလုပ်ရှင် အိပ်ပြီးနောက်မှ အစစအရာရာ
သိမ်းဆည်းပြီး အိပ်ရမယ်။
(၃)ပေးတာကိုသာ ယူရမယ်။
(၄)ပြုလုပ်ပေးရမည့် အမှုကိစ္စအဝဝကို
ပြုလုပ်ပေးရမယ်။
(၅)အရှင်သခင်ရဲ့ ဂုဏ်သတင်းကို မကျဆင်းအောင်
စောင့်ရှောက် ဆောင်ကြဉ်းပေးရမယ် - ဆိုတဲ့
အလုပ်သမားတို့က အလုပ်ရှင်တို့ကို
တုံ့ပြန်စောင့်ရှောက်ရမည့် တာဝန်ဝတ္တရား

ငါးပါးတို့ကိုလည်း မြတ်စွာ ဘုရား
ဟောကြားထားပါတယ်။

ဒါယကာ ဒါယိကာမတို့ ကျင့်ဆောင်ရမည့် တာဝန်ဝတ္တရားငါးပါးတို့ကိုလည်း ဟောကြားပြန်ပါတယ်။ "**မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေ ဒါယကာ**"ဆိုတဲ့အတိုင်း

(၁)မေတ္တာကာယကံဖြင့် ပြုစုပေးရမယ်။
(၂)မေတ္တာဝစီကံဖြင့် ပြုစုစောင့်ရှောက်ပေးရမယ်။
(၃)မေတ္တာမနောကံဖြင့် ပြုစုစောင့်ရှောက်ပေးရမယ်။
(၄)ရဟန်းသံဃာတော်တို့အတွက် လှူလိုသော
စိတ်ထားဖြင့် ဖိတ်ကြားပြီးတော့ တံခါးဖွင့်ထားရမယ်။
(၅)လှူဘွယ်ဝတ္ထုများကို နည်းများမဆို
ပေးကမ်းလှူဒါန်းရမယ်ဆိုတဲ့ ဒါယကာရဲ့
ကျင့်ဝတ်ငါးပါးတို့ဖြင့် ရဟန်းသံဃာတော်များကို
ပြုစုစောင့်ရှောက်ပေးရမယ်လို့ ဟောကြားထားပါတယ်။

(၁)မေတ္တာကာယကံဆိုတာက ရဟန်းတို့နေရာ ကိုယ်တိုင်သွားရောက်တာတွေ၊ ဆွမ်းပို့တာတွေ၊ ရေခပ်ပေးတာတွေ၊ ဒီခေတ်မှာတော့ ရေသန့်ဗူးလှူတာတွေ၊ ခြေဆုပ်လက်နယ် နှိပ်နယ်ပေးတာတွေ စတဲ့ မေတ္တာရှေ့ထားပြီးတော့ ကိုယ်နဲ့ပြုလုပ်ပေးတဲ့အမှုများဟာ မေတ္တာကာယကံ အမှုများပါပဲ။

(၂)မေတ္တာဝစီကံဆိုတာက ရဟန်းသံဃာတော်များ အိမ်ကိုကြွလာလျှင်၊ ဆွမ်းခံကြွလာလျှင် ဆွမ်းယာဂုများ လှူဒါန်းကြပါ၊ လှူကြပါ တန်းကြပါ စသည်ဖြင့်ပေါ့လေ နို့ဗ္ဗာန်ဆော် လုပ်ပေးတာတွေ၊ ပြောတဲ့စကားတွေ၊ သာဓုခေါ်တာတွေ၊ တရားနာတာတွေ၊ ရိုသေစွာ စကားစမြည် ပြောကြားလျှောက်ထားတာတွေဟာ နှုတ် ဖြင့်ပြုလုပ်ရသည့်အတွက် မေတ္တာဝစီကံများလို့ ဟောကြားထားပါတယ်။

(၃)မေတ္တာမနောကံ - ဆိုတာ ငါတို့ဆရာသမားတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ငါတို့ သံဃာတော်တွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ စသည်ဖြင့်ပေါ့လေ စိတ်ထဲက ကြံစည်စဉ်းစားပြီးတော့ မေတ္တာတရား ပို့လွှတ်တာမျိုးကိုတော့ မေတ္တာမနောကံများလို့ ဟောကြားထားပါ တယ်။

(၄)တံခါးဖွင့်ထားရမယ် ဆိုတာကတော့ သီလဝန္တ ရဟန်းတို့အား မပေးမလှူခြင်းဟာ တံခါးပိတ်ထားရာ ရောက်တယ်လို့ဆိုပါတယ်။ တံခါးအားလုံးပိတ်ထားသော်လည်း ပေးလှူနေသော ပုဂ္ဂိုလ်များသည် တံခါးဖွင့်ထား တာပဲ-လို့ ဟောကြားထားပါတယ်။

(၅)လှူဘွယ်ဝတ္ထုများ လှူမယ်ဆိုတာ ဘယ်လိုဆိုတာလဲ။ နံက်မှာ စားစရာသောက်စရာ အာဟာရများ၊ ညနေမှာတော့

သောက်စရာ အဖျော်ယမကာစသည်တို့ကို လှူဒါန်းတာကို ဆိုလိုပါတယ်တဲ့။ ဒကာဒကာမတွေ ဘက်ကလည်း မေတ္တာ ဖြင့်ပေးလှူ ရဟန်းသံဃာတော်တွေဘက်ကလည်း မေတ္တာဖြင့် တရားဟော တရားကျင့် နှစ်ဦးနှစ်ဝ အညမည အကြောင်း အကျိုးဆက်သွယ်ပြီး မှီခိုကြလျှင် တာဝန်ကျေကြလျှင် သမ္မာ ဒုက္ခဿ အန္တ ကိရိယာယ-လို့ ဆိုတဲ့ပါဠိတော်အတိုင်း ဆရာ ဒကာနှစ်ဦးလုံး ဆင်းရဲကုန်ဆုံးရာ တာဝန်ကျေသူတို့အတွက် နိဗ္ဗာန်ရောက်နိုင်ကြောင်း ဟောကြားထားတာတွေ့ရပါတယ်။

ရဟန်းသံဃာတော်များ ဘက်ကလည်း ကျင့်ဝတ်က (၆)ပါးတောင် ဟောကြားထားတာတွေ့ရပါတယ်။ ဘာတွေ လည်းဆိုရင် "**မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ် ဟောကြူး၊ နာဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွှန်သေချာ**"-ဆိုတဲ့အတိုင်းပါပဲ

(၁)မကောင်းမှုတွေ မလုပ်အောင် တားမြစ်ပေးရမယ်။
(၂)ကောင်းမှုကုသိုလ် ပြုဖြစ်အောင်
တိုက်တွန်းပေးရမယ်။ သတိပေးရမယ်။
(၃)မကြားဘူးသေးတဲ့ တရားအသစ်အဆန်းများ
ဟောကြားပေးရမယ်။
(၄)ကြားဘူးပြီးသား တရားများကိုလည်း ထပ်မံပြီး
သံသယကင်းရှင်း စိတ်စင်ကြယ်ခြင်းရှိအောင်

ဟောကြားပေးရမယ်။

(၅)နတ်ရွာနိဗ္ဗာန်ရောက်ရန် တရားကောင်းတို့ကို

ဟောကြားပေးရမယ်။

(၆)နေ့စဉ် မေတ္တာပို့လျှက် မေတ္တာထားကာ

စောင့်ရှောက်ပေးရမယ်-ဆိုတဲ့

ရဟန်းကျင့်ဝတ်ခြောက်ပါး တို့ကို

ဟောကြားထားတာတွေ့ရပါတယ်။

ဒကာ ဒကာမတို့အပေါ်မှာ ရဟန်းသံဃာတော်တို့က ဤကျင့်ဝတ် ခြောက်ပါးတို့ဖြင့် စောင့်ရှောက် ပေးရမယ်ဆိုလို ပါတယ်။ ဒီထဲမှာ အထူးသဖြင့် ရဟန်းသံဃာတော်တို့ ကျင့်ရမည့် ကျင့်ဝတ်ခြောက်ပါးထဲမှာ နံပါတ်(၄)ကျင့်ဝတ်ဟာ အလွန်မတန်အရေးကြီးတဲ့ ကျင့်ဝတ်ဖြစ်ကြောင်း ဘုန်းကြီးတို့ တွေ့ရပါတယ်။ ပါဠိတော်မှာ ဘာပြောလဲဆိုလို့ရှိရင် ကြားဘူး ပြီးသား တရားများကို ဖြူစင်စေရမယ်လို့ ဟောကြားထားပါ တယ်။ သုတံ ပရိယောဒါပေတိ တဲ့ ပါဠိတော်က။ ကြားဘူးပြီး သား တရားကိုဖြူစင်စေရမယ်ဆိုတဲ့ စကားသည် အလွန်စဉ်းစား ဘွယ်ဖြစ်တဲ့ လေးနက်တဲ့စကားပါ။

ဖြူစင်အောင် ကမ္မဿကတာဉာဏ် ဝိပဿနာဉာဏ် အဆင့်ဆင့်နဲ့ ဖြူစင်စေရမယ်လို့ ဆိုလိုပါတယ်။ ဘုရားတိုင်း ဘုရားတိုင်းရဲ့ အဆုံးအမမှာလည်းပဲ **သဗ္ဗပါပဿ အကရဏံ၊**

**ကုသလဿူပသမ္ပဒါ၊ သစိတ္တ ပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ**-ဆိုတဲ့ ပါဠိမောက် အဆုံးအမမှာလည်းပဲ မကောင်းမှု ရှောင်၊ ကောင်းမှု ဆောင်၊ ဖြူအောင်စိတ်ကိုထား-လို့ဆိုတဲ့ ဩဝါဒအတိုင်း ဘုန်းကြီးတို့ သိဖို့ပါပဲ။

စိတ်ကို ဖြူစင်အောင်လုပ်တဲ့နည်းတွေကလည်း အများကြီးရှိပါတယ်။ အမျိုးမျိုးရှိပါတယ်။ ဒါနဖြစ်အောင် ဟောကြားပေးတာလဲ စိတ်ကိုဖြူစင်အောင်လုပ်ပေးတာပါပဲ။ သီလဆောက်တည်အောင် ဟောပေးတာလည်းပဲ စိတ်ကိုဖြူစင်အောင် လုပ်ပေးတာပါပဲ။ စိတ်ကိုပိုပြီးတော့ ဖြူစင်အောင်လုပ်ပေးတာပါပဲ။ သမထဘာဝနာများ ပွားများတတ်အောင်၊ ဘုရားဂုဏ်တော်များ နှလုံးသွင်းတတ်အောင် မေတ္တာများပို့တတ်အောင် သင် ပြပေးတာလည်း ထို့ထက်ပို၍ စိတ်ကိုဖြူစင်အောင် လုပ်ပေးတာပါပဲ။ ဝိပဿနာဘာဝနာ ပွားစေတာကလည်း စိတ်ကို ပို၍ ဖြူသည့်ထက်ဖြူအောင် ဟောပေးခြင်းဖြစ်ပါတယ်။ အဋ္ဌကထာမှာလည်းပဲ ကဉ္စိ ဝိနောဒေန္တိဆိုတဲ့ စကားပါပါတယ်။ ပြောလိုရင်းကတော့ ယုံမှားသံသယကို ပယ်ဖျောက်နိုင်အောင် ဟောကြားပေးရမယ်လို့ ဖွင့်ဆိုဟောကြားထားပါတယ်။ ဒီတာဝန်ဟာ ပေါ့ပေါ့ဟောလို့ ရကိုမရနိုင်တဲ့ တာဝန်လို့ ယူဆမိပါတယ်။

လူတွေကတော့ နောင်သံသရာဘဝအတွက် အရေးမကြီးသလို ပေါ့ပေါ့ဆဆ နေတတ်ကြပါတယ်။ လက်တွေ့က

မဟုတ်တော့ သိပ်မကြောက်ဘူးပေ့ါ။ ဒီဘဝအတွက်က အရေးကြီးလိုက်ကြတာ။ ဘာဖြစ်လို့ အရေးကြီးသလဲ တိုတိုပြောတော့ တဏှာလောဘကြောင့်ပေ့ါ။ စားဝတ်နေရေး ရှာရတယ် ဖွေရတယ်၊ မိသားစုတွေ သိပ်ချစ်ကြတယ် ဒါတွေဟာ တဏှာတွေချည်းပါပဲ။ ဒီတဏှာလောဘကြောင့် ပြာယာခပ်ပြီးတော့ နေကြတာပါပဲ။ ပြာပြာသလဲခပ်ပြီးတော့ ပစ္စုပ္ပန်အတွက် ဒီဘဝအတွက်ဆိုရင် သိပ်ကြောက်ကြတယ်။ ဥပမာအားဖြင့် နောက်က နေ ရဲလိုက်လာတယ်ဆိုကြပါစို့ ကြောက်လိုက်ကြတာ။ ပုန်းဖို့နေရာတွေရှာကြ၊ ဘယ်သွားပုန်းရယင်ကောင်းမလဲ ဒုလ္လဘရဟန်းခံနေရယင် တော်မလား၊ သို့မှမဟုတ်လို့ရှိရင် ဥပုသ်ရက်ရှည် ဝင်နေရယင်တော်မလား၊ ဘာညာပေ့ါလေ။ ဒီဘဝအတွက်တော့ ကြောက်လိုက်ကြတာ။ ဒီဘဝအတွက်တော့ ရှောင်လိုက်ကြတာ၊ ပုန်းလိုက်ကြတာ။ အပါယ်လေးပါး ကျမှာကြတော့ ပေ့ါပေ့ါပဲ။ အပါယ်လေးပါး ကျမှာကျတော့ ကိစ္စမရှိဘူး။ အဲဒီတော့ အပါယ်လေးပါးကျမှာကို ပိုကြောက်ရမှာလို့ ဘုရားရှင်ကိုယ်တော်မြတ်က ဆိုလိုပါတယ်။

အပါယ်လေးပါးကျတော့ ကိစ္စမရှိပါဘူး။ ဆွမ်းသွတ်အမျှဝေလိုက်ရင် ရတာပဲလို့ ပေ့ါပေ့ါလေးပဲ တွက်ကြတယ်။ ဒီဘဝအတွက်တော့ သိပ်ပြီးတော့ ကြိုးစားကြတယ်။ အချိန်မအားအောင် ကြိုးစားကြတယ်။ နောင်ဘဝအတွက်ကြတော့

သိပ်ပြီးတော့ မကြောက်ကြဘူး။ ပေါ့ပေါ့ဆဆပဲ။ ဒီဘဝ နောင်ဘဝမှာ ပြောင်းပြန်ဖြစ်နေကြတယ်။ နောင်ဘဝအတွက်က ပိုကြောက်ရမှာ၊ ဒီဘဝက ခဏလေးပဲ နေရမှာ။ မစားရလည်းပဲ သန့်သန့်ရှင်းရှင်း ဖြစ်သမျှ စင်စင်ကြယ်ကြယ်ရတာနဲ့ မျှတစား၊ အကုန်လုံး အကြွားတွေဖက် အများကြီး ခုနကပြောသလိုပဲ ဖြစ်နေကြတာ ဖြစ်နေကြတာ။ ဒီဘဝဘာပဲဖြစ်ဖြစ် ဖြစ်ချင်တာဖြစ် အရေးမကြီးဘူး။ အကုသိုလ် မဖြစ်ဖို့ အရေးကြီးတယ်။ နောင်ဘဝ အပါယ်မကျဖို့က အလွန်အရေးကြီးတယ်။ ဒီလို အပါယ်မကျဖို့ အတွက်ကလည်းပဲ အလွန်မတန် အရေးကြီးတယ်။ ရဟန်းသံဃာတော်တွေမှာ တာဝန်ရှိတယ်။ အပါယ်မကျအောင် ဘာလုပ်မလဲ ဘုန်းကြီးတို့ ဝိပတ္တိခေတ်ဆိုတဲ့ ဘုရားရှိခိုးထဲမှာ ကန်တော့ခန်းပါပါတယ်။

ဝိပတ္တိခေတ်ကလွတ်နေတယ်။ သမ္ပတ္တိခေတ်နဲ့ ပြည့်စုံနေတယ်။ သမ္ပတ္တိခေတ်ဆိုတာ လူ့ပြည်ရောက် တာကို ဆိုလိုပါတယ်။ အကုန်လုံးသမ္ပတ္တိ စက်နဲ့လည်း ပြည့်စုံနေတယ်။ ယခုလို လူ့ဘဝမျိုး ရောက်နေခိုက်မှာ သမ္ပတ္တိခေတ်ကောင်းကြီးနဲ့ ကြုံနေတုန်းမှာ သတိထား ဝီရိယစိုက်ပြီး အသိအလိမ္မာ ဉာဏ်ပညာတို့နဲ့ သန့်သန့် ပြန့်ပြန့် ထက်ထက်သန်သန် အပါယ်လေးပါးကျမည့်ဘေးကြီးကို ယခုတွေ့ကြုံနေရတဲ့ ဘေးထက် အဆပေါင်း

များစွာ ကြောက်ပြီးတော့ ဒိဋ္ဌိဝိစိကိစ္ဆာကင်းအောင် ဟောကြား ပေးသင့်ပါတယ်။

ဒိဋ္ဌိဝိစိကိစ္ဆာကင်းမှလည်းပဲ စိတ်စင်ကြယ်ပါလိမ့်မယ်။ ဟောထားတဲ့အတိုင်း ဒကာ ဒကာမတွေကလည်း ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းအောင် ကျင့်ကြံဖို့လိုပါတယ်။ ဒိဋ္ဌိဝိစိကိစ္ဆာကင်းအောင် ကျင့်ကြံမှသာ ဆရာဒကာ တာဝန်ကျေ ပြီးတော့ ကၡါ ပဋိပဒိနောဒွေန္တိဆိုတဲ့ အဋ္ဌကထာစကားအရ ဒိဋ္ဌိဆိုတဲ့ အယူမှားခြင်း၊ ဝိစိကိစ္ဆာဆိုတဲ့ သံသယဖြစ် ခြင်းကင်းပြီးတော့ စိတ်ဖြူစင်ပါလိမ့်မယ်။ စိတ်ဖြူစင်နေမှသာလျှင် ခုရောနောင်ပါ ဆင်းရဲအပေါင်းတို့မှ ဆရာ ဒကာများ လွတ်ကြပါလိမ့်မယ်။

ဒ့ါကြောင့် ဋီကာမှာလည်းပဲ သမ္မာပဋိပဇ္ဇာပနံလို့ ဖွင့် ထားပါတယ်။ ပြောလိုရင်းကတော့ ကောင်းစွာကျင့် စေခြင်းလို့ ဆိုပြီးတော့ ဖွင့်ဆိုထားတာဖြစ်ပါတယ်။ ဒ့ါကြောင့် နံပါတ်လေး ဟာ ကြာဘူးပြီးသား တရားများကို ထပ်မံပြီးတော့ သံသယ ရှင်းရှင်းနဲ့ စိတ်စင်ကြယ်ခြင်းရှိအောင် ဟောရမယ်ဆိုတဲ့ အဓိပ္ပါယ်ကို အနည်းငယ် ချဲ့ ပြောလိုက်တာဖြစ်ပါတယ်။

အဲဒီတော့ ဒီ မိမိတို့ ယခုလိုပဲ ဆရာဒကာများ မိမိတို့ သိက္ခာ တွေ တာဝန်ဝတ္တရားတွေ အချင်းချင်း ကိုယ့်တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ကြမယ်ဆိုလျှင်ဖြစ့် လှည်းဘီးရဲ့ အပြင် ဘက် ဘီးကိုထွက်မကျအောင် လှည်းနားစောင့်က စောင့်ထား

သလိုပါပဲတဲ့ မြတ်စွာဘုရားက မိဘနဲ့ သားသမီး၊ မယားနှင့်လင်၊ အလုပ်ရှင်နှင့် အလုပ်သမား၊ ရဟန်းနှင့်ဒကာ၊ ဆရာနှင့်တပည့်၊ မိတ်ဆွေအချင်းချင်း ကျင့်ဝတ်တွေ ပြည့်စုံအောင်လိုက်နာ ကျင့်ကြံကြမယ်ဆိုလျှင်ဖြင့် ရှင်လည်းအတူ သေလည်းမကွာ နတ်ရွာလူ့ပြည် လှည့်လည်ခံစားပြီး နိဗ္ဗာန်တိုင်အောင် ရနိုင်သောကြောင့် ဂီဟိဝိနယသုတ္တန်ကို ထုတ်ပြန်ကာ လူတိုင်းအတွက် ယဉ်ကျေးလိမ္မာစေတဲ့ ကျင့်ဝတ်ကောင်းတို့ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဟောကြားထားတော်မူခဲ့ပါတယ်။

"ချစ်သား သိင်္ဂါလ မင်းဟာ အကယ်၍ မင်းဖခင်စကားနားထောင်မယ်ဆိုရင် ယခုပြောတဲ့ အရပ်မျက်နှာတို့ကို ရှိခိုးရမယ်လို့ မင်းမှတ်ထားပါ။" သိင်္ဂါလ၏ မေးခွန်းတို့ကို မြတ်စွာဘုရားက ဒီဒေသနာ တော်အဆုံး နိဂုံးဆုံးစေလျှက် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်တော်မူခဲ့ပါတယ်။

သိင်္ဂါလသတို့သားလေးလည်းပဲ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် အဆုံးအမဖြင့် ယဉ်ကျေးလိမ္မာတဲ့ သာသနာ့သမိုင်းဝင် ဒကာလေးတစ်ဦး ဖြစ်ရုံမက သရဏဂုံ၌တည်ကာ ဗုဒ္ဓဘာသာဝင် ရဲရဲတောက်ဖြစ်ပြီးတော့ ကုဋေလေးဆယ် ပစ္စည်းများကို နေရာအနှံ့ ဌာနပေါင်းစုံတို့၌ ဖယိုဖရဲ စွန့်ကြဲခဲ့ပြီး နတ်ရွာသုဂတိရောက်ကြောင်း သိင်္ဂါလောဝါဒသုတ္တန်ကို နိဂုံးချုပ်အားဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

အားလုံး ယဉ်ကျေးလိမ္မာ ချမ်းသာကိုယ်စိတ်မြဲကြပါစေ

ဆရာတော်အရှင်ဇနိတ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

2500, Acapulco Dr,

Miramar, FL 33023, U.S.A

Phone: 954 962 3325 / 954 234 5725

**မှီငြမ်းပြုကျမ်းများ**

၁။ သုတ်ပါထေယျ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ။

၂။ အင်္ဂုတ္တိုရ် ပါဠိ အဋ္ဌကထာ။

၃။ ဓမ္မပဒ ပါဠိ အဋ္ဌကထာ။

၄။ ဓမ္မသင်္ဂဏီအဋ္ဌကထာ။

၅။ သုတ္တနိပါတ် ပါဠိတော်။

၆။ ဣတိဝုတ္တက ပါဠိတော်။

၇။ ဇာတက ပါဠိ အဋ္ဌကထာ။

၈။ သင်္ဂဇာဆရာတော်ကြီး၏ ကဗျာများ။

၉။ မန်လည် မဃဒေဝလင်္ကာ။

၁၀။ ချမ်းမြေ့ဆရာတော် ဓမ္မကဗျာပဒေသာ။

၁၁။ ပုတ္တောဝါဒပျို့လင်္ကာ။

# The Life of the Buddha

## SUMEDHA, A YOUNG MILLIONAIRE, GIVING A WAY HIS PROPERTY IN CHARITY



The Future Buddha was once born as the son of a rich man and was known as "Sumedha" in the very existene in which he was to make a solemn wish that he should become the Enlightened Buddha. His parents died while he was still young, leaving him many treasure vaults of gold and silver. When he was sixteen

years of age and had finished his education. the Lord of the Treasury made over to him all the property left by his parents.
Sumedha the young millionaire thought to himself thus: "My parents and grand-parents knew only how to amass wealth but did not know to take it away beyond death. I shall now give away my property in alms so that the merit of the deeds may follow me after death." He made a public announcement: "Whoever cares to take away my property may open my treasuries and help himself to his heart's content." He then left for the Himalaya forests and became a hermit.

**သုမေဓာသူဌေးလေး ပစ္စည်းများကို စွန့်ကြဲနေပုံ**

ဘုရားအလောင်းတော်သည် ဘုရားဖြစ်ဘို့ရန် ဆုတောင်းမည့်ဘဝ၌ သုမေဓာဟူသော အမည်အားဖြင့် ထင်ရှားသော သူဌေးသားဖြစ်ခဲ့ဘူးပါသည်။ သူ၏ အမိအဘတို့သည် သူငယ်စဉ်ကပင် သေဆုံးခဲ့ကြလေ၏။ ရွှေတိုက်ငွေတိုက်စသော ပစ္စည်းဥစ္စာ ရတနာတိုက်ကြီးတွေ များစွာကျန်ရစ်၏။ တစ်ဆယ့်ခြောက်နှစ်ရှိ၍ ပညာတတ်ပြီးသောအခါ ပစ္စည်းထိန်းမင်းကြီးက ပစ္စည်းအားလုံးကို သူ့အား လွှဲအပ်လေသည်။

သုမေဓာသူဌေးသားလေး စဉ်းစားသည်မှာ "ငါ၏ ဘိုးဘွားမိဘတို့သည် ပစ္စည်းကို ရှာရုံသာ ရှာတတ်၍ ယူမသွားတတ်ကြပါတကား၊ ငါသည်စွန့်ကြဲပေးကမ်း၍ ကုသိုလ်ကို ငါ့နောက်ပါအောင် ယူသွားမည်" ဤသို့စဉ်းစားပြီးလျှင် ရတနာတိုက်တို့ကိုဖွင့်၍ အလိုရှိသူ ယူရစ်ကြလော့-ဟု ကြွေးကြော်ကာ ဟိမဝန္တာတောသို့ ထွက်ခွါ၍ ရသေ့ရဟန်းပြုလုပ်သွားလေသည်။

## SUMEDHA AND SUMITTA RECEIVING A PROPHETIC DECLARATION



While traveling by air he saw the townsfolk of Ramma clearing the pathway the came down to the ground, and asked to be permitted to clear a portion of the track on which the Buddha Dipankara was to travel. He was given a portion of it, and before he had cleared it, the Buddha Dipankara came along that way with a retinue of arahants. Sumedha spread himself out upon the mud with his face downwards, his body serving as a bridge so that the Buddha and the disciples following Him could tread on him.

At that moment a lady by the name of "Sumitta" arrived with eight bunches of lotus flowers. She handed over to the hermit five of those bunches to be offered to the Buddha. The Buddha, with mind's eye of Buddha, saw what was in store for these two persons in future, and made this prophetic declaration: "This hermit will become Gotama Buddha, and this lady will become his help-mate to help him fulfill the Perfections (Paramitas)".

## သုမေဓာ နှင့် သုမိတ္တာ ဗျာဒိတ်ခံယူနေပုံ

ဘုရားအလောင်းသုမေဓာရသေ့သည် ဈာန်အဘိညာဉ်ရ၍ ကောင်းကင်ခရီးဖြင့် ကြွသွားစဉ် ဒီပင်္ကရာ မြတ်စွာဘုရားကြွတော်မူရန် ရမ္မာမြို့သူမြို့သားတို့ လမ်းပြင်နေကြသည်ကို မြင်ရ၍ ကောင်းကင်မှဆင်းကာ နေရာတစ်ကွက်ကို တောင်းယူပြင်ဆင်နေတုန်းမှာပင် ရဟန္တာများနှင့်အတူ ဘုရားရှင် ကြွလာတော်မူသောကြောင့် ပြင်၍မပြီးသေးသော ရွှံ့ညွှန်ပေါ်မှာ မိမိကိုယ်ကို တံတားခင်း၍ မှောက်စင်းနေလေသည်။

ထိုအချိန်မှာ သုမိတ္တာမည်သော အမျိုးသမီးကလည်း ကြာပန်းရှစ်စီးတွင် ငါးစီးကိုဘုရားရှင် အားလှူဘို့ရန် ရသေ့၏ လက်ကိုကမ်း၍ သုံးစည်းကို မိမိကိုယ်တိုင်လှူဒါန်းလေသည်။ ဘုရားရှင်သည် ထိုသူနှစ်ယောက်၏ နောင်ရေးနောင်တာကို ဆင်ခြင်တော်မူကာ "ဤရှင် ရသေ့သည် ဂေါတမဘုရား ဖြစ်လိမ့်မည်၊ ဤအမျိုးသမီးကား ပါရမီဖြည့်ဘက် ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်ပေးတော်မူသည်။

**THE HIGHER AND LOWER CODS BESEECHING THE FUTURE BUDDHA TO LEAAVE TUSITA HEAVEN TOF BE REBORN AS A MAN**



The Future Buddha fulfilled the Ten perfect-ions in his many existences over a period of four Incalculables (asankhyeyyas ) and one hundred thousand worlds. In one life before the life when he became the Buddha, he was born as one of the chief gods and known as "Setaketu" in the celestial city of the Tusita gods. When the span of his life there as a god was fast approaching its end, the higher and approached the Future Buddha saying, "Sir, it was not to enjoy the glory and sensual pleasures of a god or of man that you fulfilled the ten Perfections; but it was to become a fully enlightened Buddha in order to save the world, that you fulfilled them. Sir, the time and fit season for your Buddhaship has now arrived. Be so good as to depart form the world of gods and take conception in the womb of a human mother in the world of men". The Great Being assented to their wish.

## ဘုရားလောင်းနတ်သားကို နတ်ပြဟ္မာများက တုသိတာနတ်ပြည်မှစုတေဖို့ရန် တောင်းပန်

ဘုရားအလောင်းသည် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း တိုင်အောင် ပါရမီကုသိုလ်များကို ဖြည့် ကျင့်၍ ဘုရားမဖြစ်မီ တစ်ဘဝ၌ တုသိတာနတ်ပြည်ဝယ် သေတကေတုမည်သော နတ်မင်းဖြစ်လေသည်။ ထိုနတ်မင်းသည် နတ်သက်စေ့၍ စုတေ ဘို့ရန် အချိန်နီးလတ်သော် စကြာဝဠာ ကမ္ဘာတစ် သောင်းမှ နတ်ပြဟ္မာတို့သည် ဘုရားလောင်းစံရာ တုသိတာနတ်ပြည်သို့ စုပေါင်းလာရောက်၍ တောင်း ပန်ကြသည်မှာ-

အရှင်နတ်သား အရှင်သည် လူနတ်စည်းစိမ်ကို ခံစား ဘို့ရန် ပါရမီတို့ကို ဖြည့်ကျင့်ခဲ့သည် မဟုတ်ပါ။ သတ္တဝါတို့ကို ကယ်တင်နိုင်သော ဘုရားဖြစ်ဘို့ရန် ဖြည့်ကျင့်ခဲ့ပါသည်။ ယခု အခါ ဘုရားဖြစ်ဘို့ရန် အချိန်တန်သည်ဖြစ်ပါ၍ နတ်ပြည်မှ စုတေပြီးလျှင် လူ့ပြည်၌ ပဋိသန္ဓေ တည်တော်မူပါ။ ဤသို့ တောင်းပန်ကြသဖြင့် လူ့ပြည်၌ ပဋိသန္ဓေနေဘို့ရန် ဝန်ခံတော် မူလေသည်။

**THE DREAM OF MAHA-MAYA WHEN SHE CINCEIVED THE FUTURE BUDDHA**



On the full moon day in the month of Wazo (July) Queen Maha-Maya rose early and dispensed huge sums of money in great charity. She then took the eight precepts and entered her elegantly furnished chamber of state. And lying down on the royal couch, she fell asleep and dreamed the following strange dream:

The four guardian angels came and lifted her up, together with her couch, and took away to the Himalaya Mountains. There, in the Manosila table-land they laid her upon a huge slab of sulfurous rock under a very big sal tree. Then came the wives of these guardian angels, and conducted her to Anotatta Lake, and bathed her to remove every human stain. And after clothing her with divine garments they took her into a golden mansion which was inside a Silver Hill. There they laid her down upon a divine couch. Now the Future Buddha has become a superb white elephant and was wandering about at no great distance on the Golden Hill. Descending thence, he ascended the Silver Hill and went into the golden mansion. And splitting he on her right side, he entered her womb. Thus the conception took place.

## အလောင်းတော် ပဋိသန္ဓေတည်နေချိန် မယ်တော်မာယာ အိမ်မက်မြင်ပုံ

ဝါဆိုလပြည့်နေ့၌ မယ်တော်မာယာသည် နံက်စောစောကပင် အလှူဒါနကြီးကိုလှူ၍ ဥပုသ် စောင့်သုံးပြီးလျှင် အသရေရှိသော တိုက်ခန်းသို့ဝင်၍ သလွန်တော်၌ လျောင်းစက် အိပ်ပျော်စဉ် ထူးဆန်းသော အိမ်မက်ကိုမြင်မက်သည်မှာ- နတ်မင်းကြီး လေးယောက်တို့သည် ဟိမဝန္တာ၌ရှိသော ဆေးဒန်းမြင်းသီလာ ကျောက်ဖြာအပြင်သို့ သလွန်တော်နှင့်တကွဆောင်ယူ၍ အင်ကြင်းပင်ကြီး အောက်၌ ချထားကြလေသည်။

ထို့နောက် နတ်မိဖုယားတို့က အနဝတ်အိုင်သို့ဆောင်ယူ၍ ရေချိုးပေးပြီးလျှင် နတ်အဝတ်များကို ဆင်ယင်စေပြီးမှ ငွေတောင်အတွင်း၌ရှိသော ရွှေဗိမာန်သို့သွင်း၍ အိပ်ယာ၌ အိပ်စေကြလေသည်။ ထိုအခါ ဘုရားလောင်းသည် ဆင်ဖြူတော်ဖြစ်၍ သူ၏နေရာ ရွှေတောင်ပေါ်မှ သက်ဆင်းကာ ငွေတောင်သို့လာပြီးလျှင် ရွှေဗိမာန်သို့ ဝင်ပြီးနောက် မယ်တော်၏ လက်ယာနံပါးကို ဖောက်၍ဝင်သကဲ့ သို့ မြင်မက်လေသည်။

**BIRTH OF THE FUTURE BUDDHA IN THE LUMBINI GROVE**



Queen Maha-Maya carried the Future Buddha in her womb for ten months; and on the full moon day in May (Vesak) she said to King Suddhodana- "I wish, O

King, to go to Devadaha, the city of my family". The King approved and caused the road from Kapilavatthu to Devadaha to be made smooth and adorned, and sent her with a great retinue. Between the two cities there was a pleasure grove of sal trees, called Lumbini Gtrove. She entered the grove for a rest. And at this particular time, this grove was one mass of flowers presenting a very pretty scene. She went to the foot of a great sal tree and reached out her hand to seize hold of one of its branches. She was at once shaken with the pains of birth. Thereupon the people hung a curtain about her, and her delivery took place while she was standing up. At that moment came four Mahabrahmas (higher gods) with golden net; receiving the Future Buddha with it, they placed him before his mother and said, "Rejoice, O Queen! A mighty son has been born to thee".

**လုမ္ဗိနီဥယျာဉ်၌ ဘုရားအလောင်း ဖွားမြင်တော်မူပုံ**

ဘုရားအလောင်း ပဋိသန္ဓေနေ၍ ဆယ်လပြည့်ရာ ကဆုန်လပြည့်အခါဝယ် မယ်တော် မာယာသည် ဆွေတော် မျိုးတော်များ၏နေရာ ဝေဒေဟပြည်သို့ သွားလိုပါကြောင်း သုဒ္ဓေါဒနမင်းအား အခွင့်တောင်းလေသည်။ သုဒ္ဓေါဒနမင်းသည် ကပိလဝတ်ပြည်မှ ဝေဒေဟပြည်သို့ သွားသောလမ်း တစ်လျှောက်လုံး တန်ဆာဆင်စေ၍ မင်းခမ်းမင်းနားဖြင့် ထွက်တော်မူစေလေရာ ခရီးအကြား၌ လုမ္ဗိနီဥယျာဉ်တော်ကို ခေတ္တဝင်တော်မူလေသည်။

ထိုအချိန်မှာ ဥယျာဉ်တစ်ခုလုံး အင်ကြင်းပန်းတွေ ပွင့်နေသဖြင့် အလွန်သာယာပေသည်။ မယ်တော်မာယာသည်

အင်ကြင်းကိုင်းကို လက်တော်ဖြင့် လှမ်းလိုက်တုန်းမှာပင် ဝမ်းတော် လျှပ်လာသောကြောင့် အဝတ်အကာအရံကို ကာရံစေကာ မတ်မတ်ရပ်လျှက်သာလျှင် အလောင်းတော်ကို ဖွားမြင်စေလေသည်။ ထိုအခါ ပြဟ္မာမင်းက ရွှေဇာတဘက်ဖြင့် ခံယူ၍ မယ်တော်၏ရှေ့၌ပြကာ "ဘုန်းတန်ခိုးရှိသော သားရတနာ ဖွားမြင်ပါပြီ"ဟုပြောဆိုလေသည်။

**WEDDING CEREMONY OF PRINCE SIDDHATTHA**



When the Future Buddha was sixteen years of age, his father king Suddhodana sent official intimation to his relatives asking them to send their daughters to be married to his sin. There arose the following discussion among his relatives, who were Rulers of their own states:-"Siddhattha is of handsome appearance but is not well trained in any manly art". They his relatives had said about him, when the Prince agreed to show his proficiency as the best bowman of the day. Consequently the most distinguished bowmen of the city were assembled round him while he stood in the centre. He then said to them. "You must shoot your arrows at me all at the same time". When tehsignal to shootwas given, the four archers shot their arrows at him all at once. The Prince defended himself by shooting and arrow which flew like lightning and hit

all the four arrows coming in his direction. He thus exhibited his skill, such as none other bowmen could equal. His father's relatives then sent their daughters, beautiful maidens, of whom the Princechose Princess Yasodhara whom he married by celebrating a grand wedding.

## ဘုရားအလောင်း လေးအတတ်ပြပြီး ယသောဓရာနှင့် နန်းသိမ်းပွဲခံပုံ

ဘုရားအလောင်း တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်း ကြီးသည် ဆွေတော်မျိုးတော်မင်းများ အထံသို့ သမီးရတနာ ပို့ဆက်လာရန် ရာဇသံပေးလေသည်။ သမီးရှင်မင်းကြီးများသည် ဘုရားအလောင်းကို "အဆင်းသာလှ၍ ပညာမတတ်"ဟု ကဲ့ရဲ့ကာ သမီးရတနာကို မပို့ဘဲ နေကြလေသည်။ ထိုအကြောင်းကို သုဒ္ဓေါဒနမင်းကြီးက သားတော်အား ပြောပြလေရာ ထိုအချိန်မှာ အခက်ဆုံး လေးအတတ်ကို ပြဘို့ရန်ဝန်ခံလိုက်လေသည်။

ထိုအခါ နေပြည်တော်တွင် ထင်ရှားသော လေးဆရာတို့ကို နန်းတော်ရင်ပြင်၌ စုရုံးစေကာ လေးဆရာလေးယောက်ကို လေးမျက်နှာ၌ထား၍ ဘုရားလောင်းကိုယ်တိုင်က အလယ်ကနေပြီးလျှင် "အသင်တို့က ငါ့ကိုတစ်ပြိုက်နက် ပစ်ကြလော့" ဟု ပြောလေသည်။ ဆရာလေးယောက်တို့ပစ်သော မြှားတို့ကိုလည်း မိမိကိုမထိအောင် မြှားတစ်စင်းထည်းနှင့်ကာကွယ်နိုင်လေသည်။ ဤသို့လေးအတတ် ပြပြီးမှ ဆက်သလာသော သမီးကညာတို့တွင် ယသော်ဓရာနှင့် နန်းသိမ်းပွဲခံလေသည်။

## JUST BEFORE HIS GREAT RENUNCIATION, THE FURURE BUDDHA WENT TO THE CHAMBER OF PRINCESS YASODARA TO SEE HIS SON



When the Future Buddha was 29 years of age he went to the park and saw the Four Signs, namely, an old man, a dead man and a monk, whom the higher gods had fashioned. He was afraid to continue to live a worldly life and his mind turned ardently to retiring from the world. He said to himself, “It behooves me to go forth on the Great Renunciation this very day”. At that very moment he received a message that a son had been born to him. He then returned to the palace and lying on his couch, fell into a brief slumber. When he awoke he saw the female musicians sleeping round him in disgusting condition. The spectacle seemed like a cemetery, and filled with loathing for his worldly life, he made up his mind to renounce the world at once. He ordered his courtier China to saddle his horse Kanthaka. He then walked to the chamber of Yasodhara to look at his son for the first time.

## တောထွက်ခါနီး၌ ယသော်ဓရာ၏နန်းဆောင်သို့ကြွ၍ သားတော်ကိုရှုစား

ဘုရားအလောင်းသည် သက်တော်(၂၉)နှစ်ရှိသော အခါ ဥယျာဉ်တော်သို့ ထွက်တော်မူရာဝယ် ပြဟ္မာမင်းတို့ ဖန်ဆင်းပြအပ်သော သူအိုသူနာသူသေ ရဟန်းအားဖြင့် လေး

ပါးသော နိမိတ်ကြီးတို့ကို မြင်ရ၍ လောကဥ္စနေဖို့ရန် ထိတ်လန့်ကြောက်ရွံ့တော်မူရကား ယနေ့ပင် တောသို့မြန်း၍ ရဟန်းပြုမည်ဟု ကြံစည်တော်မူလေသည်။ ထိုအချိန်မှာပင် သားတော်ဖွားမြင်ကြောင်းကိုလည်း သံတော်ဦး တင်လာလေသည်။

ထို့နောက် နန်းတော်သို့ပြန်ကြွ၍ ခေတ္တမျှစက်တော်ခေါ်ကာ နိုးလာသည့်အခါဝယ် များစွာသော မောင်းမတို့ အိပ်ပျော်နေကြဟန်ကို သုသာန်လိုထင်လာသဖြင့် လွန်စွာငြီးငွေ့ရကား ယခုပင် တောထွက်အံ့ဟု ဆုံးဖြတ်တော်မူပြီးလျှင် ဆန္နအမတ်အား ကဏ္ဍကမြင်းတော်ကို ပြင်ဆင်ဘို့ အမိန့်ပေး၍ တစ်ခါမျှ မမြင်ရသေးသော သားတော်ကလေးကို ရှုစားတော်မူရန် ယသော်ဓရာဆောင်နန်းသို့ ကြွလှမ်းတော်မူလေသည်။

## MARA, THE EVIL ONE, PERSUADING THE FUTURE BUDDHA TO TURN BACK ON THE POINT OF HIS DEPARTURE FROM THE CITY



Coming away from Yasodhara’s chamber, the Future Buddha descended from the palace and rode on by the mighty steed, Kanthaka, already saddled and bridled for the journey, with Channa holding on by the tail. He issued forth on the Great Renunciation and arrived at midnight at the great of the city. At this moment came Mara, the Evil One, with the intention of persuading the Future Buddha to turn

back; and standing in the air, he said, “Sir, go not forth! On the seventh day from now the Wheel Treasure will appear to you. Sir, turn back!”

The Future Buddha replied as follows: “Mara, I know that the Wheel Treasure was on the point of appearing to me; but I do not wish for sovereignty. My sole desire is to become a Buddha and save the world of gods and men”. He then departed from the city in great splendor surrounded by higher and lower deities on all sides, the divinity that guarded the city –gate having opened it for them.

## အလောင်းတော် မြို့တော်မှ ထွက်ခါနီး မာရ်နတ်ကလာရောက်တားဆီး

ဘုရားအလောင်းတော်သည် ယသော်ဓရာနန်းဆောင်မှ ထွက်ခွါ၍ မြေပြင်သို့ ဆင်းသက်လာ ပြီးလျှင် အဆင်သင့်ပြင်ထားပြီးသော ကဏ္ဍကမြင်းတော်ကိုစီးလျှက် မြင်းမြီးကို ဆွဲကိုင်သော ဆန္န အမတ်နှင့်အတူ သန်းခေါင်အချိန်မှာ တောထွက်တော်မူလေသည်။ မြို့တံခါး အနီးရောက်သောအခါ မာရ်နန်မင်းသည် ကောင်းကင်၌ရပ်လျှက် “၇-ရက်ကြာလျှင် စကြာရတနာဆိုက်ရောက် ပါတော့မည် တောမထွက်ပါနှင့် ”ဟု တားဆီးလေသည်။

ထိုအခါ ဘုရားလောင်းက “အိုမာရန်နတ် စကြာရတနာဆိုက်ရောက်လာမည့်အကြောင်းကို ငါသိပြီးပင်ဖြစ်သည်။ ထို

စကြာရတနာကို ငါအလိုမရှိပါ၊ ဘုရားဖြစ်ပြီး သတ္တဝါများအား ကယ်တင်နိုင် ခြင်းကိုသာ ငါအလိုရှိသည်” ဟုပြန်၍ပြော ပြီးလျှင် မြို့တံခါးစောင့်နတ်သားက အဆင်သင့်ဖွင့်ထားသော တံခါးဖြင့် ထွက်တော်မူလေရာ နတ်ပြဟ္မာအပေါင်းခြံရံကာဖြင့် လွန်စွာကြည်နူးဘွယ်ကောင်း ပေသည်။

**THE FUTURE BUDDHA CUTTING HIS HAIR TO BECOME A MONK**



The Future Buddha who left the city at midnight on his Great Renunciation came to the bank of the Anoma (Illustrious) River at day –break. He gave the signal to his horse with his heel, and the horse sprang over the river, which had a breathe of eight *usabhas* (an usabha is 140 cubits 210 feet), and landed on the opposite bank. He handed over to Channa his ornaments and the horse, Kanthaka, and asked him to go back home with them. He then cut his hair with the sword on the sandy beach of the Anoma.

Then the Future Buddha seized hold of his top- knot and threw it into the air, saying “If I am to become a Buddha, let it stay in the sky; but if not, let it fall to the ground”. And

Sakka, the King of the gods, received it in a golden casket, and established it in the Heaven of the Thirty- three Gods as the Culamani Cet1 (Shrine of the Diadem). After that, the Future Buddha put on the robes, the symbol of asceticism, brought by the Maha- Brahma god, Ghatidara, and became an ascetic. His garments, made of Benares cloth, were taken away by Ghatikara, and established in the realm of the higher gods as the "Dussa Shrine".

## အလောင်းတော် ဆံတော်ပယ်၍ ရဟန်းပြုတော်မူပုံ

သန်းခေါင်အခါ၌ တောထွက်တော်မူလာသော ဘုရားအလောင်းသည် နံနက်လင်း သောအခါ အနော်မာမြစ်ကမ်းသို့ ဆိုက်ရောက်တော်မူ၍ ကဏ္ဍကမြင်းတော်အစွမ်းဖြင့် ရှစ်ဥသဘ ဝေးကွာသော ဟိုဘက်ကမ်းသို့ ကျော်လှမ်းတော်မူလေသည်။ ထို့နောက် ဝတ်ဆင်တော်မူသော တန်ဆာနှင့်မြင်းတော်ကို ဆန္နအားအပ်၍ တိုင်းပြည်သို့ပြန်ကြတော့ဟု စေလွှတ်တော်မူပြီးလျှင် အနော်မာသောင် အပြင်ဝယ် သန်လျက်နှင့် ဆံတော်ကိုမြတ်ကို ပယ်ဖြတ် တော်မူလေသည်။

ထိုသို့ပယ်၍ ဘုရားဖြစ်မည်မှန်လျှင် ဆံတော်သည် ကောင်းကင်၌တည်ပါစေသားဟု မိဌာန်၍ မြှောက်တင်လိုက်ရာ ကောင်းကင်၌တည်သော ဆံတော်ကို သကြားမင်းက ရွှေကလပ်ဖြင့်ခံယူ၍ တာဝတိံသာနတ်ပြည်ဝယ် စူဠာမဏိစေတီ တည်ထားလေသည်။ ထို့နောက် ဃဋိကာရဗြဟ္မာ ဆက်သလာ

သော သက်န်းဖြင့် ရဟန်းပြုတော်မူ၍ ဝတ်လဲတော် ပုဆိုးကို လည်း ဃဋိကာရဗြဟ္မာမင်းယူ၍ ဗြဟ္မာ့ပြည်ဝယ် ဒုဿစေတီ တည်ထားကိုးကွယ်လေသည်။

**KING BIMBISARA OFFERING ALL HI SKINGLY GLORY**



Now the Future Buddha, having thus retired from the world and become and ascetic for about 7 days, entered the city of Rajagaha and begged for food from house to house. By the beauty of the Future Buddha the whole city was thrown into a commotion as he was a distinct contrast to the usual type of ascetics of those days, who were old and shabby in appearance. The Future Buddha being then only 29 years of age and bearing all the signs of a Universal Monarch naturally became an object of admiration and wonder. Now the Great Being having collected some food for his sustenance went to the shade of Pandava rock and ate his meal. Thereupon, Bimbisara, the King, approached the Future Buddha, and being pleased with his princely deportment and appearance offered him all his kingly glory. “Great King”, replied the Future Buddha, “I do not seek for

the gratification of my senses or my passions, but have retired from the world for the sake of the supreme and absolute enlightenment of a Buddha".

"Verily", said the King, when his repeated offers had all been refused, "you are sure to become a Buddha; but when that happens your first journey will be my Kingdom".

## ဘုရားအလောင်း တောထွက်ခါစ၌ ဗိမ္ဗိသာရမင်းက ထီးနန်းလှူပုံ

ဘုရားအလောင်းသည် ရဟန်းပြုပြီးနောက် ၇ ရက် လောက်ကြာသောအခါ ရာဇဂြိုဟ်မြို့သို့ ကြွလာ၍ ဆွမ်းခံဝင် တော်မူ၏။ ထိုခေတ်၌ ရသေ့ရဟန်းဆိုသူတို့ဝယ် သပ္ပါယ်တင့် တယ်သူကို တွေ့ရခဲ၏။ မတင့်မတယ်နှင့် အရွယ်ကြီးများကိုသာ အများအပြားတွေ့နေရသော မြို့သူမြို့သားတို့သည် အရွယ် အားဖြင့် ၂၉-နှစ်မျှသာရှိသေး၍ စကြာမင်းအမှတ်လက္ခဏာ စုံလင်စွာပါသော ဘုရားအလောင်း ကို တအံ့တသြကြည့်ကြ လေ သည်။

ဘုရားအလောင်းသည် ဆွမ်းခံပြီး၍ ပဏ္ဍဝတောင်သို့ ကြွတော်မူကာ ဆွမ်းဘုဉ်းပေးလေရာ ဗိမ္ဗိသာရမင်းလည်း ရောက်လာ၍ ရုပ်လက္ခဏာကို မြင်ရုံမျှဖြင့် ဇာတ်မြင့်သော မင်းသားတစ်ပါး ဖြစ်တန်ရာ၏ ဟု စဉ်းစားပြီးလျှင် ထီးနန်း စည်းစိမ်ကို လှူအပ်လေသည်။ ဘုရားအလောင်းသည် ထီးနန်း စည်းစိမ် မလိုလားဘဲ ဘုရားဖြစ်လိုကြောင်းကို မိန့်တော်မူလျှင်

ဘုရားဖြစ်သောအခါ သူ့ပြည်သို့ ပထမဆုံး ကြွလာဘို့ရန် တောင်းပန်လိုက်လေသည်။

**THE FUTURE BUDDHA MADE THE GREAT STRUGGLE AND HIS BODY BECAME EMACIATED**



Having become a monk, the Future Buddha sought for teachers and found two renowned Brahmin teachers, Alara Kalarma and Uddaka Ramaputta. He acquired from them the method of meditation leading only to practise it. And being desirous of attaining Enlightenment he continued his search and went to Uruvela grove. He entered Senan1 village and begged for his food from house to house to house and ate his meal. He thought to himself that having to go on a begging round for food in itself was a hindrance to his ascetic pratices and began to practise the Great Struggle. The Great Struggle is an austere practice which is beyond human endurance of and average person. He tried various plans such as, abstaining from rice meal and living on fruits which dropped from trees. Then on fruits which dropped from the tree under which he sat, then living on one fruit, one sesamum seed or one grain of rice a day. By this lack of nourishment his body was reduced to skin ad bones and lost its golden colour and became dry and black.

## ဒုက္ကရစရိယာကျင့်တော်မူ၍ ကိုယ်တော်၏ အသွေးအသား ခေါင်းပါးနေပုံ

ဘုရားအလောင်းသည် ရဟန်းပြုပြီးနောက် ဆရာဖြစ်ထိုက်သူကိုရှာရာ အာဠာရနှင့် ဥဒကရသေ့တို့ကို တွေ့၍ ထိုရသေ့တို့အထံမှ လောကီဈာန်မျှကိုသာ နည်းခံရသဖြင့် အားရတင်းတိမ်ခြင်း မရှိဘဲ တရားထူးကို ဆက်လက်ရှာဖွေကာ ဥရုဝေလတောသို့ရောက်တော်မူသည်။ ထို့နောက် သေနာနိဂုံးသို့ ဆွမ်းခံဝင်၍ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ဆွမ်းခံသွား ရသည်ကိုပင် တရားအလုပ် အနှောင့်အယှက်ဟု ထင်သောကြောင့် ဒုက္ကရစရိယာကို စ၍ကျင့်တော်မူလေသည်။

သာမန်လူတို့ ကျင့်နိုင်ခဲသော အကျင့်ကို ဒုက္ကရစရိယာအကျင့်ဟုခေါ်သည်။ ကျင့်ပုံအစဉ်မှာ ဆွမ်းမစားဘဲ အလိုလို ကြွေကျသောသစ်သီးကိုသာ ကောက်ယူစား၏။ ထို့နောက် သစ်ပင်ရှိရာသို့ သွား၍မကောက်ဘဲ မိမိသစ်ပင်အောက်က သစ်သီးကိုသာ ကောက်စား၏။ ထို့နောက် သစ်သီးတစ်လုံး နှမ်းတစ်လုံး ဆန်တစ်လုံးမျှကိုသာ စား၍တရားကျင့်၏။ ဤသို့ အစာကိုလျှော့စားသဖြင့် အသွေး အသားမရှိတော့ချေ၊ စိုပြည်ဝင်းဝါသော အဆင်းတော်သည် ညှိုးမည်းသွေ့ခြောက်ကာ အရိုးနှင့်အရေ သာ ကျန်လေတော့သည်။

## THE FUTURE BUDDHA RECEIVING THE MILK-PORRIDGE OFFERED BY SUJATA



There lived in the village of Senan1, near Uruvela forest, a girl named Sujata. She had uttered a prayer for fulfillment of her wish at a banyan tree, and vowed a yearly offering to it, if she should have a good marriage and a son as her first born child. The wish having been fulfilled, she used to make an offering every year at the banyan tree. Now the Great Being had resumed taking usual food, because he found that the austetities he practiced for full six years were not the way to enlightenment. On the full moon day of the month Visakha (April – May) the Future Buddha who had attained 35 years of age, was sitting under the banyan tree. Sujata caught sight of the Future Buddha and, supposing him to be the tree–god, her benefactor, who had come down, offered him milk –porridge in a golden bowl that was worth a hundred thousand pieces of money. He proceeded to the banks of the Neranjara and ate the food. He took the bowl to the riverbank and set it on the river saying "If today I shall be able to become a Buddha, let this bowl go up- stream". It floated up-stream!

## သုဇာတာလှူဒါန်းသော ယနာနို့ဆွမ်းကို ခံယူတော်မူပုံ

ဥရုဝေလတောဇ၏အနီး သေနာနိဂုံးဝယ် သူဌေးကတော် သုဇာတာသည် အပျိုဘဝတုန်းက ညောင်ပင်ကြီးသို့သွား၍ သူဌေးသားကိုရဘို့ရန်နှင့် သားဦးရဘို့ရန် ဆုပန်ခဲ့လေရာ ထိုဆုအတိုင်းပြည့် သောကြောင့် နတ်မင်းကြီးက မ-သည်ဟု ထင်၍ နှစ်စဉ်ပူဇော်လေ့ရှိ၏။ အလောင်းတော်လည်း ၆နှစ် ပတ်လုံး ပင်ပန်းလှသောအကျင့်ဖြင့် တရားထူးမရသောကြောင့် ဆွမ်းအာဟာရကို မျှတအောင် ဘုဉ်းပေး၍ ကျင့်တော်မူလေပြီ။

အလောင်းတော်သည် သက်တော် ၃၅နှစ်ပြည့်ရာ ကဆုန်လပြည့်နေ့ နံက်စောစော အခါတွင် ညောင်ပင်အောက်သို့ ရောက်နေတော်မူစဉ် သုဇာတာသည် မိမိ၏ကျေးဇူးရှင် နတ်မင်း ဟုထင်မှတ်လျက် တစ်သိန်းတန်ရွှေခွက်နှင့်တကွ နို့ယနာဆွမ်းကို လှူဒါန်းလေသည်။ နေရဉ္စရာမြစ်ကမ်း၌ ထို ဆွမ်းကို ဘုဉ်းပေးတော်မူပြီး "ယနေ့ ဘုရားဖြစ်မည်မှန်လျှင် ရေညာဆန်စေသား" - ဟု ဓိဋ္ဌာန်၍ ရွှေခွက်ကို မျှောလိုက်ရာ ရေညာသို့ ဆန်တက်သွားလေသည်။

**THE FURTURE BUDDHA BEING ATTACKED BY MARA, THE EVIL ONE, JUST BEFORE HE ATTAINED ENLIGHTENMENT**



After eating the milk-porridge offered by Sujata, the Future Buddha took his noonday rest on the bank of the Neranjara, in the cool and pleasant shade of a grove of sal trees. And at nightfall he went towards the Bodhi tree. On the way he received from a grass-cutter named Sotthiya eightfuls of grass and sat down cross-legged on that grass. He made the mighty resolution: “I will not stir from this seat until I have attained the supreme and absolute wisdom”. Many higher and lower gods with Sakka came near the Future Buddha. The god Mara, the Evil One, saw the Future Buddha seated in that unconquerable position and knew that he was sure to become a Buddha. He went back to his celestial realm and brought his army drawn out for battle. He grasped a variety of weapons himself and sounded the war-cry, “Advance! Seize!” to frighten the Great Being. But the Future won a peaceful victory over Mara with the power of loving kindness, which he had practiced in his many past lives, just as a mother would tame a cruel and wicked son with her maternal love.

## ဘုရားဖြစ်တော်မူခါနီး၌ မာရ်နတ်လာ၍ ဖျက်ဆီးနေပုံ

ဘုရားအလောင်းတော်သည် သုဇာတာ၏ ယနာနို့ဆွမ်းကို ဘုဉ်းပေးပြီး နေရဉ္စရာမြစ် ကမ်း၏ အေးချမ်းသာယာသော အင်ကြင်းဥယျာဉ်၌ နေ့အဖို့တွင် သန့်စင်နေထိုင်တော်မူကာ ညနေချမ်းမှ ဗောဓိပင်သို့အကြွတွင် မြက်ရိပ်ပုဏ္ဏားထံက မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့ပြီးလျှင် ထိုမြက်ပေါ်မှာပင် ဘုရားမဖြစ်သမျှ ဤတင်ပလ္လင်ခွေကို မဖျက်တော့အံ့ဟု မိဌာန်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူရာ ပြဟ္မာသကြားနတ်အများလည်း ထံပါးသို့ရောက်လာကြ လေသည်။

ထိုသို့ ထိုင်နေပုံကိုမြင်ရ၍ ဧကန်မုချ ဗုဒ္ဓဖြစ်တော့မည်ကိုသိသောမာရ်နတ်မင်းသည် ထန်ပြင်းသော ဒေါသဖြင့် နတ်ပြည်သို့ပြန်သွား၍ စစ်သည်တပ်သား စုဆောင်းကာ မိမိကိုယ် တိုင်ကလည်း လက်နက်မျိုးစုံကိုင်လျက် တက်ကြလော့ ဖမ်းကြလော့ဟု ဆော်အောခြိမ်း ခြောက်လေရာ ဗုဒ္ဓလောင်းလျာသည် ရက်စက်ကြမ်းကြုတ်နေသော သားအပေါ်တွင် ထားရှိသော မိခင်၏မေတ္တာကဲ့သို့ ဘဝများစွာ အထုံပါသော မေတ္တာ၏ အစွမ်းဖြင့် ချေမ်းကြည်ဖြူ အောင်တော်မူလေသည်။

## ATTAINMENT OF ENLIGHTENMENT AS BUDDHA



Having vanquished the army of Mara, the Future Buddha sat cross-legged at the foot of the Bodhi tree with the firm resolution that he would not get up from his seat until he attained the supreme wisdom of a Buddha, and went into deep meditation. He acquired in the first watch of the night the knowledge of previous existences; in the middle watch of the night, the divine eye with which he could see the beings of all thirty-one planes of existence dying and being reborn; and in the last watch of the night, he gained the bliss of complete emancipation. Thus on Wednesday the full moon day of Visakha (April-May) 103 the Great Era at dawn, the Great Being attained the Supreme Enlightenment of a Buddha.

## ဘုရားအဖြစ်သို့ ရောက်တော်မူပုံ

ဘုရားအလောင်းတော်မြတ်သည် မာရ်နတ်မင်း၏ ရန်ကိုအောင်တော်မူပြီး၍ ဗောဓိပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ သဗ္ဗညုဗုဒ္ဓအဖြစ်သို့ မရောက်သမျှ ဤနေရာမှမထ-ဟု ကြီးစွာသော လုံ့လတော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူသောအခါ ညဥ့်ဦးယာမ်၌ လွန်လေပြီးသော ဘဝပေါင်းများစွာကို ပြန်လည် အောက်မေ့ ဆင်ခြင်သိနိုင်စွမ်းသော ပုဗ္ဗေနိဝါသာနုဿတိ

ဉာဏ်၊ သန်းခေါင်ယာမ်၌ သုံးဆယ့်တစ်ဘုံလုံး၌ ဖြစ်ပျက်၍ နေကြကုန်သော သတ္တဝါအားလုံးကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယာမ်၌ ကိလေသာဟူသမျှတို့ကို အကြွင်းမရှိပယ်စွမ်းနိုင်သော အာသဝက္ခယဉာဏ်ကို ရတော်မူပြီးလျှင် သက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓနေ့ နံက်အာရုံတက်အချိန် လောကသုံးပါး၏ အထွဋ်အထိပ် သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်တော်မူလေသည်။

**CAKES BEING OFFERD TO THE BUDDHA BY THE BROTHERS TAPUSSA AND BHALLIKA**



Not long after his attainment of Supreme Buddhahood, the Blessed One sat cross- legged at the foot of the Rajayatana tree(Buchanania 1atifolia). At that time two brothers Tapussa and Bhallika, from a village Ukkala went for trade to (the middle Districts of) India where the Buddha was dwelling. A deity who was related the Supreme Buddhahood, and directed to the place where the Blessed One was then dwelling. The deity also instructed them to offer to the Buddha the cakes which they had brought with

them. As directed by the deity, the two brothers approached the Buddha and offered the cakes which they had brought. They then addressed the Buddha with the words “We take our refuge, Lord, in the Blessed One and the Dhamma; may the Blessed One receive us as disciples, who from this day forth, while our life lasts, have taken their refuge in Him”. They then asked the Blessed One rubbed his head with his hand and gave to the two brothers whatever hairs came off and stuck to his hand.

## တပုဿနှင့် ဘလ္လိကညီနောင်တို့အား ပူဇော်ရန် ဆံတော်များချီးမြှင့်နေပုံ

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်၍မကြာမီ လင်းလွန်းပင် အောက်၌ သီတင်းသုံးနေတော်မူစဉ် ဥက္ကလာမည်သော ဇနပုဒ်မှ တပုဿနှင့် ဘလ္လိကမည်သော ကုန်သည်ညီနောင် ၂ယောက်တို့သည် ဘုရားပွင့်ရာမဇ္ဈိမဒေသသို့ ကူးသန်းရောင်း ဝယ်သွားကြ၏။ ထိုညီနောင်၏ ရှေးဘဝက ဆွေမျိုးတော် စပ်ခဲ့ ဘူးသော နတ်သည် ကိုယ်ထင်ပြ၍ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာ ကြောင်းကို ပြောပြီးလျှင်ပါလာ သောမုန့်များကို ကပ်လှူကြ လော့ - ဟု တိုက်တွန်းကာ နေရာကို ညွှန်ပြလိုက်လေသည်။

ထိုညွှန်ပြချက်အရ ဗုဒ္ဓအထံတော်သို့ ချဉ်းကပ်ကြ၍ မိမိတို့မှာ ပါလာသောမုန့်များကို ကပ်လှူကြပြီးလျှင် ဗုဒ္ဓမြတ်စွာ နှင့်တရားတော်မြတ်ကို ဆည်းကပ်ကိုးကွယ်ပါ၏၊ ယနေ့ကစ၍

ဘယ်အရာကို ရှိ သေမြတ်နိုးရှိခိုးရပါမည်နည်း ဟုလျှောက်ထား ကြပြန်ရာ မြတ်စွာဘုရားသည် လက်တော်ဖြင့် ဦးခေါင်းတော် ကို သုံးသပ်၍ ငြိကပ်ပါလာသော ဆံတော်များကို သနားချီးမြှင့် တော်မူလိုက်၏။

**THE BUDDHA PREACHING THE SERMON "THE WHEEL OF LAW" TO THE "BAND OF FIVE DISCIPLES"**



Soon after the birth of the Future Buddha, eight Brahmin fortune-tellers, observed the marks and characteristics of the Future Buddha's person. Five of these Brahmins interpreted that prince Siddhattha would unquestionably become a Buddha and with that belief, had already become ascetics. When Siddhattha retired from the world, they attended to his personal needs. Then seeing that the Future Buddha had given up extreme asceticism and gone back to the usual way of taking ordinary material food, they doubted if he would ever become a Buddha, and deserted him. Then they went and lived in the Deer Park at Isipatana near Benares. They Blessed One, having attained the Supreme Wisdom, began his life as the Great Teacher. He first thought of the person whom he should first aid with his

teaching, and saw that these five ascetics had developed mature intellect. He therefore went to the Deer Park at Ksipatana near Benares, 18 yojanas (1 yojana = about 8miles) away from the Bodhi tree and preached his first sermon to this “Band of Five Disiples” before sunset on the full moon day of Wazo (June-July). Kondanna was established in the first noble stage of the Aryan Path, along with eighteen crores of higher and lower gods.

## ပဉ္စဝဂ္ဂီငါးယောက်တို့အား ဓမ္မစကြာတရားဟောတော်မူပုံ

ဘုရားအလောင်း ဖွားမြင်ပြီး ရုပ်လက္ခဏာကြည့်ရှုရသော ပုဏ္ဏားရှစ်ယောက်တို့တွင် ငါးယောက်သော ပုဏ္ဏားတို့သည် မုချဘုရားဖြစ်လိမ့်မည်ဟု ယုံကြည်ကြသောကြောင့် ရသေ့ရဟန်းပြုနှင့်ကြ၍ ဘုရားအလောင်း တောထွက်လာသောအခါ ရေပူရေချမ်း ကမ်းလှမ်းပြုစုနေကြလေသည်။ ထို့နောက် ဆွမ်းအာဟာရပြန်ဘုဉ်းပေးသည်ကို မြင်၍ ဘုရားဖြစ်တော့မည် မထင်သောကြောင့် ဘုရားအလောင်းထံမှ ခွဲခွါ၍ ဗာရဏသီအနီး မိဂဒါဝုန်တော၌ နေကြလေသည်။

ဘုရားဖြစ်တော်မူ၍ တရားဦးဟောထိုက်သူများကို ရှုစားတော်မူသောအခါ ထိုရသေ့ငါးဦး၏ ရင့်သန်သောဉာဏ်ကို မြင်တော်မူရကား ဗောဓိပင်မှ(၁၈)ယူဇနာ ဝေးကွာသော ဣသိပတန မိဂဒါဝုန်တောသို့ ကြွတော်မူပြီးလျှင် ဝါဆိုလပြည့်နေ့ နေမဝင်မီ အချိန်တွင် ထိုပဉ္စဝဂ္ဂီရသေ့ငါးဦးအား

ဓမ္မစကြာ တရားဦးကို ဟောတော်မူလေရာ တစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့နှင့်တကွ အရှင်ကောဏ္ဍည သောတာပန် တည်လေသည်။

**BUDDHA SENDING OUT A MISSION OF SIXTY OF SIXTY ARAHANTS**



After the Buddha had kept his retreat at the Deer Park at Isipatana during the first rainy season, there were fully sixty Arahants besides the Blessed One. He called them and said. "Released am I, O Bhikkhus, from fetters both human and divine. Ye also are free from fetters both human and divine. Go ye, now O Bhikkhus, and wander for the gain of the many, for the good of the many. for the gain and welfare of gods and men. Preach, O Bhikkhus, the doctrine which is glorious in the beginning, glorious in the middle, glorious at the end, in spirit and in letter. Proclaim the Hold Life altogether perfect and pure. There are beings with a little dust in their eyes, who, not hearing the Doctrine will fall away. There will be those who will understand the Doctrine". There will be those who will understand the Doctrine". With this exhortation the Buddha dispatched His first sixty disciples in various directions.

## (၆)ကျိပ်သော ရဟန်းတော်များကို သာသနာပြု စေလွှတ်တော်မူပုံ

မိဂဒါဝုန်တော၌ ပထမဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ဗုဒ္ဓမြတ်စွာမှတစ်ပါး ရဟန္တာရဟန်းတော်ပေါင်း (၆)ကျိပ် အတိရှိလေပြီ၊ ဗုဒ္ဓမြတ်စွာသည် ထိုခြောက်ကျိပ်သော ရဟန္တာတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ငါသည်လူနတ် တို့၌ ဖြစ်သော တဏှာရာဂကျော့ကွင်းမှ လွတ်ကင်းတော်မူခဲ့ပြီ၊ အသင်တို့လည်း လူနတ်တို့၌ဖြစ်သော တဏှာရာဂကျော့ကွင်းမှ လွတ်ကင်းခဲ့ကုန်ကြကုန်ပြီ-ဟု စကားအစချီ၍ မိန့်တော်မူသည်မှာ - "သင်တို့ ထိုထိုဤဤလှည့်လည်ကြချေ၊ အစအလယ် အဆုံး သုံးပါးလုံးကောင်း မြတ်၍ အနက်အဓိပ္ပါယ်ပြည့်စုံသော တရားတော်များကို ဟောကြချေ၊ ကိလေသာမြူ နည်းပါး၍ ပညာ မျက်စိအားကောင်းသော သတ္တဝါများရှိကြပေသည်။ ထို သတ္တဝါတို့သည် တရားမနာရသောကြောင့် ရသင့်သော တရားထူးမှ ယုတ်လျော့နေကြသည်။ တရားကို သိလွယ်သူတွေ ရှိကြပေလိမ့်မည်" ဟု မိန့်တော်မူကာ သာသနာပြုလွှတ်တော်မူသည်။

**THE BUDDHA TAMING THE DRAGON IN THE FIRE-SHED WITH HIS SUPERNATURAL POWER**



After sending forth the Arahants to preach, the Blessed One went to Uruvela to convert a thousand hermits headed by the three Kassapa brothers known as Uruvela Kassapa, Nad1 Kassapa and Gaya Kassapa. The Buddha tamed the King of the Dragons in a fire-shed by using a variety of this supernatural powers. The thousand hermits became monks and with this retinue, the Blessed One proceeded to Gayas1sa. On arrival there he preached to them again and they all became arahants. The Buddha went from there to Rajagaha accompanied by those monks and dwelt in the Today Palm Grove. King Bimbisara went there with a large following if 120,000 persons to pay his respects to the Buddha. As the ascetic Kassapa knew this and placing his head upon the Buddha' feet acknowledged the Buddha's superiority, saying, "My teacher, Lord, is the Lord, I am the disciple" repeatedly.

## မီးတင်းကုတ်တွင်နေသော နဂါးအား တန်ခိုးတော်ဖြင့် ငြိမ်သက်စေတော်မူပုံ

မြတ်စွာဘုရားသည် ရဟန်းများကို သာသနာပြုစေလွှတ်တော်မူပြီးမှ ကိုယ်တိုင်လည်း ဥရုဝေလာကဿပ၊ နဒီ-ကဿပ၊ ဂယာကဿပအမည်ရသော ကဿပညီနောင်သုံးဦးတို့ခေါင်းဆောင်သော ရသေ့တစ်ထောင်ကို ချွတ်တော်မူရန် ဥရုဝေလာသို့ ကြွတော်မူလေသည်။ ထိုနေရာရှိ မီးတင်းကုတ်၌ရှိသော နဂါးမင်းအား တန်ခိုးအမျိုးမျိုးတို့ဖြင့် နှိမ်နင်းပြ၍ ဆုံးမတော်မူရာ ညီနောင်အားလုံး ရဟန်းပြုကြလေသည်။ ထို့နောက် ထိုရဟန်းတစ်ထောင် နှင့်အတူ ဂယာသီသသို့ကြွတော်မူ၍ တရား ဟောတော်မူရာ ညီနောင်အားလုံး ရဟန္တာဖြစ်လေသည်။

ထိုရဟန်းများနှင့်အတူ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူ၍ ထန်းတောဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် (၁၂၀၀၀၀)သော လူတို့နှင့်တကွ ဗိမ္ဗိသာရမင်း အဖူးမြော်လာလေရာ ထိုလူအပေါင်းတို့မှာ ကဿပကဆရာလေလား ရဟန်းဂေါတမက ဆရာလေလား ယုံမှားဖြစ်နေကြသည်ကို ရှင်ကဿပသိ၍ ဘုရား ရှင်၏ ခြေတော်ပေါ်၌ ဦးခေါင်းကိုတိုက်ပြီးလျှင် ဘုရားရှင်သည်ဆရာ မိမိကတပည့်ဖြစ်ပါကြောင်းကို အကြိမ်ကြိမ် လျှောက်လေသည်။

## THE BUDDHA VISITED KAPILAVATTHU AT THE REQUEST OF KALUDAYI THERA



King Suddhodana heard that was dwelling at the Veluvana Monastery offered by King Bimbisara of Rajagaha. He wanted to see Him. Nine courtiers, each with a large following, were sent on nine successive occasions to invite the Buddha to Kapilavatthu. All nine attained Arahantship and no reply was received. The king finally dispatched Kaluday1. He went on condition that he would be allowed to enter the Order.

Kaluday1 also became an Arahant and entered the Order. He then requested the Buddha to visit the city of Kapilavatthu. The Buddha proceeded there with a following of twenty thousand Aragants covering a distance of 60 yojanas at the rate of one yojana a day. It took him fully two months to do the journey. Kaluday1 Thera traveled by air everyday by superhuman power and kept the Buddha’s father, Suddhodana, informed of the progress of the march, And on the day of the Buddha’s arrival, a great welcome awaited Him.

## ကာဠုဒါယီမထေရ် ပင့်လျှောက်၍ ဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွတော်မူပုံ

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာမင်းလှူဒါန်း အပ်သော ဝေဠုဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးတော်မူ ကြောင်းကို ခမည်းတော် သုဒ္ဓေါဒနမင်း ကြားသိတော်မူရ၍ လူပေါင်းတစ်ထောင်စီဖြင့် အမတ်ကိုးယောက်တို့ကို ဘုရားပင့် လာဖို့ရန် အတန်တန်စေလွှတ်သော်လည်း စကားပြန်မရဘဲ ဘုရားထံ၌ အားလုံးရဟန္တာဖြစ်၍ ရဟန်းပြုကြလေသော် ကာဠုဒါယီကို ရဟန်းပြုလိုကလည်းပြုပါဟု ခွင့်ပြုကာ စေလွှတ် ရပြန်သည်။

ကာဠုဒါယီအမတ်သည် ရဟန္တာဖြစ်၍ ရဟန်းပြုပြီး နောက် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူပါရန် လျှောက် သောအခါ နောက်တော်ပါ ရဟန္တာနှစ်သောင်းနှင့်အတူ ယူဇနာ ခြောက်ဆယ် ဝေးသောခရီးကို တစ်နေ့တစ်ယူဇနာကျဖြင့် နှစ်လတိတိ ကြွတော်မူလေသည်။ ကာဠုဒါယီသည် ဘုရားကြွ လာ၍ ရောက်နေသောခရီးကို သိနှင့်ဖို့ရန် နေ့စဉ်ရှာန်ဖြင့်ကြွ၍ ခမည်းတော်အားပြောထား သောကြောင့် ဘုရားရောက်မည့်နေ့ တွင် အဆင်သင့် ကြိုဆိုနေကြလေသည်

## TWIN MIRACLE PERFORMED BY THE BUDDHA BEFORE HIS KINSMEN AND A SHOWER OF RAIN FELL WETTING ONLY THOSE WHO WISHED TO BE WET



Menbers of he Sakya clan were very proud, and when the Buddha arrived at Kapilavatthu, they let only the younger kinsmen pay their respects to the Blessed One while the older older folk sat down without making obeisance to Him. The Blessed One, who saw this behaviour, rose in the air and walked over the heads of the elders. He performed the miracle of the pairs, in which flames of fire came from the lower part, Then the process was reversed. Next fire came out from the right side of His body and water from the left, and so on. He thus showed his superhuman power and emitted six resplendent rays of light from hi body, at which they marveled. Suddhodana himself was so deeply moved by the sight that he bowed his head and touched it with the feet of the Blessed One in salutation. At this, all the other members of the clan could not help paying homage to the Blessed One. The sky then became overcast with clouds and poured down a shower of rain by which only those who wished to be wet became wet and not others. They marveled at this miracle and showed greater respect towards the Buddha.

## ဆွေတော်မျိုးတော်အလယ် တန်ခိုးပြ၍ ပေါက္ခရဝဿမိုးရွာချပုံ

သာကီဝင်းမင်းမျိုးသည် လွန်စွာမာနကြီး၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ ရောက်လာတော်မူသော အခါ ငယ်ရွယ်သူတို့သာ ရှိခိုးစေ၍ ဗုဒ္ဓထက်ကြီးသောမင်းတို့ကား ရှိမခိုးပဲ ထိုင်နေကြ၏။ ထိုအခြင်းအရာကိုမြင်ရသော ဘုရားရှင်သည် ကောင်းကင်သို့ တက်၍ မင်းကြီးတို့၏ ဦးထိပ်ထက်၌ စင်္ကြံကြွလျှက် အထက်ပိုင်းကိုယ်မှ မီးလျှံ၊ အောက်ပိုင်းကိုယ်မှ ရေအလျဉ်၊ လက်ဝဲမှမီး၊ လက်ျာမှရေ ဤသို့ရေမီးအစုံ ထွက်စေသော တန်ခိုးကိုပြတော်မူလေသည်။

ဤသို့တန်ခိုးပြ၍ ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်တော်မူလေရာ တအံ့တဩဖြစ်ကာ သုဒ္ဓေါဒနမင်းကိုယ်တိုင် ဘုရားခြေတော်ကို ဦးတိုက်ရှိခိုးလေသော် ဆွေမျိုးတော်အားလုံး မနေသာတော့ပဲ ရှိသေစွာ ရှိခိုးကြလေသည်။ ထိုအခါ တိမ်တွေတက်လာ၍ (စိုစေလိုသူကိုသာစို၍ မစိုစေသူများကို မစိုသော) ပေါက္ခရဝဿမိုးကြီးရွာသဖြင့် သာ၍ အံ့ဩကာ ဘုရားအပေါ် လေးစားကြည်ညိုကြလေသည်။

**YASODHARA REVERENCING THE BUDDHA BY PLACING HE HEAND UPON HIS FEET**

The day after his arrival at Kapilavatthu the Buddha went on His alms round.



King Suddhodana came conducted Him to the palace and served him with food. After the meal, there was great excitement in the palace and all but Princess Yasodhara came to pay their reverence to the Buddha. Yasodhara thought, "Certainly if there is any virtue in me, the Noble Lord Himself will come to my presence. Then will I reverence Him as much as I like". The Buddha saw that if He did not visit her, Yasodhara would break her heart with grief. So He handed His bowl to the King, and accompanied by His two chief disciples, entered the chamber of Yasodhara and sat on the prepared seat, saying, "Let the King's daughter reverence as she likes". Swiftly she came, clasped His ankles, and placing her head on His feet, reverenced Him as she like.

**ဘုရားခြေတော်ကို ဦးခေါင်းဖြင့်ပွတ်တိုက်၍ ယသော်ဓရာမင်းသမီး ရှိခိုးနေပုံ**

ကပိလဝတ်နေပြည်တော်သို့ ရောက်၍ နောက်တစ်နေ့၌ ဆွမ်းခံကြွတော်မူသော ဘုရားရှင်ဆီသို့ သုဒ္ဓေါဓနမင်းကြီး လာ၍နန်းတော်သို့ပင့်ကာ မွန်မြတ်သောအာဟာရတို့ကို ဆက်ကပ်၏၊ ဘုဉ်းပေးပြီးသည်၏အဆုံး၌ တစ်နန်းတော်လုံး အုန်း

အုန်းကျွက်မျှ ဖူးမြော်ကန်တော့ရောက်လာကြသော်လည်း ယသော်ဓရာမင်းသမီးကား "မောင်တော်ဘုရားမှာ ငါ၏ ကျေးဇူးရှိလျှင် ကိုယ်တိုင်ကြွလာလိမ့်မည်၊ ထို အခါကျမှ အားရ အောင် ရှိခိုးမည်" ဟုပြောဆိုကာ မထွက်လာပဲနေလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ကြွတော်မမူလျှင် ပူပန် အားကြီး၍ ယသော်ဓရာရင်ကွဲမည်ကို မြင်တော်မူသောကြောင့် ခမည်းတော်အား သပိတ်ပေး၍ အဂ္ဂသာဝကနှစ်ပါးနှင့်အတူ ယသော်ဓရာနန်း ဆောင်သို့ ကြွတော်မူကာ ခင်းထားပြီးသော နေရာ၌ ထိုင်တော်မူလေသည်။ ထိုအခါ ယသော်ဓရာ သည် ကပျာကယာလာ၍ ခြေဖမျက်တော်နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ပွေ့ပြီးလျှင် မျက်နှာဦးခေါင်းကို ခြေဖမိုးပေါ်မှာ လှိမ့်ကာလှိမ့်ကာ အားရအောင် ကန်တော့ရာလေသည်။

## RAHULA FOLLOWING THE BUDDHA AND ASKING FOR INHERITANCE



While the Buddha was having his meal at his father's palace, Princess Yasodhara dressed up Rahula properly with ornaments and pointing to the Buddha said, "Behold, son, that great ascetic of majestic appearance in the midst of twenty thousand monks. He is your father. The vases of

gold belonging to Him have disappeared since the day he retired from home to homelessness. Go ye and ask for your inheritance so that you may become a Universal Monarch". Young Rahula, emboldened by the love of a son towards his father, came to His presence and said, "O, father, your shadow is cool and pleasant. I wish to become a Universal Monarch. Please give me my inheritance". He asked fir his inheritance, uttering much else that was becoming. He followed the Buddha when he went back to the monastery asking for inheritance. But the Blessed One made him owner of an inheritance transcending this world, by ordaining him as a samanera (novice) of the Holy Order.

## ဘုရားနောက်တော်က လိုက်၍ သားတော်ရာဟုလာ အမွေတောင်းပုံ

ဗုဒ္ဓမြတ်စွာသည် ခမည်းတော်စံနန်း၌ ဆွမ်းဘုဉ်းပေးနေစဉ် ယသော်ဓရာသည် သားတော်ကို တန်ဆာဆင်၍ "ချစ်သား ရဟန်းနှစ်သောင်း၏ အလယ်မှာ တင့်တယ်စွာနေတော်မူသော ရဟန်းတော်မြတ်သည် သားတော်၏ ခမည်းတော်ပင်တည်း၊ မောင့်ခမည်းတော်မှာရှိသော ရွှေအိုးကြီးတွေကိုတော ထွက်သွားသည့် နေ့ကစ၍ မတွေ့ရတော့ဘူး၊ စကြာမင်းလုပ်ရအောင် အဲဒီအမွေတွေကို တောင်းချေ" ဟုသင်ကြား၍ ဘုရားထံသို့ စေလွှတ်လိုက်လေသည်။

သားတော်ရာဟုလာသည် ဘုရားထံသို့ ရောက်လျှင် ခမည်းတော်ဟူသော ချစ်ခြင်းဖြင့် ရဲတင်း စွာကပ်၍ ခမည်းတော်၏ အရိပ်သည် လွန်စွာအေးချမ်းလှပါ၏၊ သားတော် စကြာမင်းလုပ်ချင်ပါသည်၊ ခမည်းတော် အမွေကို ပေးပါ" ဟု တွတ်တီးတွတ်တာ ပြောဆို အမွေတောင်းရှာလေသည်။

**VENERABLE ANANDA RECITING RATANA SUTTA PARITTA TO RELIEVE THE PROPLE OF VESALI FROM ATTACKS OF FAMINE AND PESTILENCE**



There was scarcity of rain at Vesali (modern Besrah)and many people died from the effects of famine which attacked it. The offensive smell from the corpses brought demons and ogres into the town and there were more deaths. To make matters worse, a disease very much like modern plague broke out, and there were still more deaths. The people discussed ways and means of relief from attacks of famine and disease. They eventually agreed to invite the Buddha for that purpose, and requested the Blessed One arrived at Vesal1 in the royal barge there was a heavy downpour of rain which washed away all the corpses and town had become clean. On arrival at the city gate the

Venerable Ananda learnt the Ratana Sutta Paritta and recited it by walking round the city in between its three walls, and sprinkling the hold water from his bowl now and again while going round the city with the Licchav1 Princes accompanying him. Thus, all the evil spirits were driven away from the city which was rendered free from.

## ဝေသာလီပြည်၌ ဘေးကြီးဆိုက်နေစဉ် အရှင်အာနန္ဒာ ရတနသုတ်ပရိတ်ရွတ်နေပုံ

ဝေသာလီပြည်၌ မိုးခေါင်သောကြောင့် ဝတ်မွတ်ခြင်း ဘေးကြီးဆိုက်၍ လူအများသေကြ၏။ လူသေကောင်တွေ၏ အနံ့ကြောင့် သားရဲဘီလူးတို့ မြို့တွင်းသို့ ဝင်လာသဖြင့် သာ၍ အသေများ၏။ ထိုအခါ ပလိပ်ရောဂါကဲ့သို့သော ရောဂါတစ်မျိုး ဖြစ်ပြန်သဖြင့် သာ၍ အသေများပြန်လေသည်။ ထိုဘေး ကြီးကို ကာကွယ်ဖို့ နည်းလမ်းရှာကြံကြလေရာ ဗုဒ္ဓမြတ်စွာကို ပင့်ဖို့ရန် သဘောတူသောကြောင့် ရာဇဂြိုဟ်မှ သံဃာတော်များနှင့်အတူ တကွ ပင့်ကြလေသည်။

ဗုဒ္ဓမြတ်စွာ၏ လှေဖောင်တော်ကြီး ဆိုက်ချိန်မှာပင် မိုးကြီးသည်းထံစွာ ရွာသောကြောင့် လူ သေအလောင်းများ မျောပါသွားသဖြင့် သန့်ရှင်းနေနှင့်လေပြီ။ မြို့တော်တံခါးပေါက်သို့ ရောက်သောအခါ ရှင်အာနန္ဒာသည် ရတနသုတ်ပရိတ်တော်ကို သင်ယူ၍ လိစ္ဆဝီမင်းသားတို့ကို ခြံရံစေလျက် သပိတ် တော်မှ ရေကိုဖျန်းကာ ဖျန်းကာ မြို့ရိုးသုံးထပ်အကြား၌ လှည့်ပတ်ရွတ်ဆိုလေရာ မကောင်းဆိုးဝါးဟူ သမျှ ပြေးကြ၍ ရောဂါအားလုံး ကင်းငြိမ်းရလေသည်။

**THE BUDDHA CONVERTING SACCAKA, THE ASCETIC, WHO CAME TO MATCH HIS DOCTORNE WITH OF THE BUDDHA**



There was in Vesal1 an ascetic called Saccaka, well - versed in a variety of dogmas and philosophies. He was a teacher of the princes. As he had humiliated many heretical teachers of the day, he was planning to defeat also the Blessed One in argument. He met the Venerable Assaji one day and came to know about the doctrine of the Blessed One. He therefore came to the Buddha in order to have a debate on the doctrine. A great crowd came to watch the results of the debate.

During the debate, the Blessed One said, “Matter or form is insubstantial (that is, there is no such thing as a creative soul)”. The ascetic refuted it by saying “There is a creative soul”. The Blessed One then said, If there is a creative soul, why does it not create a beautiful form?” The still kept quiet. Now Sakka, lord of the gods, came and, assuming the form of a huge demon, threatened to strike him with his celestial weapon. When he was questioned for the third time he admitted that “matter or form is insubstantial”.

## အယူဝါဒပြိုင်လာသော သစ္စကပရိဗိုဇ်ကို ဘုရားရှင်ချွတ်တော်မူပုံ

ဝေသာလီပြည်၌ သစ္စကမည်သော ပရိဗ္ဗိုဇ်သည် အယူဝါဒအမျိုးမျိုးကို နားလည်၍ မင်းသား တို့အား အတတ်သင်ပေးနေသော ဆရာကြီးတည်း။ သူသည် တိတ္ထိဆရာအမျိုးမျိုးကို ချိုးနှိမ်ခဲ့ပေါင်း များလှပြီဖြစ်၍ ဗုဒ္ဓကိုလည်း ချိုးနှိမ်မည်ဟု ကြံစည်နေ၏။ တစ်နေ့သ၌ အရှင်အဿဇိမထေရ်နှင့် တွေ့ရာမှ ဗုဒ္ဓအယူဝါဒကို သိရသဖြင့် ဗုဒ္ဓနှင့်ဝါဒပြိုင်ဖို့ ထွက်လာလေရာ အရှုံးအနိုင်သိလိုသော လူပေါင်း များစွာလည်း ပါလာလေသည်။

ဝါဒစမ်းရာ၌ ရုပ်ခန္ဓာသည် အနတ္တ (စီမံနိုင်သော အတ္တမရှိ) ဟူသော ဗုဒ္ဓစကားကို အတ္တ- ဟု ငြင်း၏။ အတ္တရှိလျှင် ရုပ်ခန္ဓာကို လှအောင်စီမံပါစေသား-ဟု မိန့်တော်မူရာ မလှုပ်နိုင်၍ ငုတ်တုတ်ပေ နေရပေသည်။ နှစ်ကြိမ်မေးလည်း မလှုပ်ချေ။ ထိုအချိန်မှာ သကြားမင်းက ဘီလူးယောင်ဆောင်၍ ဝရဇိန်လက်နက်ဖြင့် ခြိမ်းခြောက်နေ၏။ ထို့ကြောင့် တတိယအကြိမ် ရုပ်ခန္ဓာသည် အနတ္တ-ဟု ဝန်ခံရလေ သည်။

## DEDICATION CEREMNY OF THE JETAVANA MONASTERY BY ANATHAPINDIKA, THE MILIONAIRE



The Buddha was dwelling in Rajagaha, at the end of the first rainy season. Now, Anathapindida, the Millionaire, arrived in Rajagaha in connection with business. He heard that the Blessed One had attained the Supreme Wisdom of a Buddha, and had a strong desire to go to Him that very night, but could not do so. He went to bed with thoughts fixed on the Blessed One. His faith in the Buddha was so intense that he could not sleep well and was between waking and sleeping, when a light emanated from his body. Thinking it to be daylight he went to where the Blessed One was. When he met the Buddha, he was established in the first holy stage of the Aryan Path He came back, at once, to Savatthi and looked for a site to build a monastery, and found a park belonging to Prince Jeta, in a very quiet place, well connected with roads and neither too near nor too far from the town. He bought this park covering the whole site with gold coins and erected the famous Jetavana Monastey at great cost. He donated it to the Buddha and his many disciples after inviting them to come over from Rajagaha.

## အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းတိုက် လှူနေပုံ

ဗုဒ္ဓမြတ်စွာသည် ပထမဝါကျွတ်၍ ရာဇဂြိုဟ်မြို့သို့ ရောက်တော်မူစဉ် အနာထပိဏ်သူဌေးသည် ကူးသန်းရောင်းဝယ်ရေးကိစ္စဖြင့် သာဝတ္ထိမှ ရာဇဂြိုဟ်သို့ ရောက်လာလေရာ ဘုရားရှင်ပွင့်တော် မူကြောင်းကို ကြားရ၍ ညဥ့်ကာလ၌ပင် ဗုဒ္ဓအထံ သွားလိုသော်လည်း အခွင့်မရသဖြင့် ဗုဒ္ဓကိုစိတ်စွဲသဖြင့် အိပ်မပျော်တပျော် ရှိနေရာဝယ် သူ၏ကိုယ်မှ ထွက်သော အရောင်ကြောင့် လင်းပြီဟုထင်ကာ ဘုရားထံသို့ ထွက်လာခဲ့လေသည်။

ဘုရားထံရောက်၍ သောတာပန်တည်ပြီးသောအခါ သာဝတ္ထိသို့ ချက်ချင်းပြန်လာ၍ ကျောင်းတိုက်နေရာသို့ ရှာလေရာ သွားလမ်းပြန်လမ်းကောင်း၍ မနီးမဝေးလွန်းလှသော လွန်စွာဆိတ်ငြိမ်သော ဇေတမင်းသား၏ ဥယျာဉ်ကို မြေကွက်ရှိသမျှ ငွေပြားချင်းထိစပ်အောင် ခင်း၍ဝယ်ယူပြီးလျှင် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးသောအခါ သံဃာတော်များစွာနှင့် ဘုရားရှင်ကို ရာဇဂြိုဟ်မှ ပင့်၍ လှူဒါန်းလေသည်။

## VENERABLE MOGGALLANA TAMING THE KING OF RAGONS, NANDOOPANANDA



Nandopananda, king of the dragons, was dwelling on Mount Meru in magnificent splendout and luxury like a god. He was full of anger. One day while he was in the midst of his pleasures surrounded by dancing female dragons, the Buddha, together with a retinue of monks with supernatural powers, traveled by air to Tavatimsa heaven and passed over their heads. This made the king of the dragons very angry, and he coiled his body round Mount Meru and Tavatimsa heaven covered them. In the midst of their aerial journey, the holy monks could not see Tavatimsa heaven which was covered by the dragon – king. They knew this and asked the Blessed One to allow them to them him, but did not get the permission. Only the Veneranle Moggallana got the permission when he requested the Buddha. He then turned himself into a dragon, with a body much larger than that of dragon-king, and coiling himself round the dragon-king’s body, began to crush him down. By this and other means he tamed the dragon-king and taught him a good lesson. He then brought him to the Blessed On e and made him take refuge in the triple gem, namely, the Doctrine and the Order of Monks.

## နန္ဒောပနန္ဒ နဂါးမင်းကို အရှင်မောဂ္ဂလာန် ဆုံးမတော်မူပုံ

နန္ဒောပနန္ဒနဂါးမင်းသည် နတ်မင်းအလား ကြီးကျယ်ခမ်းနားလှစွာသော စည်းစိမ်ဖြင့် မြင့်မိုရ်တောင်၌နေ၏။ လွန်စွာလည်း ဒေါသကြီး၏။ တစ်နေ့သ၌ ကချေသည် နဂါးမအပေါင်းခြံရံကာ စည်းစိမ် ခံစားနေစဉ် ဘုရားရှင်သည် တန်ခိုးကြီးရဟန်းတော်များနှင့်အတူ နဂါးမင်း၏ အထက်ကောင်းကင်မှ တာဝတိံသာသို့ ကြွတော်မူလေသော် နဂါးမင်းသည် ပြင်းထန်စွာဒေါသထွက်၍ မြင့်မိုရ်တောင်နှင့် တာဝတိံသာကို ရစ်ပတ်ဖုန်းအုပ်ထားလေသည်။

လမ်းခုလပ်သို့ ရောက်သောအခါ တာဝတိံသာကို မမြင်ရသဖြင့် နဂါးမင်းဖုံးအုပ်ထားကြောင်းကို သိကြသော ရဟန်းတော်တို့သည် နဂါးမင်းကို ဆုံးမရန် ခွင့်တောင်းကြသော်လည်း ခွင့်မရဘဲ အရှင်မောဂ္ဂလာန်တောင်းမှ ခွင့်ရလေသည်။ အရှင်မောဂ္ဂလာန်သည် နဂါးထက်ကြီးသော ကိုယ်ကိုဖန်ဆင်း၍ နဂါးအထက်က ရစ်ပတ်ဖုံးအုပ်ကာ ဖိ၍ညှပ်ခြင်းစသည်ဖြင့် နှံနာအောင်ဆုံးမပြီးမှ ဘုရားထံခေါ်လာ၍ ရတနာသုံးပါးကို ကိုးကွယ်စေလေသည်။

## THE BUDDHA CAUSING BAKA BRAHMA, A HIGHER GOD, TO CHANGE HIS WRONG VIEWS



Baka Brahma was the chief of the first realm of higher gods. He was of the view that his realm was the highest and that he himself and his realm were everlasting, not knowing that there were higher realms above his own. The Blessed One visited the Brahma world and in the midst of and assembly of higher gods pointed out to Baka Brahma, "There are realms of higher gods above yours. The whole Brahma world of higher gods including your realm is not permanent". Then the Blessed One continued his discourse to Baka Brahma by saying, "I know how you have come into being and what your powers are. But there are higher gods superior to you in status and power". Finding that all his views were wrong, Baka wished to show his own powers and said, "I will make myself invisible". He made several attempts to become invisible, but without success. The Blessed One then said, "I will now show you that I can make myself invisible", and instantly the Buddha disappeared from view and preached to him a sermon while remaining invisible.

## မိစ္ဆာအယူရှိနေသော ဗကပြဟ္မာမင်းကို ဘုရားရှင် ချွတ်တော်မူပုံ

ဗကမည်သော ပြဟ္မာကြီးသည် ပထမဈာန်ဘုံ၌ ပြဟ္မာကြီးဖြစ်သူတည်း။ သူသည် အထက်၌ ပြဟ္မာဘုံများ ရှိသေးကြောင်းမသိ၍ သူ့ဘုံကိုပင် ထိပ်ဆုံးဟုထင်မှတ်ကာ သူနှင့်တကွ ဘုံဌာနကိုလည်း နိစ္စအမြဲတည်၏-ဟု အယူရှိနေ၏။ ဗုဒ္ဓသည် ပြဟ္မာပြည်သို့ ကြွတော်မူ၍ ပြဟ္မာပရိသတ်အလယ်၌ သူ့ အား ဤဘုံဌာနထက်သာလွန်သော အထက်ဘုံဌာနတွေ ရှိသေးကြောင်း ဤဘုံနှင့် ပြဟ္မာတွေပါ မမြဲနိုင်ကြောင်းကို မိန့်တော်မူလေသည်။

ထို့နောက် ဗကပြဟ္မာမင်းကိုပင် "သင်၏ဖြစ်ပုံ သင်၏တန်ခိုးကြီးပုံကို ငါသိသည်၊ သင့်ထက်တန်ခိုးကြီးသော အထက်ပြဟ္မမင်းများ ရှိသေးသည်"ဟု မိန့်တော်မူရာ သူယူထားသမျှအမှားချည်းဖြစ် နေသောကြောင့် တန်ခိုးပြသည့်အနေဖြင့် ကိုယ်ဖျောက်ပြမည်-ဟု ပြော၍ကိုယ်ဖျောက်လေလျှင် မပျောက်နိုင်ဘဲဖြစ်နေသောကြောင့် ဘုရားက ကိုယ်ဖျောက်ပြပြန်ရာ ထိုနေရာမှာပင် ပျောက်သွား၍ တရားဟော တော်မူလေသည်။

## THE BEKKHA AND THE VENERABLE ANANDA, WASHING A MONK SUFFERING FROM DYSENTERY



One monk was suffering from dysentery. As he did not wait upon others, there was no one to wait upon him. The Buddha, accompanied by the Venerable Ananda, went round inspecting the buildings of the monastery and saw the ailing monk sleeping in filth. Immediately the Blessed One sent the Venerable Ananda to fetch water and Himself poured water while the Venerable Ananda scrubbed and cleaned him. The Buddha and the Venerable Ananda thus did their duty of ministering to the sick. Having washed and cleaned the monk, the Blessed One held him by the head, while the Venerable Ananda took hold of his feet and placed him on a couch. The Buddha had the monks assembled and exhorted them thus:-“You have no parents nearby to wait upon you, and if you do not wait upon one another, who will do so?” And then the Blessed One admonished them as follows**:-**“Whosoever, Brethren, would wait upon me, he should wait upon the sick”.

## ဂိလာနရဟန်းအား ဗုဒ္ဓနှင့် ရှင်အာနန္ဒာတို့ ပြုစုတော်မူနေကြပုံ

ရဟန်းတစ်ပါးသည် ဝမ်းရောဂါဖြစ်နေ၏။ သူက သူများကို မပြုစုသောကြောင့် သူ့ကိုလည်း ပြုစုမည့်သူမရှိ။ ဗုဒ္ဓမြတ်စွာနှင့် ရှင်အာနန္ဒာ ကျောင်းတို့ကိုလှည့်လည် ကြည့်ရှုတော်မူစဉ်

ကျင်ကြီး ကျင်ငယ်ထဲ၌ လျှောင်းနေသော ထိုရဟန်းကို မြင်တော်မူရာ ရှင်အာနန္ဒာကို ရေအယူခိုင်း၍ ဗုဒ္ဓကိုယ်တိုင် ရေလောင်းပေးတော်မူလျှက် ရှင်အာနန္ဒာက ပွတ်တိုက် သုတ်သင်ကာ ဂိလာနဝတ်တရားကို ပြု လုပ်တော်မူကြလေသည်။

ထိုသို့ ဆေးကြောသုတ်သင်၍ သန့်စင်သောအခါ ဗုဒ္ဓမြတ်စွာသည် ဦးခေါင်းမှ ရှင်အာနန္ဒာသည် ခြေရင်းမှ ကိုင်၍ ညောင်စောင်းပေါ်၌ ချထားပြီးလျှင် ရဟန်းများကို ခေါ်စေတော်မူ၍ "သင်တို့မှာ ပြုစုမည့်မိဘတို့ အနီးအပါး၌ မရှိကြချေ၊ အချင်းချင်း မပြုစုကြလျှင် ဘယ်သူပြုစုမည်နည်း"-ဟု အပြစ်တင်တော်မူပြီးမှ "ငါဘုရားကို ပြုစုမည့်အစား မကျန်းမာ သူကိုသာ ပြုစုကြ"-ဟု ဩဝါဒပေးတော်မူလေသည်။

## CONVERSION BY THE BUDDHA OF ANGULIMALA, A ROBBER OF THE FOREST



Angulimala was the son of the King's Chaplain of the Savatthi City, and a student of the Taxila University. The teacher and his wife were very fond of him, as he was a brilliant, clever and faithful pupil. Unfortunately his associated grew jealous of him, made up a false story and succeeded in setting the teacher against him. The enraged teacher, suspecting him to have had an affair with his wife contrived to put and end to his life by ordering him to fetch a thousand fingers as a present in

return for the education he received. In obedience to the teacher, he took to the forest of Savatthi and started killing people to collect fingers for the necessary offering. Later he wore a garland of these fingers to ascertain the number-hence the name Angulimala. When he had collected 999 fingers, and was ready to complete the number he chased his own mother who came out to ask him to desist from killing. The Buddha saw this in advance and appeared on the scene to prevent him from killing his mother. He chased the Buddha to kill Him, but could not overtake Him on account of His supernatural power. He was eventually converted to the noble Doctrine of the Buddha and was admitted into the Order.

## အင်္ဂုလိမာလ တောပုန်းဓားပြကြီးကို ဗုဒ္ဓမြတ်စွာ ချွတ်တော်မူပုံ

အင်္ဂုလိမာလဆိုသူကား သာဝတ္ထိပြည် ပရောဟိတ် အမတ်၏သား တက္ကသိုလ်ပညာတော်သင် လုလင်တစ်ယောက် ဖြစ်၏။ သူသည် ဉာဏ်ထက်မြက်၍ ဝတ်ကျေသူလည်းဖြစ် သောကြောင့် ဆရာကြီး နှင့် ဆရာကတော်ကပါ အလွန် အချစ်ခံရသူတည်း။ သို့သော် တစ်ခြားကျောင်းသားတို့က ဆရာ ကြီးအား ဂုံးတိုက်ကြသောကြောင့် ဆရာကတော်နှင့် အထင်မှား ခံရရှာလေသည်။ ထို့ကြောင့် သူ့ကို သူများ သတ်၍ သေစေလို သော ဆရာကြီးသည် လူတစ်ထောက်ကို သတ်နိုင်မှ ပညာ အကျိုးရမည်-ဟု ပြော ဆိုစေခိုင်းလေသည်။

သူသည် သာဝတ္ထိပြည်နယ်မှာ တောပုန်းဓားပြလုပ်၍ တောသို့လာသူ လူများကိုသတ်ကာ လူ တစ်ယောက်လျှင် လက်တစ်ချောင်းဖြတ်၍ ပန်းလိုကုန်းထားသောကြောင့် အင်္ဂုလိ +မာလ-ဟုထင်ရှား ၏။ တစ်ထောင်ပြည့်ဖို့ တစ်ယောက်သာ လို သောနေ့၌ သားကိုတောင်းပန်ရန်ထွက်လာသော မိခင်ကို ပင် သတ်စရာမြင်သောကြောင့် တင်ကြို၍ကြွတော်မူလာသော ဗုဒ္ဓကိုလည်း သတ်ဖို့ရန်လိုက်လေသော် တန်ခိုးတော်ကြောင့် မမီနိုင်ဘဲ နောက်ဆုံး၌ တရားနာရ၍ ရဟန်းပြုရှာလေသည်။

## CINCA-MANAVIKA, A FEMALE ASCETIC, MAKING A FALSE A CCUSATION AGAINST THE BUDDHA



There dwelt in Savatthi city, a female ascetic called Cinca-manvika, who was as pretty as a goddess. The heretical teachers, who did not get enough alms and were envious of the Buddha attempted to destroy His reputation by setting her to make a false accusation against Him. She wrapped a scarlet shawl round her and pretended to pay visits to the Buddha at Jetavana Monastery at nightfall, though, as a matter of fact, she slept at the monastery of the heretical teachers, and at day break she entered the city as if she was coming back from the Buddha at Jetavana Monastery. In this way she caused doubts to arise in the minds of

devotees returning in the evening from the monastery after hearing a sermon from the Buddha, and those who were going there early in the morning to pay their respects to the Buddha. After a period of about nine months she placed a wooden knob against her stomach and tied it with and apron round her body to make it appear that she was big with child. Then she approached the Buddha who was preaching and mad a false and wicked accusation thus: “Why have you not prepared my confinement room?” The gods appeared as bit loose the apron round her body, when the knob of wood fell before the audience, and she was given a sound beating and driven away.

**စိဉ္စမာဏဝိကာ ပရိဗ္ဗိုဇ်မကလေး ဘုရားကို စွပ်စွဲနေပုံ**

သာဝတ္ထိမြို့ စိဉ္စမာဏဝိကာမည်သော ပရိဗ္ဗိုဇ်မသည် နတ်သမီးလေးပမာ လွန်စွာလှ၏။ တိတ္ထိ တို့သည် လာဘ်မရသဖြင့် လာဘ်ပေါသော ဗုဒ္ဓကို ချိုးနှိမ်ဖို့ရန် စိဉ္စမာဏကို စွပ်စွဲဖျက်ဆီးခိုင်းကြလေသည်။ စိဉ္စမာဏသည် ကြက်သွေးရောင်ခြုံထည်လေးကိုခြုံကာ နေဝင်ခါနီးမှာ ဇေတဝန်ကျောင်းသို့ သွားဟန်ဆောင်၍ တိတ္ထိတို့ကျောင်းမှာ အိပ်ပြီးလျှင် နံနက်စောစောမြို့သို့ဝင်ကာ ဇေတဝန်ကျောင်းမှ ပြန်လာဟန်ဆောင်လေသည်။

ဤနည်းဖြင့် ညနေတရားနာ၍ ပြန်လာသူ နံက်စောစော ဘုရားဖူးသွားသူတို့အား အထင်မှား စေပြီးလျှင် ကိုးလ ခန့်ကြာသော် သစ်သားဘုကို ဗိုက်မှာကပ်၍ အဝတ်ဖြင့်ပတ်ကာ ကိုယ်ဝန်ရှိဟန် ဆောင်လျက် ပရိသတ်အလယ်တွင် တရားဟောတော်မူနေသောဘုရားရှင်အား "မီးနေဆောင် မပြင်

ကောင်းလား” ဟု ဆဲဆိုစွပ်စွဲလာသည်ကို နတ်သားတို့က ကြွက်ဟန်ဆောင်လျှက် ကိုယ်ဝန်တုကို ကိုက်ဖျက်ချမှ အလိမ် ပေါ်၍ ၎င်းအား ရိုက်ပုတ်နှင်ထုတ်လိုက်ကြလေသည်။

**THE BUDDHA PREACHING TO KHEMA, QUEEN OF KING BIMBISARA**



The daughter of King Maddaraja of Sagala, by the name of Khema, was one of the queens of King Bimbisara. She was very pretty and being proud of her own beauty, had no wish to go to the Buddha, who was in the habit of preaching that "beauty is but skin deep". But she heard that Veluvana Park had been greatly improved and was looking so picturesque and pleasant that park where the Buddha was then in residence. King Bimbisara had told the attendants to see that the Queen should not come back without paying her respects to the Buddha. She dared not disobey the King and approached the Buddha before she left the Park. The Blessed One, with his superhuman power created a scene in which a woman, more handsome than the queen, was fanning him. The woman then becoming older and older, fell down through infirmity and began to moan. The queen was very much startled by the sight. The Buddha then

preached a sermon to her, and she became and Arahant and was admitted into the Holy Order of Nuns.

## ဗိမ္ဗိသာရမင်း၏ ခေမာမိဖုယားအား တရားဟောတော်မူပုံ

သာဂလပြည် မဒ္ဒရာဇ်မင်း၏ ခေမာမည်သော သမီးတော်သည် ဗိမ္ဗိသာရမင်းတရား၏ မိဖုယားတစ်ပါးဖြစ်၏။ အလွန်အဆင်းလှသဖြင့် အဆင်းမာန်ယစ်နေရကား ရုပ်အဆင်း၏ အပြစ်ကိုသာ ဟောတော်မူလေ့ရှိသော ဘုရားအထံသို့ သွားလိုစိတ်မရှိချေ။ သို့သော် ဝေဠုဝန်ဥယျာဉ်တော်ကြီး၏ ရှေးက ထက်သာယာပုံနှင့် နတ်အများပင်လာရောက်ရှုစားရပုံကို ကြားရ၍ သွားလိုသောဆန္ဒ ပြင်းပြရကား ဘုရားရှိရာ ဝေဠုဝန်ကျောင်းသို့ လာခဲ့လေသည်။

မင်းမြတ်ကလည်း ကျောင်းတော်ရောက်လျှင် ဘုရားရှင်ကိုမဖူးပဲ မပြန်ခဲ့စေနှင့်ဟု နောက်လိုက်တို့အား မှာထားလိုက်၏။ ထို့ကြောင့် မင်းအာဏာကြောက်၍ ပြန်ခါနီးမှ ဘုရားထံဝင်လေသော် သူ့ထက်အဆင်းလှအောင်ဖန်ဆင်းထားသော အမျိုးသမီးက ဘုရားအားယပ်ခတ်နေပုံ၊ တဖြည်းဖြည်း အိုသွားပုံ၊ အိုနာစွဲ၍လဲသွားပုံ၊ ညည်းနေပုံ ဖန်ဆင်းပြသဖြင့် အလွန်ထိတ်လန့်နေခိုက် တရားဟောတော်မူလေရာ ရဟန္တာဖြစ်၍ ဘိက္ခုနီပြုလေသည်။

**THE BUDDHA PREACHING THE SERMON OF PEACE FROM THE AIR TO PREVENT WAR BETWEEN KAPILA AND KOLIYA**



Rohin1 river lying between Kapilavatthu and Kokiya was the main source of water supply for these two cities to irrigate their lands for growing crops. At one time, when the crops became dry, the farmers from both cities went to draw water from the river when there was very little water and just enough left for them to take once only. A quarrel arose over it and there was an exchange of hot words touching the fair name of the Sakya clan. The Ministers including the one in charge of agriculture became so angry that they decided to settle this matter by battle and both sides sallied forth for a fight. The Buddha saw, with the eye of a Buddha, that there would be much blood -shed if the relatives of both sides engaged in battle. He, therefore, went alone and sat cross-legged in the air midway between the armed forces of both sides, who were all kinsmen, laid down their arms and paid homage to Him. The Buddha then admonished them by preaching a sermon of peace saying, “Are you going to destroy to destroy your priceless lives for the sake of a little bit of worthless water?”

## ကပိလနှင့်ကောလိယမြို့ စစ်ဖြစ်ကာနီးတွင် ကောင်းကင်မှ ငြိမ်းချမ်းရေးတရားဟောတော်မူ

ကပိလဝတ္ထုမြို့နှင့် ကောလိယမြို့တို့ အကြား၌ ရောဟိနီမြစ်ကိုမှီ၍ ကောက်စပါးစိုက်ကြ၏။ အခါတစ်ပါး၌ ကောက်ပင်များ ညှိုးနွမ်းသဖြင့် ထိုနှစ်မြို့သား လယ်သမားတို့သည် တစ်ကြိမ်ယူရုံမျှဖြင့် ကုန်ခမ်းစရာရှိသော မြစ်ရေကို သူ့ဘက်ကယူမည် ငါ့ဘက်ကယူမည်-ဟု ငြင်းခုံရာမှ အစပြု၍ မင်းမျိုးများကို ထိခိုက်ကြုံးဝါးလေရာ စိုက်ပျိုးရေးဝန်ကြီးများနှင့် မင်းကြီးတွေပါ မခံချင်ကြသဖြင့် ရေပြဿနာကို စစ်ဖြင့် ဆုံးဖြတ်ဖို့ရန် ထွက်လာကြလေသည်။

ဗုဒ္ဓမြတ်စွာသည် နှစ်ဘက်သော ဆွေတော်အပေါင်း၏ သွေးချောင်းစီးမည့်စစ်ပွဲကို မြင်တော် မူသောကြောင့် တစ်ပါးတည်း ကြွတော်မူ၍ နှစ်ဖက်စစ်တပ်၏ အလယ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော် မူလေသည်။ ထိုအခါ ဗုဒ္ဓကိုမြင်ရသဖြင့် လက်နက်ချ၍ ရှိခိုးနေကြသော ဆွေမျိုးတို့အား "အဖိုးမတန်သောရေကလေးအတွက် အဖိုးမဖြတ်နိုင်သော မင်းတို့၏ အသက်ကို ဖျက်ဆီးကြမလို့လား" ဟု အပြစ်တင်တော်မူကာ ငြိမ်းချမ်းရေးတရားကို ဟောတော်မူလေသည်။

**THE BUDDHA PREACHING TO KISA GOTAMI ASKING FOR MEDICINE FOR HER DEAD SON**



Kisa Gotam1 was the wife of a wealthy man of Savatthi worth 40 crores. She had and only son who died when he was just able to run about. She had never seen any death and thinking that her son was only ill, did not cremate him. In her distress she took him in her arms and went about asking for medicine. One wise man thought that no one but the Buddha would know of any, and sent her to Him. Kisa Gotam1 showed her dead son and asked the Buddha to give the medicine that would cure her boy. The Buddha answered: “I shall cure your boy if you get some mustard seeds from a house where no one has died”. Carrying her dead son, she wondered from door to door. But she could not find any house where on death had occurred. At last she began to learn the truth, “No house is free from death”. She went to a wood, laid her child there and returned to the Buddha, who comforted her by preaching to her the truth. She was established in the first holy stage of the Aryan Path, and was admitted into the Order of Nuns. She eventually became an Arahant.

## သားသေကို ဆေးကုလိုသော ကိသာဂေါတမီအား တရားဟောတော်မူပုံ

သာဝတ္ထိမြို့ ကုဋေလေးဆယ် ဥစ္စာကြွယ်သော သူဌေး၏ဇနီး ကိသာဂေါတမီမည်သော အမျိုးသမီးသည် သားဦးရတနာရ၍ မတ်တတ်သွားနိုင်သောအရွယ်မှာ သေဆုံးရှာ၏။ သတို့သမီးသည် လူသေကို မတွေ့ဘူးသောကြောင့် သားသေကိုပင် မကျန်းမမာဖြစ်နေသည်ဟုထင်ကာ မီးသင်္ဂြိုဟ်မပေးပဲ သားသေကိုပိုက်၍ ဆေးကုနိုင်မည့်သူကို ရှာနေစဉ် မြော်မြင်တတ်သောလူတစ်ယောက်၏ ညွှန်ပြမှုကြောင့် ဗုဒ္ဓထံသို့ ရောက်လာလေသည်။

ထိုအခါ သူ့သားသေကိုပြ၍ ဆေးကုပေးပါဟု တောင်းပန်လေရာ ဆေးကုပေးမည်၊ လူမသေ ဘူးသောအိမ်မှ မုန့်ညှင်းစေ့ကို ရှာချေဟုခိုင်းသဖြင့် သားသေလေးကိုပိုက်ကာ လိုက်၍ရှာလေသည်။ ထိုသို့ရှာစဉ် လူမသေဘူးသော အိမ်ကို မတွေ့ရသောကြောင့် သေခြင်းဆိုတာ ဘယ်အိမ်မှာမှ မကင်းပဲ့လားဟု သူ့ဘာသာ နားလည်လာ၍ သားသေကို တော၌ စွန့်ပစ်ခဲ့ပြီးလျှင် ဘုရားရှင်ထံ တရားနာပြန်ရာ သောတာပန်တည်၍ ဘိက္ခုနီပြုကာ ရဟန္တာဖြစ်လေသည်။

**THEBUDDHA TAMING ALAVAKA, THE DEMON-GOD, WITH A SERMON ON LOVING-KINDNESS**



There stood a giant banyan tree at a distance of a little more than three miles from Alav1 city. Alavaka, the demon-god had his dwelling in that tree. One night Alavaka was attending a meeting of gods at the Himalayas, when the Buddha entered his dwelling in order to tame this cruel monster. The door-keeper of the dwelling, a deity, paying homage to the Buddha, said, “May I go and seek permission from Alavaka for you to enter his dwelling?” So saying, he went to the meeting of gods to get the permission. At that moment, Alavaka who had to keep his anger in check became furious when he heard from other gods about the arrival of the Buddha at his dwelling. He left the meeting at once and jumped on to the dizzy heights of Kelasa Mountain, and shouted out this challenge: “Alavaka am I!” Then throughout the night of he flung all sorts of weapons at he Blessed One who was not hurt at all because of his infinite power of loving-kindness. Then Alavaka approached the Buddha who tamed him peacefully with a sermon on Loving-Kindness.

# အာဠာဝကနတ်ဘီလူးအား မေတ္တာဖြင့်ဆုံးမ၍ တရားပြတော်မူပုံ

အာဠဝီမြို့၏အနီး တစ်ဂါဝုတ်ခန့်ဝေးသော အရပ်၌ ညောင်ပင်ကြီး တစ်ပင်ရှိ၏။ ထိုညောင်ပင်၌ အာဠာဝက နတ်ဘီလူး၏ ဘုံဗိမာန်ရှိ၏။ တစ်ညဉ့်သ၌ အာဠာဝကသည် ဟိမဝန္တာ နတ်အစည်းအဝေးကိုသွား၏။ ထိုအချိန်မှာပင် ဗုဒ္ဓ မြတ်စွာသည် အာဠာဝကနတ်ကြမ်းကို ဆုံးမဘို့ရန် ဗိမာန် တွင်းသို့ဝင် တော်မူလေရာ ဘုရားကို ကြည်ညိုနေသော တံခါး စောင့် နတ်သည် "အာဠာဝကထံ တိုင်ပါရစေ"ဟု ခွင့်ပန်ကာ အစည်းအဝေးသို့သွား၍ တိုင်ကြားလေသည်။

ထိုအချိန်က ဒေါသကို ချုပ်တည်းထားရသော အာဠာဝကသည် အခြားနတ်မင်းတို့ထံမှ မိမိဗိမာန်၌ ဘုရား ရောက်နေကြောင်း ကြားရပြန်သဖြင့် ချက်ချင်းအစည်းအဝေး မှထွက်၍ ကေလာသ တောင်ထွဋ်သို့ ခုံတက်ကာ "ငါဟဲ့ အာဠာဝကတဲ့" ဟု ကြုံးဝါးလေသည်။ ထို့နောက် တစ်ညလုံး လက် နက်မျိုးစုံဖြင့် ပစ်ခတ်လေသော်လည်း ဗုဒ္ဓ၏ မေတ္တာ ကြောင့် မထိနိုင်ဘဲ အနားသို့ ချဉ်းကပ်လာသော အာဠာဝက အား တရားပြ၍ အေးမြစွာ ဆုံးမတော်မူလေသည်။

**THE BLESSED ONE TAMING NALAGIRI ELEPHANT WHICH WAS SENT TO CRUSH HIM**



After the death of King Bimbisara, Devadatta made several attempts to kill the Buddha, but he was not successful. So he went to the elephant-keepers and said to them. “Venerable Theras like us who are recognized by the King can use our influence to get you promotion in your service. Therefore, you had better carry out my instructions If the Venerable Gotama should pass this way, set the full grown male elephant, Nalagiri, upon Him”. Nalagiri was a very ferocious elephant which used to gore men to death. The Blessed One, with his retinue of holy monks, was coming into the city of Rajagaha on his alms-round, when the elephant-keepers, desirous of gaining promotion in service, set the full-grown elephant in the direction of the direction to the Buddha. The Blessed One stood where he was and sent out his thought of loving-kindness towards the elephant Nalagiri, which was running towards him to crush in down. When the elephant came near the Buddha, it stood quietly before Him listening to the words of advice uttered by Him.

## ဘုရားအား နင်းဖို့ရန် လွှတ်လိုက်သော နာဠာဂီရိဆင်ကို ဘုရားရှင် ဆုံးမတော်မူပုံ

ဒေဝဒတ်သည် ဘုရားကျောင်းဒကာ ဗိမ္ဗိသာရမင်း ကွယ်လွန်ပြီး၍ ဘုရားကိုသတ်ဖို့ရန် အမျိုး မျိုးကြံပါသော်လည်း အထမမြောက်နိုင်ဘဲရှိလေရာ တစ်နေ့သောအခါဝယ် ဆင်ထိန်း တို့ အထံသို့ သွား၍ မင်းအသိအမှတ်ပြုသော ဆရာတော် များဆိုတာ ရာထူးနိမ့်နေသူကို ရာထူးတိုးမြှင့်အောင် တတ်နိုင် ကြတယ်၊ ဒါ့ကြောင့် ငါစေခိုင်းတာကို လုပ်ကြ၊ ရှင်ဂေါတမ ဒီလမ်းကလာတဲ့အခါ နာဠာဂီရိဆင်ပြောင် ကို လွှတ်လိုက်ကြ ဟုစေခိုင်းလေသည်။

နာဠာဂီရိဆင်ကြီးကား အလွန်ကြမ်း၍ လူကိုထိုးသတ် လေ့ရှိ၏။ ဗုဒ္ဓမြတ်စွာသည် ရဟန်းတော် များနှင့်အတူ ရာဇဂြိုဟ် မြို့သို့ ဆွမ်းခံဝင်လာသောအခါ ရာထူးတိုးလိုသော ဆင်ထိန်းတို့ သည် ဆင်းကြီးကို ဘုရားရှင်ဆီသို့ လွှတ်ပေးကြလေသည်။ ဘုရားရှင်ကလည်း နင်းမည်ဟုပြေးလာနေသော ဆင်ကြီး အပေါ်မှာ မေတ္တာဖြန့်လျှက် ရပ်တန့်တော်မူနေလေသော် ဆင်ကြီးသည် ဗုဒ္ဓရှေ့တော်၌ ငြိမ်သက်စွာ ရပ်ကာ အဆုံးအမ ကို နားစိုက်နေလေသည်။

## PARINEBBANA (DEATH) OF THE BUDDHA IN THE SALA GROVE OF KUSINARA STATE



From His 35th years, the date of His Enlightenment, the Buddha's successful ministry lasted 45 years. When He attained His 80th years the Buddha had an attack of dysentery and lay down on a couch with its head to the north between twin sal-trees in the Sala Grove of Kusinara State. Men, higher and lower gods and monks were gathered, in large number, near the Blessed One in respectful adoration. Though he was very weak and weary, the Buddha was still addressing those present with words of exhortation. After addressing them the whole night the Blessed One spoke His last words, when it was nearing dawn, as follows: - "Behold, O disciples, I exhort you. Subject to decay are all conditioned things. Strive on with heedfulness". The Buddha then attained the Ecstasies and arrived at the cessation of perception and sensation, and finally the Blessed One passed away; and there was an earthquake to mark His death.

## ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်ဝယ် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပုံ

၃၅-နှစ်အရွယ် ဘုရားဖြစ်၍ ၄၅-ဝါ ကာလကြာအောင် တရားတော်ကို ဟောပြလျှက် သက်တော်(၈၀)ပြည့် သောအခါ ၌ ဗုဒ္ဓမြတ်စွာသည် ဝမ်းတော်လားသောရောဂါဖြင့် ကုသိနာရုံ ပြည် အင်ကြင်း ဥယျာဉ်တော်ဝယ် နှစ်သွယ်သော အင်ကြင်း ပင်တို့အလယ် ညောင်စောင်းငယ်၌ မြောက်ဘက်သို့ ဦးခေါင်း ပြုကာ လျှောင်းတော်မူနေ၏။ လူနတ်ပြဟ္မာနှင့် သံဃာတော် အများလည်း အနီးအပါး၌ ငြိမ်သက်စွာ ဖူးမြော်နေကြလေ သည်။

ဗုဒ္ဓမြတ်စွာသည် အားတော်လွန်စွာနည်းလျှက်ပင် ဩဝါဒစကား မိန့်ကြားတော်မူနေသေး၏။ တစ်ညလုံး ဩဝါဒ ပေးတော်မူပြီး၍ အရုဏ်တက်ခါနီးသော် "အကြောင်းရှိ၍ ဖြစ်ရ သော သင်္ခါရဟူသမျှ ပျက်ခြင်းသဘောရှိ၏။ သတိတရားဖြင့် အကျင့်သိက္ခာကို ပြည့်စုံစေရစ်ကြ" ဟု နောက်ဆုံးဩဝါဒကို ပေးတော်မူပြီး၍ ဈာန်ဝင်စားလျှက် ငြိမ်သက်တော်မူနေရာမှ စိတ်တော်အစဉ်ရပ်စဲကာ ပရိနိဗ္ဗာန် စံတော်မူလေရာ ကမ္ဘာမြေ ကြီးသည် တုန်ဟီးရှာလေသည်။